# 300 Proverbs

# နိုင်ငံတကာ စကားပုံများ

ခင်မောင်တိုး(မိုးမိတ်)

by Dr. B James

# ခင်မောင်တိုး (မိုးမိတ်)

အမည်ရင်း ဦးခင်မောင်တိုး။ ရှမ်းပြည်နယ်မြောက်ပိုင်း၊ မိုးမိတ်မြို့တွင် ၁၉၃၇ ခုနှစ်၊ ဇူလိုင် ၇ ရက်နေ့တွင်မွေးဖွား။

မိဘနှစ်ပါးမှာ ဦးသာဗျော့နှင့် ဒေါ်ဒေါ်မှုန် ဖြစ်။ မိုးမိတ်မြို့ အစိုးရ အထက်တန်းကျောင်းတွင် သူငယ်တန်းမှ ၈ တန်းအောင်သည်အထိ သင်ယူခဲ့၊ မန္တလေးမြို့ တိုင်းချစ် အလွတ်ပညာသင် အထက်တန်းကျောင်းမှ ၁၉၅၇ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့။

ရန်ကုန်တက္ကသိုလ်တွင် ဥပစာဝါဏိဇ္ဇတန်း အောင်သည်အထိ ပညာ သင်ယူခဲ့။ ၁၉၆၃ ခုနှစ်တွင် တောင်ငူမြို့၊ သမ္မတ အလွတ်ပညာသင် အထက်တန်းကျောင်း ကျောင်းအုပ်ရာထူးဖြင့် အင်္ဂလိပ်ဘာသာကို သင်ပြခဲ့။

၁၉၆၆ ခုနှစ်၊ အလွတ်ပညာသင်ကျောင်းများကို ပြည်သူပိုင်သိမ်းပြီး နောက်ပိုင်းနှစ်မှစ၍ ၁၉၈၃ ခုနှစ်အထိ အင်္ဂလိပ်စာ ကျူရှင်ဆရာအဖြစ် အသက်မွေးခဲ့၊ ကျူရှင်ဆရာအဖြစ် အသက်မွေးနေသည့်အတွင်းမှာပင် ဝတ္ထုတို များကိုရေးသားကာ မဂ္ဂဇင်းတိုက်များသို့ ပို့ခဲ့။ ပထမဆုံးဝတ္ထု “အဖြေနှစ်ခု” ကို ၁၉၇၅ ခုနှစ်၊ ဖွန်လထုတ် ငွေတာရီ မဂ္ဂဇင်းတွင် ဖော်ပြခဲ့။ သည့်နောက် မိုးဝေ စာပေမဂ္ဂဇင်းတွင် ဝတ္ထုတိုများ ဆက်တိုက်ရေးခဲ့။

၁၉၈၃ ခုနှစ်တွင် ပညာရေးလောကမှ ထွက်ခွာကာ စာပေလောကထဲ ဝင်ရန် ရန်ကုန်သို့ ပြောင်းရွှေ့လာခဲ့။

ယခုအချိန်အထိ ပင်ကိုယ်ရေး ဝတ္ထုတိုများ၊ ဘာသာပြန် ဝတ္ထုတိုများ၊ ဆောင်းပါးများ၊ ဘာသာပြန်လုံးချင်းများ၊ ဘာသာပြန်ဟာသ အတိုအထွာများနှင့် ဘာသာပြန် ပုံပြင်များကို ရေးသားထုတ်ဝေလျက်ရှိ။

■

ပုံနှိပ်မှတ်တမ်း
စာမူခွင့်ပြုချက်အမှတ် - ၂၅၀/၉၉ (၄)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၃၆/၉၉ (၈)

■

ပုံနှိပ်ခြင်း
အုပ်ရေ - ၁၀၀၀
ပထမအကြိမ် - ၁၉၉၉၊ ဒီဇင်ဘာ

■

မျက်နှာဖုံးပုံနှိပ်သူ
ဦးမင်းဟန် (၀၄၁၅၄)၊ မင်္ဂလာသောင်းပုံနှိပ်တိုက်
အမှတ် ၇၅၊ ၄၃ လမ်း၊ ဗိုလ်တထောင်၊ ရန်ကုန်။

■

အတွင်းပုံနှိပ်သူ
ဦးတင်အောင်ဝင်း (၀၃၃၀၉)၊ ဘိုးရာဇာ ပုံနှိပ်တိုက်
အမှတ် ၁၆၂၊ ၄၅ လမ်း၊ ရန်ကုန်။

■

ထုတ်ဝေသူ
ဒေါ်ရွှေအိမ် (၀၁၂၉၉)၊ တိုင်းလင်းစာပေ
အမှတ် ၈/၆၅၊ အုပ်စု ၃၊ အောင်သိဒ္ဓိလမ်း၊
စော်ဘွားကြီးကုန်း၊ အင်းစိန်။

■

ကွန်ပျူတာစာစီ
အေးမြတ်မိုး ကွန်ပျူတာ
အမှတ် ၂၁၊ အသောကလမ်း၊ တာမွေ။ ဖုန်း-၅၄၅၃၂၃

■

စာအုပ်ချုပ်
ပန်ဒါ စာအုပ်ချုပ်လုပ်ငန်း
အမှတ် ၁၆၂၊ ၄၅ လမ်း၊ ရန်ကုန်။

■

မျက်နှာဖုံးဒီဇိုင်း
ကျော်ခိုင်

■

တန်ဖိုး
၂၇၅-ကျပ်

အရုဏ်ကောင်းကင်စာအုပ် (၁၅)

# နိုင်ငံတကာစကားပုံများ

ခင်မောင်တိုး (မိုးမိတ်)

# 3000 PROVERBS

**Dr. B. James**

အရုဏ်ကောင်းကင် စာအုပ်တိုက်
အမှတ် ၅၂/၅၄၊ ဒေါ်သိန်းတင်လမ်း
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်
ဖုန်း-၂၈၇၄၃၁။

# မြန်မာပြန်သူ၏ အမှာ

နိုင်ငံတကာ စကားပုံများ (3000 Proverbs) စာအုပ်ကို ပြုစုသူမှာ Dr. B. James ဖြစ်ပါသည်။ တကယ့် ပညာရှင်ကြီး၏ တန်ဖိုးကြီးမားလှသော အသီးအပွင့်တစ်ခု ဖြစ်ပါသည်။ အပေါ်ယံ ရှုပ်၍ ဖတ်ကြည့်လိုက်သည့်အခါ လွယ်မယောင် ထင်ရ၏။ သို့သော် တကယ် ဘာသာပြန်မည် လုပ်သောအခါ မျက်လုံးပြူးရ တော့၏။ မီးခဲပေါ် ထိုင်မိလိုက်သလိုပင်။ ထခုန်လိုက်ရ၊ ရှူးရှူး ရှဲရှဲ ဖြစ်လိုက်ရ၊ ဟိုပုဂ္ဂိုလ်ဆီ ပြေးလိုက်ရ၊ သည်ပုဂ္ဂိုလ်ထံ ချဉ်းကပ်လိုက်ရ။

ပညာရှင်ကြီး၏ မူရင်းအရေးအသား၌ အမှားအယွင်း ကင်းစင်သည်မှာ သံသယရှိစရာ မလိုပါ။ သို့သော်. . . ပုံနှိပ်ရာ တွင် အမှားအယွင်း ဖြစ်သွားစရာရှိသော အမှားအယွင်းမျိုး ကလည်း အနည်းငယ် ပါဝင်နေသဖြင့် တချို့ နေရာများတွင် ဘာဆိုလိုမှန်း မသိ။ အတော် ဦးနှောက်ခြောက်ရပါ၏။

တကယ်တော့ စကားပုံ ၃၀၀၀ စာအုပ်သည် စကားပုံစစ်စစ် များသာ ပါဝင်သည့်စာအုပ် မဟုတ်။ ကောက်နုတ်ချက်များ၊ ဆုံးမစာများ၊ နီတိများ၊ ဆိုရိုးများ အစုံပေါင်းစပ်ထားသော စာအုပ် ဖြစ်သည်။ ထို့ကြောင့် မြန်မာစကားပုံ စာအုပ်များ၊ တခြားသော အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော စကားပုံ စာအုပ်များကို ရှာဖွေရပါ၏။ သို့သော်. . . စကားပုံ ၃၀၀၀ ထဲမှာ ပါဝင်နေ သည့် စကားပုံများနှင့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍ သော်လည်းကောင်း အဓိပ္ပာယ် ကောက်ယူနိုင်သော စကားပုံမျိုး တွေ့နိုင်သည်က ခပ်ရှားရှားပင်။

လူမျိုးနှင့် စရိုက်သဘာဝ မတူတာတွေလည်း အများကြီး ပါ၏။ ထို့ကြောင့် သင့်တော်သလို အပြောင်းအလဲ လုပ်ရသည်များ ရှိပါသည်။ လောကနယ်ပယ် အတော်များများမှ သိမှတ်စရာ၊ ဆင်ခြင်စရာ၊ သင်ခန်းစာယူစရာတွေ စုပြုံရောနှောနေသည်မို့လည်း ကျွန်တော့်အနေဖြင့် လောကစုံဖို့၊ နယ်စုံဖို့ လိုအပ်လာပြန်၏။ သို့သော် . . . . ကျွန်တော် အတတ်နိုင်ဆုံး ကြိုးစားထားပါသည်။

လောကမှာ အပြစ်လုံးဝကင်းစင်သည့် အရာဟူ၍ ရှိနိုင်ခဲလှ၏။ ကျွန်တော် အပြစ်ကင်းစင်လိုပါ၏။ ထို့ကြောင့် ကျွန်တော့်ထက် အတွေ့အကြုံများသူများ၊ ပိုမို တတ်ကျွမ်းသူများထံ ချဉ်းကပ်၍ အားမနာတမ်း အကူအညီ တောင်းရပါသည်။ ယင်းသို့ အကူအညီတောင်းရာတွင် လိုလိုလားလား၊ စိတ်ပါလက်ပါ၊ ရယ်ရယ်မောမော အကူအညီပေးလေသူ ကျွန်တော့် အန်ကယ် ဦးအောင်မြင့် (BA ; BL ; ဗဟို တရားရုံးရှေ့နေကြီး) ကိုလည်းကောင်း၊ ကိုးကားစရာ စာအုပ်များကို အပတ်တကုပ် ရှာဖွေပေးသူ ကျွန်တော့်မိတ်ဆွေ ကိုမြင့်အောင် (သုတေသီ) ကိုလည်းကောင်း အထူး ကျေးဇူးတင်ရမည် ဖြစ်ပါသည်။

ကျွန်တော်ကမူ ချွတ်ချော်တိမ်းစောင်းမှု တစ်စုံတစ်ရာ မပါရှိရအောင် တတ်နိုင်သမျှ အားထုတ်ခဲ့ပါပြီ။ သို့ရာတွင် . . . ချွတ်ချော် တိမ်းစောင်းမှု တစ်စုံတစ်ရာ ပါရှိသွားပါက မြန်မာပြန်သူ ကျွန်တော့်ညံ့ဖျင်းမှု၊ အသိမကြွယ်ဝမှုကြောင့်သာ ဖြစ်ကြောင်း ဝန်ခံအပ်ပါသည်။

အမှားမြင်နိုင်ဖို့၊ အမှားပြင်နိုင်ဖို့ စေတနာကောင်းဖြင့် အမှန်ကို ညွှန်ပြပေးမည့် အသိပညာရှင် မှန်သမျှကို ကျွန်တော် ထာဝရ ကြိုဆိုနေမည်၊ ကြည်ညိုလေးစားနေမည်သာ ဖြစ်ပါသည်။ ။

လေးစားချစ်ကြည်စွာဖြင့်

**ခင်မောင်တိုး (မိုးမိတ်)**

## A

### A-Birding

He that feareth every bush must never go a-birding.

ချုံပုတ်ကို လန့်နေရင် ငှက်ပစ်မထွက်နဲ့။

(တောမတိုးရဲ အမဲမလိုက်နဲ့)

### A-Borrowing

Who goes a-borrowing goes a-sorrowing.

တစ်ခါချေး၊ တစ်ခါစိတ်မကောင်းဖြစ်ရ။

### Above

Truth and oil are ever above.

အမှန်တရားနဲ့ ဆီဟာ အပေါ်မှာပဲ အမြဲနေတယ်။

### Absent

The absent are always in the wrong.

အမှားလုပ် ငုပ်ကောင်ဖြစ်။

**Abundance**

Abundance of law breaks no law.

ဥပဒေစိုးမိုး၊ ဥပဒေမချိုး။

Abundance of money ruins the youth.

ငွေပေါတော့ လူပျက်။

**Accident**

Accidents will happen in the best regulated families.

အကြပ်မတ်တော်တဲ့ မိသားစုမှာတောင် ပြဿနာပေါ်နိုင်တယ်။

**Account**

He that gains well and spends well needs no account.

ရအောင်ရှာ၊ စနစ်တကျသုံးသူအဖို့ စာရင်းစာအုပ် မလို။

**Accused**

Never ask pradon before you are accused.

အစွပ်စွဲမခံရသေးခင် မတောင်းပန်ပါနဲ့။

**Accuser**

A guilty conscience needs no accuser.

အပြစ်ရှိတယ်လို့ ထင်နေသူအတွက် အပြစ်ရှာမယ့်သူမလို။

**Acquaintance**

Have but a few friends, though many acquaintances.

ခင်သူ သိန်းသောင်း၊ မိတ်ကောင်း ရှာဆယ်။

**Acquittance**

Forbearance is no acquittance.

သည်းခံတိုင်း ခွင့်လွှတ်တယ် မထင်နဲ့။
(ငြိမ်နေတိုင်း ကြောက်တယ်မထင်နဲ့)

**Action**

Actions speak louder than works.
ပြောမနေနဲ့၊ အလုပ်နဲ့ သက်သေပြ။

**Admonish**

Admonish your friends in private, praise them in public.
မိတ်ဆွေများ မှားနေရင် နှစ်ကိုယ်ကြားပြော၊ ချီးကျူးချင်ရင် လူပုံအလည်မှာ ချီးကျူး။

**Advance**

To maintain is also to advance.
လက်ရှိအခြေအနေကို ထိန်းထားနိုင်ရင် တိုးတက်တယ်လို့ ဆိုရမယ်။

Not to advance is to go back.
ရှေ့မတိုးနိုင်ရင် နောက်ပြန်ဆုတ်ဖို့ပဲ။

**Adversity**

Adversity is the Touchstone of life.
အခက်အခဲဆိုတာ ဘဝမှတ်ကျောက်။

Adversity makes a man wise, not rich.
အခက်အခဲဟာ လူတစ်ယောက်ကို မချမ်းသာစေဘူး၊ အသိအလိမ္မာ ကြွယ်စေတယ်။

**Advice**

If you wish good advice, consult an old man.
အကြံကောင်း၊ ဉာဏ်ကောင်းရလိုချင် လူအိုနဲ့တိုင်ပင်။

We may give advice but we cannot give conduct.

အကြံပေးလို့ ရတယ်၊ လုပ်ပေးလို့မရ။

Good advice is beyond price.

အကြံကောင်း၊ ဉာဏ်ကောင်းဟာ တန်ဖိုးဖြတ်လို့မရ။

Advice to all: but be security for none.

အားလုံးကို အကြံပေးပါ၊ ဒါပေမယ့် ဘယ်သူ့ကိုမှ အာမ,မခံနဲ့။

Take your wife's first advice and not her second.

သင့်ဇနီးရဲ့ ပထမအကြံကိုလက်ခံ၊ ဒုတိယအကြံကို လက်မခံနဲ့။

**Affirmative**

Two negatives make an affirmative.

အနှုတ်လက္ခဏာနှစ်ခုဟာ အပေါင်းလက္ခဏာတစ်ခုပဲ။

**Afraid**

Afraid of his own shadow.

ကိုယ့်အရိပ် ကိုယ်ကြောက်။ (ဂျီအီးဂျီလန့်)

He that is afraid of wounds, must not come nigh a battle.

ဒဏ်ရာနဲ့ သွေးကိုလန့်ရင် တိုက်ပွဲနားမလာနဲ့။

The experienced are afraid where ignorants are bold.

အတွေ့အကြုံများတော့ ကြောက်တတ်တယ်၊ အတွေ့အကြုံရှားတော့ ရဲတယ်။ (မျက်ကန်း တစ္ဆေမကြောက်)

**After**

Scorn at first makes after-love the more.

အညိုးကြီး အချစ်ကြီး၊ အငြိုးပြေစ ချစ်မိုးစွေကျ။

**Age**

Reckless youth makes rueful age.

ငယ်ကရမ်း၊ ကြီးမှမှုတ်။

**Agree**

They agree like bells; they want nothing but hanging.

ဝေလေလေအော်သူများ ရေသာခိုတတ်တယ်။

Agree generally but differ to be friendly.

လိုက်လိုက်လျောလျောတော့ လုပ်ပါ။ ပြောသင့်တာလည်း ပြောပါ။

**Ale**

When ale is in, wit is out.

အရက်သောက်၊ အသိဉာဏ်ပျောက်။

**All**

The sun shines upon all alike.

နေကျတာ မျှတပါတယ်။

(နေရောင်ခြည်ဟာ နေရာတိုင်းမှာ အတူတူကျတယ်)

When all men say you are an ass, it is time to bray.

မြည်းဖြစ်မှတော့ ဟီရပေမပေါ့။ (ချော်လဲရောထိုင်)

All truths are not to be told.

အမှန်တရားအားလုံးကို ထုတ်မပြောနဲ့။

All men cannot be masters.

ယောကျ်ားတိုင်း အရှင်သခင်မဟုတ်။

Patience, money and time bring all things to pass.

စိတ်ရှည်မှု၊ အချိန်၊ ငွေ အားလုံးကို ကုစားသွားပါလိမ့်မယ်။

**Alloy**

No joy without alloy.

စိတ်ကောက်တာလေးကိုက အရသာ။

**Alms**

Alms never make poor.

လှူလို့ မမွဲနိုင်။

**Alone**

Better be alone than in bad company.

မကောင်းတဲ့ အပေါင်းအဖော်တွေကြားမှာ နေရတာထက် တစ်ယောက်တည်း နေရတာက ပိုကောင်းပါတယ်။

**Although**

Although the sunshines, leave not thy cloak at home.

နေပူတယ်ဆိုပြီး အင်္ကျီကို အိမ်ထဲမှာ မထားခဲ့နဲ့။

Although it rains, throw not away thy watering pot.

မိုးရွာတယ်ဆိုပြီး ရေအိုးကို လွှင့်မပစ်လိုက်နဲ့။

**Always**

If you always say "No", you'll never be married.

ရွေးလွန်းရင် မရ။ (သေးလွန်းရင်မလှ)

**Amiss**

The good man is the last who knows what's amiss at home.

အိမ်ရှင်လူဖြောင့်ဟာ အိမ်ရဲ့မပြေလည်မှုကို နောက်ဆုံးမှသိတယ်။

He that doth nothing doth never amiss.

ဘာမှမလုပ်ရင် ဘာမှ မှားစရာမရှိ။

**Angel**

Fools rush in where angels fear to tread.

ပညာရှိတွေ လှမ်းဖို့ရွံ့နေတဲ့အခါ လူမိုက်တွေ (ပညာမဲ့တွေ) တိုးဝင်ကြတယ်။

**Anger**

Anger punishes itself.

ဒေါသကြောင့်သေ။

Anger and haste hinder good counsel.

ဒေါသကြီးသူ၊ လောဘကြီးသူ အကြံကောင်း ဉာဏ်ကောင်းမထွက်။

Anger dieth quickly with a good man.

ပညာရှိ အမျက်ပြေ။

**Angry**

He that is angry at a feast is rude.

အစားနဲ့ ပတ်သက်ရင် ဒေါသမထွက်နဲ့၊ ရိုင်းတယ် ထင်တတ်တယ်။

**Annoy**

No joy without annoy.

စိတ်ညစ်စရာမရှိဘဲ ပျော်ရွှင်မှု မရနိုင်။
(စိတ်ကောက်တာလေးကိုက ပျော်စရာ)

**Another**

One good turn deserves another.

ကောင်းတာလုပ်၊ ကောင်းကျိုးခံရတယ်။

**Answer**

The shortest answer is doing.

အလုပ်နဲ့ပြတာဟာ အတိုဆုံးအဖြေပဲ။

A soft answer turneth away wrath.

နူတ်ချိုတော့ ရန်ပြို။

**Anvil**

Between the hammer and the anvil.

တူနဲ့ပေကြား ရောက်နေရသလို။

(ရွှေတိုးထမ်းပိုး၊ နောက်ဆုတ်လှည်းထုပ်)

**Ape**

The higher the ape goes, the more he shows his tail.

မြင့်မြင့်တတ်လေ၊ အရှက်ကွဲလေ။

He that apes others will never be himself.

လိုက်တုနေရင် ကိုယ်ပိုင်ဟန် ပျောက်သွားတယ်။

**Apparel**

Apparel makes the man.

လူမှာအဝတ်။ (တောင်းမှာအကွပ်)

**Appetite**

Appetite comes with eating.

စာကြည့်မှ အရသာသိ။

Leave of with an appetite.

စားကောင်းတုန်း ရပ်လိုက်ပါ။

**Apple**

An apple a day keeps the doctor away.

တစ်နေ့ ပန်းသီးတစ်လုံးစား၊ သမားမလို။

Eat an apple going to bed, make the doctor beg his bread.

အိပ်ရာဝင်တိုင်း ပန်းသီးတစ်လုံးစား၊ သမားငတ်ပြီမှတ်။

The rotten apple injures its neighbours.

ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးပုပ်။

**Arm**

A broken sleeve holdeth the arm back.
အင်္ကျီလက်မောင်းပြတ်တော့ လက်ကိုမဆန့်ရဲ။
Stretch your arm no further than your sleeve will reach.
အင်္ကျီလက်မောင်းထက် လက်ပိုမဆန့်ပါနဲ့။
(ရှိသလောက်နဲ့ ဖြစ်အောင်နေ၊ ရတာလေးနဲ့ မျှအောင်စား)
Keep evil at arm's length.
မကောင်းမှုရှောင်၊ (အိုတောင် မဆင်းရဲ)

**Arms**

Kings have long arms.
(မင်းနားတစ်ထောင်) မင်း မြှောင်တစ်သောင်း။

**Art**

In every art it is good to have master.
ဆရာ မပြ နည်းမကျ။
(ဆရာမရှိရင် ငါးပိတောင် ကောင်းကောင်းမဖုတ်တတ်)
Poverty is the mother of all arts and trades.
အနုပညာအားလုံးရဲ့ မိခင်ဟာ ဆင်းရဲမွဲတေခြင်းပဲ။
Art is long life as short.
အနုပညာသက်တမ်းက ရှည်တယ်၊ လူ့သက်တမ်းက တိုတယ်။
Art has no enemy but ignorance.
မသိနားမလည်မှုဟာ အနုပညာရဲ့ တစ်ဦးတည်းသော ရန်သူပဲ။

**Artist**

An artist lives everywhere.
အနုပညာရှင်တစ်ယောက်ဟာ နေရာတိုင်းမှာ ရှင်သန်နိုင်တယ်။

**Ashamed**

Never be ashamed to eat your meat.

ကိုယ့်ထမင်းကိုယ်စားတာ ဘာမှ ရှက်စရာမလိုဘူး။

**Ask**

Ask much to have a little.

များများတောင်းမှ နည်းနည်းရတယ်။

(ဒူးလောက်တင်မှ ရင်လောက်ကျ)

Ask no questions and you will be told no lies.

အလိမ်မခံချင်ရင် သွားမမေးနဲ့။

Lose nothing for want of asking.

မေးချင်ရင် မေးလိုက်ပါ၊ အရှုံးမရှိနိုင်ပါဘူး။

**A-Sorrowing**

Who goes not grumbling, goes not a-sorrowing.

မငြီးတတ်သူ ဝမ်းနည်းစရာမရှိ။

**Ass**

A king without learning is but a crowned ass.

ပညာမဲ့တဲ့ဘုရင်ဟာ သရဖူဆောင်းထားတဲ့မြည်းပဲ။

The ass of many owners is eaten by wolves.

သခင်များတဲ့မြည်း ဝံပုလွေအစားခံရ။

If the ass goes a-travelling, he'll not come home at horse.

မြည်းဘယ်ကိုသွားသွား၊ ပြန်လာရင် မြည်းပါပဲ။

Ass loaded with gold still eats thistles.

သယ်လာရတာတော့ ရွှေပဲ၊ စားရတာကတော့ မြက်ခြောက်။

(ပြောတော့ ရွှေမန်း၊ 'က'တော့ ချိုမိုင်မိုင်)

When an ass kicks you never tell it.
မြည်းအကန်ခံရကြောင်း ဘယ်တော့မှ မပြောနဲ့။
(ခံလိုက်ရရင် နှုတ်ပိတ်နေ)
When an ass climbs a ladder, we may find wisdom in women.
မြည်းလှေကားတက်မှ မိန်းမတွေရဲ့ အသိဉာဏ်ကို သိရမယ်။
(စာလေးပါး ကျေကာမှ မိန်းမတွေ အသိဉာဏ်ရှိကြောင်း သိရမယ်)
The ass that brays most eats least.
ဟီလွန်းတဲ့မြည်း နည်းနည်းပဲစားရတယ်။
(တောင်းလွန်းရင် အရနည်းတယ်)
An ass endures his burden, but not more than his burden.
မြည်းဟာ သယ်နိုင်တာထက် ပိုမသယ်နိုင်။(ဝန်နဲ့အား၊ လေးနဲ့မြား)
Better ride an ass that carries me than a horse that throws me.
ခါချမယ့်မြင်း စီးရတာထက်တော့ သယ်သွားမယ့်မြည်း စီးရတာ ပိုကောင်းပါတယ်။
An ass loaded with gold climbs to the top of the castle.
ရွှေတွေသယ်လာတဲ့မြည်းကတော့ ရဲတိုက်ကြီးဆီ အရောက်တက်သွားမှာပဲ။
(ဥစ္စာရှိရာ ဥစ္စာလာ၊ သမုဒ္ဒရာထဲ မိုးရွာ)

**Atheist**

An atheist is one point beyond the devil.
ဘာသာမဲ့၊ မာန်နတ်ထက် တစ်လေးသာ။
Where there are three physicians, there are two atheists.
သမားတော် သုံးယောက်ရှိရင် နှစ်ယောက်ကတော့ ဘာသာမဲ့ပဲ။

**Attain**

Things attained with hardship are longer retained.

ချွေးနည်းစာဆို ပိုတန်ဖိုးထားတယ်။

**Avoid**

A danger foreseen is half avoided.

အန္တရာယ်ကို ကြိုတင်မြင်ထားရင် တစ်ဝက်ရှောင်နိုင်ပြီ။

**Awake**

At every dog's bark seem not to awake.

ခွေးဟောင်တိုင်း ထ,မကြည့်ကြ။

## B

**Babe**

An old knave is no babe.

မရိုးဖြောင့်တဲ့လူကြီးဟာ အပြစ်မဲ့တဲ့ကလေးလေးတော့ မဟုတ်ဘူး။

Out of the mouths of babes and sucklings.

ကလေးပါးစပ်ထဲက အစာတောင် မရှောင်ဘူး။

When God sends babes He sends penny loaves.

ပေါင်မုန့်နဲ့အတူ ကလေးတွေကို ဘုရားသခင်က စေလွှတ်လိုက်တယ်။

**Back**

He is a good friend that speaks well of us behind our backs.

နောက်ကွယ်မှာ အပြောကောင်းသူဟာ သူငယ်ချင်းကောင်းပဲ။

A man may bear till his back breaks.

ခံနိုင်ရည်ထက် ပိုမခံနိုင်။

Not to advance is to go back.
ရှေ့မတိုးရင် နောက်ဆုတ်ဖို့ပဲ။
He makes a rod for his own back.
ကိုယ့်လည်ပင်း ကိုယ်ကြိုးစွပ်။ ကိုယ့်သေတွင်း ကိုယ်တူး။
You scratch my back and I'll scratch yours.
သင်ကောင်းလျှင် သင့်အပေါ် ကျွန်ုပ်ကောင်းမယ်။

**Bad**

He that spares the bad injures the good.
အဆိုးတွေကို ခွင့်လွှတ်ထားရင် အကောင်းတွေ ပျက်စီးသွားတယ်။
Bad money drives out good money.
မသန့်ရှင်းတဲ့ငွေကြောင့် သန့်ရှင်းတဲ့ငွေတွေ ကုန်ဆုံးသွားတယ်။
A bad bush is better than the open field.
ကွင်းပြင်ကြီးထက်တော့ ချုံပုတ်ကလေးတစ်ခုက ပိုကောင်းတာပေါ့။

**Bag**

Too much breaks the bag.
ထိုးသိပ်ထည့်တော့ အိတ်ကွဲတာပေါ့။
To let the cat out of the bag.
အိတ်ထဲကကြောင်ကို ထုတ်လွှတ်လိုက်တယ်။
(ဝှက်ထားတာကို ထုတ်ပြလိုက်တယ်)

**Bait**

The escaped mouse ever feels the taste of the bait.
လွတ်လာတဲ့ကြွက် အစာအရသာ ခံဖူးတာချည်းပဲ။
That fish will soon be caught that nibbles at every bait.
အစာတိုင်းကို ဟပ်တဲ့ငါး၊ မကြာခင်မိမှာပဲ။

**Ball**

If the ball does not stick to the well, it will at least leave a mark.

တစ်ခုခုလုပ်ရင် အကျိုးတစ်စုံတစ်ရာတော့ ရှိတာပဲ။

**Banker**

A banker is the man who loans you an umbrella when the weather is fair, and takes it away from you when it rains.

ဘဏ်လုပ်ငန်းရှင်ဆိုတာ မိုးမရွာတဲ့အခါ ထီးငှားပေးပြီး၊ မိုးရွာတဲ့အခါ ထီးကိုပြန်တောင်းသူပဲ။

**Bankrupt**

A beggar can never be bankrupt.

သူတောင်းစား ဘယ်တော့မှ စီးပွားမပျက်ဘူး။

**Barber**

A barber learns to shave by shaving fools.

လူမိုက်တွေကို ရိတ်ပေးရင်း ဆံပင်ညှပ်တတ်လာတာပဲ။

**Bare**

Bare walls make giddy housewives.

မီးဖိုဆောင်မှာ မပြည့်စုံရင် အိမ်ရှင်မ စိတ်ညစ်တယ်။

He goes long barefoot that waits for dead men's shoes.

သေမှရမယ့်ပစ္စည်း စောင့်စားမနေနဲ့။

He that tries to bare everything may find his job never ending.

ပစ္စည်းကိရိယာမစုံလင်ရင် ဘယ်အလုပ်မှ ကောင်းကောင်းမပြီးဘူး။

**Bargain**

To be beloved is above all bargains.

ပစ္စည်း ဝယ်ရခက်တယ်ဆိုတာ မေတ္တာ ဝယ်ရတာလောက် မခက်ပါဘူး။

Make the best of a bad bargain.

ရှိတာလေးနဲ့ ရောင့်ရဲ။

It is a silly bargain where nobody gets.

ဘယ်သူမှ အကျိုးမရှိတဲ့အလုပ်ဟာ မကောင်းတဲ့အလုပ် ဖြစ်တယ်။

**Bark**

Barking dogs seldom bite.

ဟောင်လွန်းတဲ့ခွေး၊ လူ မလေး။

Bark at the tree.

သစ်ပင်ကို ဟောင်တဲ့ခွေး။ (အဓိပ္ပါယ်မရှိတာလုပ်တယ်)

His bark is worse than his bite.

ပြောတာက ရိုက်တာထက်နာသေးတယ်။

Do not keep a dog and bark yourself.

ခွေးမွေးထားမှတော့ ကိုယ်တိုင်ဟောင်နေစရာ မလိုပါဘူး။

Great barkers are no biters.

အပြောသန်သူ အလုပ်နှေးတယ်။

**Barley**

A barley-corn is better than a diamond to a cock.

လောကမှာ တန်ဖိုးကြီးတဲ့အရာတစ်ခုဟာ တချို့လူတွေအတွက် ဘာမှတန်ဖိုးမရှိဘူး။

(ချင်းလက်ပတ္တမြားရောက်။ ကျွဲပါးစောင်းတီး)

**Barrel**

You cannot know wine by the barrel.

အရက်စည်ကြည့်ရုံနဲ့ အရက်အရသာ မသိနိုင်။

**Basket**

Do not put all your eggs in one basket.

ကြက်ဥအားလုံးကို တောင်းတစ်လုံးထဲမှာ မထည့်ပါနဲ့။

**Battle**

The first blow is half the battle.

လက်ဦးမှုရ ထားရင် တိုက်ပွဲတစ်ဝက် နိုင်ပြီ။

The battle is lost, yet the war is to be won.

တိုက်ပွဲတွေဘယ်လောက်ရှုံးရှုံး စစ်နိုင်ဖို့သာ အဓိက။

**Be**

Be a friend to thyself and others will befriend thee.

ကိုယ်ကောင်းရင် သူများက ကိုယ့်အပေါ်ကောင်းမယ်။

Be as you would seem to be.

လူများအမြင်နဲ့ ကိုက်အောင်နေပါ။

Be not too bold with your better.

ကိုယ့်ထက်သာသူကို သွားယှဉ်ဖို့ စိတ်မကူးနဲ့။

Be just before you are generous.

မရက်ရောခင် မျှတမှုရှိပါဦး။

**Bead**

Beads about the neck and the devil in the heart.

လည်မှာ ပုတီးဆွဲ၊ စိတ်ထဲ သရဲခို။

**Beans**

A bean in liberty is better than a comfit in prison.

ထောင်ထဲမှာ ဇိမ်ခံနေရတာထက် အပြင်မှာ ပဲစေ့လေးလောက် လွတ်လပ်ရတာ ပိုကောင်းတယ်။

**Bear**

As cross as a a bear with a sore head.

ခေါင်းမှာ ဒဏ်ရာရတဲ့ ဝက်ဝံလို။

Bear with evil and expect good.

အဆိုးကို သည်းခံ၊ အကောင်းကို မျှော်လင့်။

**Beard**

If the beard where all, the goat might preach.

မုတ်ဆိတ်ရှိတိုင်းသာ ပညာရှိဆိုရင် ဆိတ်ဟာ ကဝိကြီးပဲ။

**Beast**

Beast that goes always never wants blows.

ခြေကောင်းတဲ့နွား၊ ကြိမ်တို့စရာ မလို။

Beast and beastiality are different things.

လူလို တိရစ္ဆာန်၊ တိရစ္ဆာန်လိုလူ လောကမှာရှိမြဲပဲ။

**Beat**

A man surprised is half beaten.

မူပျက်တာနဲ့ တစ်ဝက်ရှုံးပြီ။ မူမမှန်ရင် တစ်ဝက်မဟန်တော့ဘူး။

Beat the dog before the lion.

ခြင်္သေ့ မသတ်ခင် ခွေးပဲရိုက်စမ်းပါဦး။

Do not beat about the bush.

ရမ်းသမ်းလျှောက်မပြောနဲ့။

**Beauty**

Beauty is potent, but money is all potent.

အလှက တန်ဖိုးကြီးပါတယ်၊ ဒါပေမယ့် အလုံးစုံ တန်ဖိုးကြီးတာ ကတော့ ငွေပဲ။

Beauty may have fair leaves, yet bitter fruit.
အရွက်ကလေးတွေ လှပေမယ့် အသီးက ခါးတယ်။
(ရွက်လှသီးခါး။ အပေါ်ယံ ရွှေမှုံကြဲ၊ အထဲနောက်ချေး(နွားချေး) ခံ)
Beauty is but skin-deep.
ရုပ်အလှဆိုတာ အရေပြားတစ်ထောက်သာ။
(စိတ်အလှကတော့ အတွင်းမှာ)
Beauty draws more than oxen.
ဘယ်လောက်မာမာ မိန်းနဲ့ကျတော့ ပျော့သွားတာပဲ။
Beauty is but a blossom.
အလှဆိုတာ ပန်းပမာ။(အလှဆိုတာ မမြဲပါ)
Beauty without bounty avails not.
သဒ္ဓါကင်းတဲ့ ကညာယမင်း ဘယ်သူမှ မချစ်လို။
Beauty is truth, truth is beauty.
အလှသည်သစ္စာ၊ သစ္စာသည်အလှ။ (ဂျွန်ကီကဗျာမှ)

**Bed**

Early to bed and early to rise, makes a man healthy, wealthy and wise.
စောစောအိပ်ထ၊ ပြုကျင့်က၊ တွင်းပကိုယ်ခန္ဓာ။ ရောဂါခပ်သိမ်း၊ ရှောင်ခွာတိမ်း၊ ကင်းငြိမ်းလွန်ချမ်းသာ။
Go to bed with the lamp, and rise with the lark.
နောက်ကျမှအိပ်ပါ၊ စောစောထပါ။
If the bed could tell all it knows, it would put many to the blush.
အိပ်ရာကသာ ပြောတတ်ရင် အားလုံးရှက်ဖို့ပင်။

As you make your bed you must lie in it.
သင်ခင်းထားသလို သင်အိပ်ရမှာပဲ။
(သင်စိုက်ပျိုးထားတာကို သင်စားသုံးရမှာပဲ)
The way to bliss lies not on bed of down.
ချမ်းသာချင် အပင်ပန်းခံ။
Life is not a bed of roses.
ဘဝဆိုတာ နှင်းဆီမွေ့ရာမဟုတ်။

**Bee**

Where the bees suck honey, the spider sucks poision.
ပျားက ပျားရည်စု၊ ပင့်ကူက အဆိပ်စု။
Old bees yield no honey.
ပျားဆို ပျားရည်မယို။
Bees that have honey in the mouth have stings in their tails.
ပါးစပ်ထဲမှာ ပျားရည်၊ အမြီးမှာ အဆိပ်။
(မီးစတစ်ဖက်၊ ရေမှုတ်တစ်ဖက်)

**Beef**

Reat with small things, do not go after beefy share (major share).
ရှိတာလေးနဲ့ ရောင့်ရဲတင်းတိမ်။

**Before**

Before you make a friend eat a bushel of salt with him.
မိတ်မဖွဲ့ခင် စုံစမ်းကြည့်ပါဦး။

## Beg

Beg from beggars and you will never be rich.
သူတောင်းစားဆီက တောင်းလို့တော့ ဘယ်တော့မှ မချမ်းသာဘူး။
(ကျောက်တုန်းကိုညစ် ရေမထွက်ဘူး)

Beggars cannot be choosers.
သူတောင်းစား ဂျီး(ချေး) များမနေနိုင်။
(အလကားရတဲ့နွား၊ သွားဖြဲမကြည့်နဲ့)

Neither beg of him who has been a beggar, nor serve him who has been a servant.
သူတောင်းစားဖြစ်ခဲ့ဖူးသူဆီက မတောင်းနဲ့။ အစေခံဖြစ်ခဲ့ဖူးသူကိုလည်း အလုပ်အကျွေးမပြုနဲ့။

Better die a beggar than live a beggar.
မွဲနေတာထက် သေရတာ ကောင်းသေး။

A beggar can never be bankrupt.
သူတောင်းစား ဘယ်တော့မှ စီးပွားမပျက်။

A young couriter, an old beggar.
နန်းတော်ထဲမှာခစားလို ပျိုမှ၊ သူတောင်းစားဆို အိုမှ။

Get a beggar on horseback and he will ride to the devil.
အရှုး သူကောင်းမြှောက်၊ ချေးခြောက်ကောက်စား။

Small invitation will serve a beggar.
မဖိတ်ဘဲလာ ဘယ်သဒ္ဒါပ့်ါမလဲ။

Better living beggar than a buried emperor.
ဘုရင်အဖြစ် သေသွားတာထက်စာရင် သူတောင်းစားအဖြစ်နဲ့ ရှင်နေရတာ တော်သေးတယ်။

If wishes were horses, beggars would ride.
ဆန္ဒတွေသာမြင်းဖြစ်ရင် သူတောင်းစားတွေ တက်စီးကြမှာပေါ့။

Idleness is the key of beggary.

ပျင်းရိခြင်းဟာ မွဲဆေးပဲ။

Borrowing is not much better than begging.

ချေးငှားခြင်းနဲ့ တောင်းရမ်းယူခြင်းဆိုတာ ယာဂုနဲ့ ထမင်းနဲ့ပါပဲ။

A man of many trades beds his bred on Sundays.

ယောဆရာ လုပ်မနေနဲ့၊ တစ်နေ့ ငတ်သွားမယ်။

A beggar's purse is bottomless.

သူတောင်းစားအိတ် ပြည့်တယ်မရှိ။

The slothful man is the beggar's brother.

အပျင်းထူသူ၊ သူတောင်းစားနဲ့တူ။

**Beginning**

A good beginning makes a good ending.

အစကောင်းမှ အနှောင်းသေချာ။

It is the beginning of the end.

အဆုံးကို ကြည့် အစ သိ။

Everything must have a beginning.

အရာရာတိုင်းမှာ "အစ" မရှိဘဲ ဘာမှဖြစ်မလာ။

Well begun is half done.

အစကောင်းရင် တစ်ဝက်ပြီးစီးပြီ။

He that climbs a ladder must begin at the first rung.

မိုင်တစ်ထောင်ခရီးဖြစ်စေ၊ ပထမခြေလှမ်းက စရတာပဲ။

**Behind**

They are far behind that may not follow.

အများနဲ့မလိုက်နိုင်ရင် ကျန်ရစ်မှာပဲ။

**Believe**

Believe not all that you see nor half what you hear.

ကိုယ်တိုင်မြင်ရတိုင်း မယုံနဲ့။ ကြားတိုင်းလည်း မယုံနဲ့။

The mean willingly believe what they wish.

ဖြစ်ကိုဖြစ်ရမယ်လို့ မိုက်မိုက်ကန်းကန်း ယုံကြည်ကြတာ လူမိုက်တွေပဲ။

Nothing is so firmly believed as what we know.

သိထားတာကို ယုံရတာလောက် ဘယ်ဟာမှ မခိုင်မာဘူး။

We soon believe what we desire.

ဆန္ဒရှိရင် ယုံလွယ်တယ်။

Seeing is believing.

မြင်မှယုံ။ မြင်ရင်ယုံတယ်။

That which is easily done is soon believed.

အလွယ်တကူလုပ်လို့ရတဲ့ ကိစ္စမှန်သမျှ ယုံကြတာများတယ်။

**Bell**

God comes to see us without a bell.

ဘုရားသခင်ဟာ ခေါင်းလောင်းသံပေးပြီး ဘယ်တော့မှမလာဘူး။
(လှံထမ်းလာတာကို မြင်ရတယ်၊ ကံထမ်းလာတာကို မမြင်ရဘူး)

Bells call others to church, but go not themselves.

ခေါင်းလောင်းတွေက လူတွေကို ဘုရားကျောင်းဆီ ခေါ်တယ်။
သူတို့ ကိုယ်တိုင်တော့ မသွားကြဘူး။
(ဝေလေလေအော်သူများ တကယ်အလုပ်မလုပ်ကြ)

**Bellows**

You cannot drive a windmill with a pair of bellows.

မြင့်မိုရ်တောင် ဖိုးစေ့နဲ့ပေါက်။

**Belly**

Hungry bellies have no ears.

ဆာနေတဲ့ဗိုက် နားရွက်မပါ။ (ငတ်မရှက်၊ ငတ်မရှောင်)

The belly carries the leg.

ဗိုက်အတွက်ဆိုရင် ခြေမညောင်းဘူး။

The belly teaches all arts.

ဝမ်းဗိုက်က အတတ်ပညာအမျိုးမျိုးကို သင်ပြပေးတယ်။

(ဝမ်းရေးအတွက် အလုပ်အမျိုးမျိုးကို လုပ်ကြရတယ်။ ငါ့ဝမ်းပူဆာမနေသာလို့ လုပ်ကြတယ်)

The belly is not filled with fair words.

အပြောကောင်းရုံနဲ့ ဝမ်းမဝဘူး။

A full belly neither fights nor flies well.

ဝမ်းစာကလေးရှိနေရင် ဘာမှမလုပ်ချင်။

When the belly is full, the bones would be at rest.

ဝမ်းဝ၊ အရိုးတွေ အနားရ။

Back may trust but belly won't.

ကျောကို ယုံလို့ဖြစ်တယ်၊ ဝမ်းဗိုက်ကို ယုံလို့မဖြစ်။

**Bend**

Best to bend whlie 'tis a twig.

ငယ်စဉ်အခါ ပြုပြင်ပါ၊ လိုရာရလိမ့်မယ်။

(ပြုပြင်ချင်ရင် ငယ်ငယ်ကတည်းကပြုပြင်)

**Benefit**

Benefits please like flowers while they are fresh.

စေတနာနဲ့ပေးမယ်ဆိုရင် ကောင်းတာကိုပေးပါ။

**Best**

The best is behind.

ကြီးလာရင် ငယ်ဘဝကိုပဲ ကောင်းတယ်ထင်။

Best is best cheap.

အသုံးအဝင်ဆုံး (ရေ၊ လေ၊ မီး) ဆိုတဲ့ အရာတွေဟာ ဈေးအပေါဆုံးပဲ။ တန်ဖိုးအနည်းဆုံးပဲ။

Hope for the best and prepare for the worst.

အကောင်းဆုံးကိုမျှော်လင့်၊ အဆိုးဆုံးအတွက် ပြင်ဆင်။

The best wine is that a body drinketh at another man's cost.

သူများတိုက်တဲ့အရက်ဟာ သောက်လို့အကောင်းဆုံး။

Those that make the best use of their time, have none to spare.

အချိန်ကိုအကျိုးရှိရှိ အသုံးချသူမှာ အချိန်ပိုမရှိ။

**Better**

Better a barefoot than none.

ခြေထောက်မရှိတာနဲ့စာရင် ဖိနပ်မပါတဲ့ ခြေထောက်က တော်သေးတာပေါ့။

Better untaught than ill-taught.

မကောင်းတာတွေ သင်ပြခံရတာထက် လုံးဝ သင်ပြမခံရတာပိုကောင်းတယ်။

Better unborn than unbred.

ငတ်နေမယ့်အစား မွေးမလာတာ ကောင်းတယ်။

Better an egg today than a hen to-morrow.
ကနေ့ ကြက်ဥတစ်လုံးဟာ နက်ဖြန်မှရမယ့် ကြက်မကြီးထက် ပိုတန်ဖိုးရှိတယ်။
Better an open enemy than a false friend.
မိတ်ဆွေဆိုးထက်တော့ ရန်သူနဲ့တွေ့လိုက်ရတာ ပိုကောင်းတယ်။
Better eye-sore than all blind.
လုံးဝကန်းသွားတာထက်စာရင် မျက်စိနာနေတာက တော်သေးတယ်။
Better go to heaven in rage than to hell in embroidery.
အဖိုးထိုက်တဲ့ ဝတ်ကောင်းစားလှတွေဝတ်ပြီး ငရဲခံနေတာထက်စာရင်၊ ဂုန်နီအိတ်စုတ်စွပ်ပြီး နတ်ပြည်မှာနေရတာ ပိုကောင်းတယ်။
Better speak truth rudely, than lie correctly.
ရိုင်းရိုင်းစိုင်းစိုင်း အမှန်ကိုပြောတာက ရိုရိုသေသေ လိမ်တာထက် ပိုကောင်းတယ်။
Better the devil (harm) you know than the devil (harm) you don't know.
ခံဖူးတဲ့ဒုက္ခဟာ မခံဖူးတဲ့ ဒုက္ခထက် သက်သာတယ်။
Better the foot slip than the tongue.
လျှာချော်တာထက် ခြေချော်တာက တော်သေးတယ်။
Better be alone than in bad company.
မကောင်းတဲ့ အပေါင်းအဖော်တွေကြားမှာ နေရတာထက် တစ်ယောက်တည်းနေရတာ ပိုကောင်းတယ်။
Better be a fool than a knave.
မရိုးသားသူဖြစ်ရတာထက် အရူးဖြစ်ရတာက ကောင်းသေး။
Better be an old man's darling, than a young man's slave.
ငယ်ငယ်ရွယ်ရွယ် ယောကျ်ားတစ်ယောက်ရဲ့ အလုပ်အကျွေးဖြစ်ရတာထက်တော့ ဇရာအိုမယားဖြစ်ရတာ ကောင်းသေးတယ်။

Better cut the shoe that pinches the foot.
ဒုက္ခပေးတဲ့အရာမှန်သမျှ သံယောဇဉ်မထားနဲ့။
Better be the head of a dog (fox, mouse, lizard) than the tail of a lion.
ခြင်္သေ့အမြီး မဖြစ်ချင်ဘူး၊ ခွေးခေါင်း ဖြစ်ချင်တယ်။
Better never to begin than never to make an end.
ဆုံးခမ်းတိုင်အောင် မလုပ်ရင် စ,မလုပ်တာ ပိုကောင်းတယ်။
Better late than never.
ဘယ်တော့မှ မလုပ်သူနဲ့စာရင် နှောင်းမှလုပ်သူက တော်သေးတယ်။
Better be sure than sorry.
စိတ်မကောင်းမဖြစ်ချင်ဘူး၊ သေချာချင်တယ်။
Better reign in hell than serve in heaven.
နတ်ပြည်မှာ အလုပ်အကျွေးပြုနေရတာထက် ငရဲပြည်မှာ အုပ်စိုးရတာ ပိုကောင်းတယ်။

**Between**

Between the devil and the deep sea.
ငရဲပြည်နဲ့ ပင်လယ်ကြား ရောက်နေသလို။
(ဆီပူအိုးနဲ့ မီးဖိုကြား ရောက်နေရသလို။ ရှေ့တိုးထမ်းပိုး၊ နောက်ဆုတ် လှည်းထုပ်)
Between the hammer and the anvil.
တူနဲ့ပေကြား ရောက်နေရသလို။

**Beware**

Beware of the man of one book.
အသိပညာမဲ့သူကို သတိထား။
Beware of a silent dog and still water.
မဟောင်တဲ့ခွေးနဲ့ ငြိမ်နေတဲ့ရေကို သတိထား။

**Big**

Bigger the man, the better the mark.
ဒီလူ့ခန္ဓာကြီးကတော့ ပစ်မလွဲပဲ။

**Bird**

A bird in hand is worth two in the bush.
ချုံပုတ်ထဲက ငှက်နှစ်ကောင်ထက် လက်ထဲက ငှက်တစ်ကောင်က ပိုတန်ဖိုးရှိတယ်။

Birds of the same feather flock together.
သူတော်ချင်းချင်း သတင်းလွှ့လွှ့။

Bird is known by his note, the man by his words.
အသံကြားရုံနဲ့ ငှက်ကိုသိတယ်၊ စကားကြားရုံနဲ့ လူကိုသိတယ်။

It is an ill bird that fouls its own nest.
ကိုယ့်သိုက်မြုံ ကိုယ်ဖျက်၊ ငှက်မိုက်။

The early bird catches the worm.
ဝီရိယငှက်၊ အစာမခက်။

Every bird likes its own nest best.
ငှက်တိုင်း သိုက်မြုံကို ချစ်ကြတယ်။

Fine feathers make fine birds.
အမွေးအတောင်လှရင် ငှက်လှတာပဲ။
(လူမှာအဝတ်၊ တောင်းမှာအကွပ်)

To kill two birds with one stone.
တစ်ချက်ခုတ် နှစ်ချက်ပြတ်။

You cannot catch old birds with chaff.
ဖွဲနဲ့တော့ ငှက်အိုကြီးတွေကို ဖမ်းမရ။
(ပညာရှိကြီးတွေကို တော်ရုံတန်ရုံနဲ့ ဆွယ်လို့မရ။)

## Birth

Birth is much but breeding is more.

မွေးရတာ အရေးကြီးတယ်၊ ကျွေးရတာက ပိုအရေးကြီးတယ်။

Birth follows the belly.

မွေးဖွားလာတယ်ဆိုကတည်းက ဝမ်းစာရှာရတော့တာပဲ။

## Bit

A bit in morning is better than nothing all day.

တစ်နေ့လုံး ငတ်နေရမှာထက်စာရင် မနက်ခင်းမှာ နည်းနည်းလေး စားလိုက်ရတာ တော်သေးတာပေါ့။

## Bitch

If the dog barks, go in; if the bitch barks, go out.

ခွေးထီးဟောင် မကြောက်နဲ့၊ ခွေးမ ဟောင်ရင် ပြေးပေတော့။

## Bite

If you cannot bite, never show your teeth.

မကိုက်နိုင်ရင် သွားဖြဲမပြနဲ့။ (မရဲဘဲ ကျွဲပြိမစီးနဲ့)

He that hath been bitten by a serpent, is afraid of a rope.

မြွေကိုက်ခံရဖူးသူဟာ ကြိုးမြင်တာနဲ့ လန့်တယ်။

Once bitten, twice shy.

မိအေးနှစ်ခါနာ။

Great barkers are no biters.

လေလုံးထွားသူ အလုပ်မလုပ်။

Dead men don't bite.

လူသေကတော့ ရန်မမူပါဘူး။

**Bitter**

That which was bitter to endure may be sweet to remember.

ခံရတုန်းက မသက်သာ၊ စားမြုံ့ပြန်တော့ အရသာရှိ။

Bitter pills may have blessed effects.

ဆေးခါးတွေမှာ အာနိသင်ရှိ။

**Black**

Two blacks do not make a white.

အနက်နှစ်ခုဟာ အဖြူတစ်ခု ဖြစ်မလာပါဘူး။

Black hen lays a white egg.

ကြက်မအနက်ကလည်း ဥဖြူအုတာပဲ။

There are black sheep in every flock.

သိုးအုပ်တိုင်းမှာ သိုးမည်းတစ်ကောင်တော့ရှိ။
(စုန်းပြူးကတော့ရှိမှာပဲ)

Under the blanket the black one is as good as the white.

စောင်အောက်မှာတော့ အမည်းဟာလည်း အဖြူလိုပါပဲ။

Every bean hath its black.

စင်းလုံးချောဆိုတာ မရှိပါ။

The smith and his penny are both black.

ပန်းပဲသမား လက်ထဲကငွေ ပေနေတာပဲ။
(ဒီပုတ်ထဲက ဒီပဲ)

**Bless**

God bless us every one.

ဘုရားသခင်ကတော့ အားလုံးအပေါ် ညီညီမျှမျှပဲ။
(လူတွေ မကောင်းလို့)

**Blessed**

Blessed is one who has found his work.
ဝါသနာအလုပ် စိတ်ချမ်းသာတယ်။
Blessed is he who expects nothing, for he shall never be disappointed.
ဘာကိုမှ မျှော်လင့်မထားရင် စိတ်ပျက်စရာ ဘာမှမရှိ။

**Blessings**

Use the means and God will give the blessings.
အလုပ်လုပ်သူ ဘုရားကူ။ (ကြိုးစားရင် ဘုရားမ,တယ်)
Blessings are not valued till they are gone.
လွတ်တဲ့ငါး ကြီးတယ်။

**Blind**

A blind man cannot judge colours.
မျက်ကန်း အရောင်မသိ။
If the blind leads the blind, both shall fall into the ditch.
အကန်းကို အကန်းကလမ်းပြ၊ ချောက်ထဲကျ။
Blind man's holiday.
အကန်း အားလပ်ရက်ပေး၊ အဓိပ္ပါယ်မရှိ။
(အကန်းကို ရုပ်ရှင်ပြသလို)
In the country of the blind the one-eyed man is the king.
စုံလုံးကန်းတိုင်းပြည်မှာ တစ်ဖက်ကမ်းဟာ ဘုရင်ပဲ။
None is so bind as those who won't see.
မမြင်တတ်သူလောက် ကန်းသူမရှိ။

One should not be blind to one's faults.
ကိုယ့်အပြစ်ကို ကိုယ် လျစ်လျူမရှုသင့်။

**Bliss**

Where ignorance is bliss, 'tis folly to be wise.
မသိနားမလည်သူတွေကြားမှာ သိနားလည်သူ အရူးဖြစ်။

**Bock**

One who tries not himself blocks others' ways.
ကိုယ်တိုင်လည်း မလုပ်၊ သူများလုပ်တော့ ဝင်ရှုပ်။

A chip of the old block.
ဘမျိုးဘိုးတူ။ (ဒီပုတ်ထဲက ဒီပဲ)

Chips of the same block.
ဒီပုတ်ထဲက ဒီပဲတွေပါပဲ။

**Blood**

The Scot will not fight till he sees his own blood.
ကိုယ့်ထိမှ နာရမှန်းသိ။

Blood will have blood.
သွေးဟာ သွေးပဲ။

The old blood is bold blood.
အတွေ့အကြုံများသူ အရေထူ။

Blood is thicker than water.
သွေးဟာ ရေထက်ပျစ်တယ်။ (အရေးကြီး သွေးနီး)

You cannot draw blood out of a stone.
ကျောက်တုံးကို ညှစ်လို့ကတော့ ရေမထွက်ဘူး။

Blue blood has its uses and abuses.
ဘုရင်စနစ်မှာ ဆိုးတာရှိသလို၊ ကောင်းတာတွေလည်း ရှိပါတယ်။

**Bloom**

Old hills will much bloom.

သက်ရင့်တောင်ကုန်းတွေမှာ ပန်းတွေပိုပွင့်တယ်။

He who blooms helps others to bloom.

(သစ်တစ်ပင်ကောင်း၊ ငှက်တစ်သောင်းခိုနိုင်) ကြီးပွားသူဟာ အများကြီးပွားအောင် ကူညီနိုင်တယ်။

**Blossom**

Vains glory blossoms but never bears.

တန်ဖိုးမဲ့ဂုဏ်ဟာ ပွင့်ရုံသာပွင့်တယ်၊ အသီးမသီး။

Beauty is but a summer time blossom.

အလှဆိုတာ နွေပန်းကလေးလိုပါ။

**Blow**

Never blow hot and cold at the same breath.

မီးစတစ်ဖက်၊ ရေမှုတ်တစ်ဖက် ဘယ်တော့မှ မလုပ်နဲ့။ မှောက်ချည် လှန်ချည် မလုပ်ပါနဲ့။ ခုတစ်မျိုး၊ တော်ကြာတစ်မျိုး ဗလောင်းဗလဲ မလုပ်ပါနဲ့။

It is an ill wind that blows nobody good.

ဘယ်သူ့ကိုမှ အကျိုးမရှိတဲ့ အလုပ်မျိုး မလုပ်ပါနဲ့။ ဘယ်သူ့ကိုမှ ကောင်းကျိုးမပေးတာ "လေဆိုး" ပဲ။

Blow first and sip afterwards.

မှုတ်ပြီးမှသောက်ပါ။ စဉ်းစားပြီးမှပြောပါ။ မခုန်ခင် ကြည့်လိုက်ပါဦး။

**Blue**

There may be blue and better blue.

သူထက်သူ လူစွမ်းကောင်း ရှိစမြဲပဲ။

**Blushing**

Blushing is virtue's colour.

ရှက်စရာကို ရှက်တတ်ရင် ကောင်းပါတယ်။

**Boast**

Great boast, small roast.

ပြောတော့ရွှေမန်း၊ ကတော့ချိုမိုင်မိုင်။

He doesn't boast who does the most.

အလုပ်လုပ်သူ စကားသိပ်မပြော။

**Boat**

To burn one's boats.

သေမြေကြီး ရှင်ရွှေထီး။ ဖောင်ဖျက်လိုက်စမ်းပါ။

Have sympathy for those in the same boat.

တစ်လှေတည်းစီး၊ တစ်ခရီးတည်းသွားဖော်ချင်း စာနာပါ။

**Body**

The soul needs few things, the body many.

စိတ်အလိုနည်း၊ ကိုယ်အလိုကများ။

A little body doth often harbour a great soul.

လူငယ်မှာလည်း လူကြီးစိတ်ရှိပါတယ်။

A sound mind in a healthy body.

စိတ်ချမ်းသာရင် ကိုယ်ကျန်းမာတယ်။ (စိတ်ပျို ကိုယ်နု)

**Boil**

A watched pot never boils.

စောင့်ကျိုတဲ့ရေနွေး၊ ဆူခဲတယ်။

**Bold**

Better not be air bold.

လေကြွားမဖြစ်ရင် ကောင်းပါတယ်။

He was a bold man that first ate oyster.
စွန့်စားသူ သတ္တိကောင်းတယ်။ ပထမဆုံး စ ,လုပ်သူ သူရဲကောင်းပဲ။

**Bond**

An honest man's word is as good as his bond.
ရိုးဖြောင့်သူရဲ့ စကားလုံးတစ်လုံးဟာ ကတိစာချုပ်လို တန်ဖိုးရှိတယ်။

**Bone**

The nearer the bone, the sweeter the flesh.
အရိုးပေါ်ကအသား အချိုများတယ်။
An old man is a bed full of bones.
ဇရာထောင်းလာရင် အရိုးပေါ်အရေတင်။
The tongue breaks bone, tough itself has none.
အရိုးမရှိတဲ့လျှာ အရိုးကိုချိုးနိုင်တယ်။

**Book**

A book is the only immortality.
စာအုပ်ဆိုတာ တစ်ခုတည်းသော မသေနိုင်သည့်အရာ။
Laws die, books never.
ဥပဒေသေပေမယ့် စာအုပ်က ဘယ်တော့မှမသေ။
Like author, like book.
လူနဲ့စာ တစ်ထပ်တည်းကျ။
Cards are the devil's books.
ဖဲချပ်တွေဟာ မကောင်းဆိုးဝါးဖတ်တဲ့ စာအုပ်တွေပဲ။
(ဖဲကစားရင် မကောင်းဆိုးဝါးဖြစ်ပြီ။ ဖဲကစားတာ မကောင်းပါ။)

**Boot**

While the leg warmeth, the boot harmeth.
ခြေနွေးလာရင် ဖိနပ်သတိထားတော့။

## Born

As soon as man is born he begin to die.
လူဆိုတာ မွေးလာကတည်းက သေစပြုတာပဲ။
He that is born to be hanged, shall never be drowned.
ဆွဲကြိုးချသေဖို့ ကံပါလာသူဟာ ဘယ်တော့မှ ရေနစ်မသေဘူး။
I wept when I was born and everyday shows why.
အချိန်ကောင်းမှာမွေးလာသူ နာမည်ကောင်းရ။
To be born with a silver spoon in one's mouth.
ရွှေလင်ပန်းနဲ့အချင်းဆေး မွေးလာသူ။

## Borrow

Better buy than borrow.
ချေးငှားတာထက် ဝယ်လိုက်တာ ပိုကောင်းတယ်။
Borrowing from Peter to pay Paul.
ဒီလူ့ဆီက ချေး၊ ဟိုလူ့အကြွေးဆပ်။
If you would know the value of money, try to borrow some.
ငွေတန်ဖိုးသိချင်ရင် ငွေနည်းနည်း ချေးငှားကြည့်လိုက်။
Borrowed garments never fit well.
ငှားဝတ်တဲ့အကျႌ ဘယ်တော့မှ အံကိုက်မဖြစ်။
The borrower is servant of the lender.
မြီရှင်ဆိုတာ ကြွေးရှင်ရဲ့ကျွန်ပဲ။
Never a borrower nor a lender be.
ချေးလည်းမယူနဲ့၊ ချေးလည်းမပေးနဲ့။

**Both**

Both together do best for all.

စုပေါင်းလုပ်အား၊ အကျိုးများ။

**Bottom**

In the world who knows not to swim goes to the bottom.

လောကကြီးမှာ မလည်ရင်ခံရမှာပဲ။

Every tub must stand on its own bottom.

ကိုယ့်ဝန် ကိုယ်ထမ်း၊ (ကိုယ့်လမ်း ကိုယ်လျှောက်)

The best fish swim near the bottom.

လိမ္မာတဲ့ငါး ရေနက်မှာ ကူးတယ်။

**Bough**

The boughs that bear most hang lowest.

အသီးများတဲ့အကိုင်း အညွတ်ဆုံးပဲ။

**Bought**

What is bought is cheaper than a gift.

လက်ဆောင်ရတဲ့ပစ္စည်းထက် ဝယ်လိုက်တဲ့ပစ္စည်းက တန်ဖိုးနည်းပါတယ်။

**Bound**

They that are bound must obey.

သူ့ဆန်စား ရဲမှု။

**Bow**

A bow long bent grows weak.

ကြာကြာကွေးထားတဲ့လေး အားလျော့တယ်။

To bend the bow of Ulysses.

ယူလီစီးကိုင်တဲ့လေး၊ တင်ဖို့ကြိုးစား။

(မနိုင်ဝန် မလုပ်နဲ့၊ တန်ရာတန်ရာလုပ်။)

Better bow than break.
ကျိုးသွားတာနဲ့စာရင် ကွေးနေတာက တော်သေးတယ်။
(အားမတန်မာန်လျှော့)
To have two strings to one bow.
လေးတစ်စင်းမှာ ကြိုးနှစ်ပင်တပ်။ (တစ်ဂူထဲ နှစ်ကောင်အောင်း)
To draw the long bow.
စကားကြောရှည်တယ်။ (ဇာချဲ့တယ်)

**Bower**

He that heareth much and speaks not at all.
များများနားထောင်ပြီး နည်းနည်းပြောတယ်။

**Bowl**

It is easy to bowl downhill.
အဆင်းတွန်းရတာ လွယ်တယ်။

**Boy**

A bad boy sometimes makes a goodman.
ငယ်ကဆိုးတဲ့ကလေး ကြီးရင်ကောင်းတတ်တယ်။
Boys will be men.
အရွယ်ကြီးလာတယ်၊ အချိန်စီးလာတယ်။
(လူကြီးဖြစ်လာမယ့် လူငယ်တွေ)
Boys will be boys.
အရွယ်သာကြီးလာတယ်၊ အချိန်က မစီးဘူး။
(လူကြီးဖြစ်မလာမယ့် လူငယ်၊ လူငယ်သဘာဝ)
What the boy learns the man teaches.
သက်ကြီးစကား၊ သက်ငယ်ကြား။

**Brain**

The brain don't lie in the beard.
မုတ်ဆိတ်မွေးထဲမှာ ဦးနှောက်မရှိဘူး။

If the brain sows not corn, it plants thistles.
ဦးနှောက်မကောင်းရင် လုပ်ငန်းမအောင်မြင်။

**Branch**

He that loves the tree loves the branch.
အပင်ကိုချစ်သူ အကိုင်းကိုလည်း ချစ်တယ်။

The highest branch is not the safest root.
အမြင့်ဆုံးအကိုင်း စိတ်မချရ။

**Brass**

The earthern pot must keep clear of the brass vessel.
မြေအိုးဟာ ကြေးအိုးနဲ့ ခပ်ဝေးဝေးနေရတယ်။

**Brave**

Fortune favours the brave.
(ကြောက်ရင်လွဲ) ရဲ မင်းဖြစ်။

None but the brave deserves the fair.
ပြိုင်ပွဲဆိုတာ ရဲ့ရင့်သူများနဲ့သာ ထိုက်တန်တယ်။

**Bray**

Every ass loves to hear himself bray.
မြည်းတိုင်း သူ့ဟီသံကို ကြားချင်တယ်။

**Bread**

They that have good store of butter may lay it thick on their bread.
ထောပတ်ကို သိုမှီးထားသူ၊ ပေါင်မုန့်ထောပတ် ထူထူသုတ်နိုင်တယ်။

Hope is the poor man's bread.
မျှော်လင့်ချက်ဟာ ဆင်းရဲသားများရဲ့ ပေါင်မုန့်ပဲ။

Give us this day our daily bread.

နေ့စဉ် ခွန်အားပေးသနားတော်မူပါ။

No butter will stick to his bread.

သူ့ပေါင်မုန့်မှာ ထောပတ်မပါ။

Better half a load than no bread.

လုံးဝမရှိတာနဲ့စာရင် ပေါင်မုန့်တစ်ဝက်ရှိတာ တော်သေးတယ်။

**Break**

He that makes a thing too fine breaks it.

ပြင်လွန်း၊ ဖင်ချွန်း။

One who makes the law may also know how to break it.

ဥပဒေပြုသူဟာ ဥပဒေကို ချိုးဖောက်နိုင်တဲ့နည်းလည်း သိထားတယ်။

**Breakfast**

If you sing before breakfast, you'll cry before night.

မနက်စာမစားခင် သီချင်းမဆိုနဲ့၊ ညမရောက်ခင် ငိုရတတ်တယ်။

**Breath**

One man's breath, another's death.

သူတည်းတစ်ယောက်၊ ကောင်းဖို့ရောက်မူ၊ သူတစ်ယောက်မှာ၊ ပျက်လင့်ကာသာ၊ ဓမ္မာတာတည်း။

The first breath is the begining of death.

ဇာတိဆိုတာ မရဏရဲ့အစပဲ။

Save your breath to cool your porridge.

နေ့ဖို့ညစာ ချန်ဦးမှပေါ့။

**Breed**

Birth is a much but breeding is more.

မွေးဖို့ထက် ကျွေးဖို့က ပိုအရေးကြီးတယ်။

**Brevity**

Brevity is the soul of wit.

ပညာရှိသူ တိုတိုတုတ်တုတ်ပြော။ (ဖရန့်စစ္စဘေကွန်၏ စကား)

**Brew**

As they brew, so let them drink.

စိုက်ပျိုးထားသလို ရိတ်သိမ်းရပေမယ်။

**Bribery**

Few men have virtue to wishstand the highest bribery.

ငွေများများ လာဘ်ထိုးရင် ခံနိုင်သူရှားတယ်။

**Brick**

To make bricks without straw.

ဝ, မရှိဘဲ၊ ဝိ, လုပ်။

**Bridge**

Never cross a bridge till you come to it.

ယုန်မရခင် သံပုရာရည် မရှာပါနဲ့။

Bridges were made for wise men to walk over, and fools to ride over.

ပညာရှိတွေက တံတားပေါ်မှာ လျှောက်သွားကြတယ်။ လူမိုက်တွေက မြင်းစီးသွားကြတယ်။

**Bright**

He is only bright that shines by himself.

မိမိဘာသာမိမိ အရောင်တင်သူသာ တကယ်အရောင်တောက်တယ်။

**Bring**

Bring a cow to the hall and she will run to the byre.

ချေးထဲကလောက်၊ ချေးထဲပျော်။

**Broke**

He never broke his hour that kept his day.

တစ်နေ့စာထိန်းပေးထားတဲ့ နာရီတွေကို သူဘယ်တော့မှ ဖြုန်းတီး မပစ်ဘူး။

**Broken**

Promises are oftener broken than kept.

ကတိဆိုတာ တည်ခဲသား။

The pitcher goes so often to the well that it is broken at last.

ရေတွင်း ခဏခဏရောက်တဲ့အိုး၊ နောက်ဆုံးကွဲတာပဲ။

**Broker**

A crafty knave needs no broker.

လူလည်၊ ပွဲစားမလိုဘူး။

**Broom**

A new broom sweeps clean.

တံမြက်စည်းအသစ် လှဲလို့ကောင်းတယ်။
(လူသစ် အလုပ်ကောင်းကောင်းလုပ်တယ်။)

**Brush**

All tarred with the same brush.

အပေါင်းကြောင့် ဂုဏ်တက်၊ အပေါင်းကြောင့် ဂုဏ်ပျက်။

**Brusher**

Critics are like brushers of nobleman's clothes.

ဝေဖန်ရေးသမားတွေဟာ ကြီးကျယ်တဲ့လူတွေကို အရောင်တင်ပေးတာပဲ။

**Brute**

A solitary man is either a brute or an angel.

အထီးကျန်ဆိုတာ နတ်ရင်လည်း ဖြစ်ရမယ်၊ လူဆိုးရင်လည်း ဖြစ်ရမယ်။

**Bubble**

Man is a bubble.

လူ့ဘဝဟာ ရေပွက်ပမာ။

**Build**

It is easier to build two chimneys than to maintain one.

မီးခိုးခေါင်းတိုင် နှစ်ခုလုပ်ဖို့ လွယ်တယ်၊ တစ်ခုကို ထိန်းဖို့ မလွယ်ဘူး။

It is easier to pull down than to build.

ပြုဖို့ထက် ဖျက်ဖို့လွယ်တယ်။

**Bull**

To take the bull by the horns.

အပိုင်ကိုင်ထားတယ်။

**Bully**

A bully is always a coward.

စွာကျယ်ကျယ်လုပ်တတ်သူ၊ သူရဲဘောကြောင်တတ်တယ်။

A bully never grows up.

နိုင်လိုမင်းထက် လုပ်ချင်သူတွေမှာ ကလေးစိတ်မကုန်ကြဘူး။

**Burden**

Too much praise is a burden.

ချီးမွမ်းခံရလွန်းရင် ဒုက္ခပဲ။

Let every pedlar carry his own burden.

ကိုယ့်ဝန်ကိုယ်ထမ်း၊ (ကိုယ့်လမ်းကိုယ်လျှောက်)

The greatest burdens are not the gain fullest.

ပင်ပန်းသလောက် အကျိုးမခံစားရဘူး။

**Burn**

Fire that is closest kept burns most of all.

မီးဟာ နီးရာအကုန် လောင်စမြဲပဲ။

The burnt child dreads the fire.

မီးလောင်ခံရဖူးတဲ့ကလေး မီးကိုကြောက်တယ်။

He that burns most shines most.

အလောင်အမြိုက်ခံရလေ၊ ပိုတောက်ပြောင်လာလေ။

(အထုအထောင်းခံရလေ၊ ပိုမာလာလေ။)

**Bury**

No churchyard is so handsome that a man would desire to be buried there.

သေလိုက်ချင်စိတ်ပေါက်လောက်အောင် လှပတဲ့သင်္ချိုင်းမရှိ။

**Business**

Cheat or be cheated is something called business.

လိမ်တယ်၊ အလိမ်ခံရတယ်ဆိုတာတွေဟာ စီးပွားရေးအလုပ်ပဲပေါ့။

Business is business.

အလုပ်ဟာ အလုပ်ပဲ။ စီးပွားရေးဟာ စီးပွားရေးပဲ။

Everyboy's business is nobody's business.

သူလုပ်နိုး၊ ကိုယ်လုပ်နိုးနဲ့ နောက်ဆုံး ဘယ်သူမှမလုပ်ဖြစ်။

**Busy**

Who is more busy than he who hath least to do?

အလုပ်အနည်းဆုံး လုပ်တဲ့လူဟာ၊ အလုပ်အရှုပ်ဆုံးလူပဲ။

The busiest men have the most leisure.

အလုပ်အများဆုံးလူမှာ နားချိန်အများဆုံးရှိတယ်။

The fool is busy in everyman's business but his own.

ကိုယ့်အလုပ်ကိုယ်မလုပ်၊ သူများအလုပ် ဝင်ရှုပ်သူဟာ အရူးပဲ။

To be too busy gets contempt.

အလုပ်လွန်လွန်းရင် လူတကာအမြင်ကပ်။

**Butcher**

Better pay the butcher than the doctor.

အသားဖိုး နှမြောရင် သမားဖိုး ချောလိမ့်မယ်။

**Buttered**

His bread is buttered on both sides.

ဖို့နှစ်ဖို့ သူ့ဖို့ချည်း။ (လှေနံနှစ်ဖက် နင်းထားတယ်)

**Butterfly**

Take not a musket to kill a butterfly.

နှံပြီစုတ် အမြောက်နဲ့ချိန်။

**Buy**

He that buys flesh buys bones.

အသားဝယ်ရာ၊ အရိုးအဆစ်ပါ။

**Buyer**

Let the buyer beware.

ဝယ်တဲ့လူကတော့ ကြည့်တယ်။ (သတိနဲ့ဝယ်)

(Caveat Emtor = လက်တင်စကား)

The buyer needs a hundred eyes, the seller not one.

ဝယ်သူမှာ မျက်လုံးတစ်ထောင်လိုတယ်၊ ရောင်းသူမှာ တစ်လုံးတောင် မလိုဘူး။

**By**

By the Street of By and By, one arrives at the House of Never.

နေ့ရွှေ့ ညရွှေ့လုပ်နေလို့ကတော့ ဘယ်တော့မှ ပြီးမှာမဟုတ်ဘူး။

By hook or by crook.

ဘယ်နည်းနဲ့ရရ။

**Bygone**

Let bygone be bygones.

ပြီးတာတွေ ထားလိုက်ပါတော့။

(ချေးခြောက် ရေမနှူးပါနဲ့)

**C**

**Cabbage**

A tale twice told is cabbage twice sold.

နှစ်ခေါက်ပြောတဲ့ပုံပြင်၊ နှစ်ခါတင်ရောင်းတဲ့ မုန်လာတောင်း ဘယ်ကောင်းနိုင်ပါ့မလဲ။

**Cable**

A mouse in time may bite into a cable.

တဖြည်းဖြည်းကိုက်တော့လည်း နောက်ဆုံးပြတ်တာပဲ။
(အချိန်တန်တော့ နွားပိန်ကန်)

**Cackle**

You often cackle but never lay an egg.

တွန်ပဲတွန်တယ်၊ ဘယ်တော့မှ မဥဘူး။

**Cake**

You cannot eat your cake and have it too.

စားချင်ရင် မချန်နဲ့၊ ချန်ချင်ရင် မစားနဲ့။

**Calendar**

Death keeps no calendar.

သေခြင်းတရားမှာ ပြက္ခဒိန်မရှိ။

**Calf**

Many a cow hath a bad calf.

(နွားကလေးတွေထဲမှာ နွားဆိုးလေးတစ်ကောင်တော့ ပါမြဲပဲ။
(စုန်းပြူးကတော့ ရှိမြဲပေါ့)

**Call**

Call the bear uncle till you are safe across the bridge.

တံတားဟိုဘက်မရောက်သေးဘဲ ရန်မလုပ်နဲ့။

Call no man happy till he dies.

မသေခင်မှာ ပျော်နေကြတာပဲလို့ ဘယ်သူ့ကိုမှ မပြောနဲ့။

**Calm**

In a calm sea, every man is a pilot.

ငြိမ်သက်နေတဲ့ ပင်လယ်ပြင်မှာတော့ လူတိုင်းဟာ မာလိန်မှူးပဲ။
(အခြေအနေကောင်းနေရင် လူတိုင်း ရှေ့ထွက်ချင်)

After a storm comes a calm.

မုန်တိုင်းကျပြီးရင် ငြိမ်သက်သွားမြဲပဲ။

**Camel**

Be a camel in the desert of life.

ဘဝကန္တာရကြီးထဲမှာ ကုလားအုတ်တစ်ကောင် ဖြစ်ပါစေ။

The camel going to seek horns, lost his ears.

ချိုရှာတဲ့ ကုလားအုပ်၊ နားရွက်ပြုတ်။ (ဖွတ်မရ၊ ခါးမ,ဆုံး)

**Candle**

To burn the candle at both ends.

ဖယောင်းတိုင်ကို နှစ်ဖက်စလုံး မီးညှိလို့ကတော့ ဘာမှ အကျိုးမရှိ။

A candle lights others and consumes itself.

ဖယောင်းတိုင်ဟာ ဘဝအဆုံးခံပြီး တခြားလူတွေကို အလင်းရောင် ပေးတယ်။

To hold a candle to the devil.

သူခိုးလမ်းပြ။

**Candlelight**

Choose neither a woman nor linen by candlelight.

မိန်းမနဲ့အဝတ်အစားကို ဖယောင်းတိုင်မီး အလင်းလောက်နဲ့ မရွေးပါနဲ့။

**Cap**

If the cap fits, wear it.

တော်တဲ့ဦးထုပ်ကို ဆောင်းပါ။

**Capital**

Capital is dead labour.

အရင်းဆိုတာ အလုပ်သမားတွေရဲ့ ချွေးနည်းစာ။

Labour is the employer of capital.

လုပ်အားဆိုတာ ရင်းနှီးငွေရဲ့ အလုပ်သမား။

**Capon**

If thou hast not a capon, feed on an onion.

ကြက်သားမရှိ ကြက်သွန်စား။ (သစ်မရခင် ဝါးပေါင်းကွပ်တင်)

**Carcass**

Wheresoever the carcass is, there will the eagles be gathered together.

အညှီရှိရာ ယင်အုံ။

**Cards**

Cards are the devil's books.

ဖဲချပ်တွေဟာ မကောင်းဆိုးဝါးဖတ်တဲ့ စာအုပ်တွေပဲ။

(ဖဲကစားရင် ကိုယ်ကျိုးနည်းပြီမှတ်)

There is no pack of cards without a knave.

လူလိမ်လူညာမရှိရင် ဖဲထုပ်မရှိ။ ဖဲလိမ်မရိုက်တဲ့ ဖဲသမားမရှိ။

**Care**

Care killed the cat.

ဂရုစိုက်လွန်းတော့ ကြောင်သေ။ (ယုယလွန်းတဲ့ကလေး မသန်စွမ်း)

Care is no cure.

သတိရှိရုံလောက်နဲ့ မလုံလောက်သေး။

The resolved mind hath no cares.

အဆုံးအဖြတ်သာရှိ ပူရန်မလို။

Little goods, little care.

နည်းနည်းရှိ နည်းနည်းကြောင့်ကြရ။

**Carry**

It is no use carrying coal to New castel.

အညာကို ဆီမသယ်လေနဲ့။

He carries well to whom it weighs not.

ဝန်ချိန်နည်းတော့ သယ်ရတာ 'ပေါ့'။

**Carried**

He that is carried down the stream, need not row.

ရေစုန်မျော၊ လှော်တက်မလို။

**Cart**

To put the cart brfore the horse.

နွားရှေ့ ထွန်ကျူး။ (မြင်းရှေ့မှာ လှည်းထားသလို)

**Case**

Circumstances alter cases.

အခြေအနေတွေက ဖြစ်ရပ်တွေကို ပြောင်းလဲပစ်တယ်။

No case: abuse the plaintiff's attorney.

အမှုမမြောက်တော့ ရှေ့နေအဆဲခံရ။

**Cask**

Every cask smells of the wine it contains.

ထည့်ထားတဲ့ အရက်နံ့ စည်မှာစွဲနေတယ်။

**Cast**

It is in vain to cast your net where there is no fish.

ငါးမရှိတဲ့နေရာ ကွန်ပစ်။ (မရောင်ရာ ဆီလူး)

Cast not out the foul water till you bring in the clean.

ရေသန့်မရခင် ရေနောက်တွေကို သွန်မပစ်နဲ့။

**Castle**

An Englishman's home is his castle.
သူ့အိမ်ဟာ သူ့ရဲတိုက်ပဲ။
(ကိုယ့်အိမ်ကိုယ့်ရာ၊ ကိုယ့်စံဂေဟာ)
To build castles in the air.
လေထဲ တိုက်အိမ်ဆောက်။ (စိတ်ကူးနဲ့ရူး)
An ass, loaded with gold, climbs to the top of the castle.
ရွှေသယ်တဲ့မြင်း ရဲတိုက်ကြီးဆီ အရောက်တက်။ (ငွေရှိရာ ငွေလာ)

**Cat**

A cat in gloves catches no mice.
လက်အိတ်ဝတ်တဲ့ကြောင်၊ ကြွက်မဖမ်းနိုင်။
When the cat's away, the mice will play.
ကြောင်မရှိတော့ ကြွက်ထ။
The cat and dog may kiss, yet are none the better friends.
ရန်သူချင်းချစ်၊ ဘယ်တော့မှ မိတ်ဆွေမဖြစ်။
Cats hide their claws.
ကြောင် လက်သည်းဝှက်။
Tought the cat winks a while, yet sure she is not blind.
မျက်စိကလေး တစ်ချက်မှိတ်တာကို ကန်းတယ်လို့ မထင်လိုက်နဲ့။
All cats are grey in the dark.
ကြောင်အားလုံးဟာ အမှောင်ထဲမှာတော့ အနက်တွေချည်း။
To let the cat out of the bag.
အိတ်ထဲက ကြောင်ကို အပြင်ထုတ်လိုက်တယ်။
(ဝှက်ထားတာကို ထုတ်ပြလိုက်တယ်)

An old cat laps as much as a young kitten.
နွားပျိုသန်လှ နွားအိုပေါင်ကျိုး။
It is a bold mouse that breeds in cat's ear.
ကြောင်နား ကပ်ရဲတဲ့ကြွက်၊ ကြွက်သူရဲကောင်း။
Who is going to bell the cat?
ကြောင်ကို ဘယ်ကြွက်ခြုဆွဲသလဲ။

**Catch**

To catch two pigeons with one bean.
တစ်ချက်တည်းနဲ့ နှစ်ကောင်မိ။ (တစ်ချက်ခုတ်၊ နှစ်ချက်ပြတ်)
You cannot catch old birds with chaff.
ငှက်အိုတွေကို ဖွဲနဲ့ထောင်ဖမ်းမရ။
(အတွေ့အကြုံများသူကို လွယ်လွယ်နဲ့ ဆွယ်မရ)
Catch not the shadow and lose the substance.
အကောင် မဖမ်း၊ အရိပ်ဖမ်း။
To scare a bird is not the way to catch it.
ခြောက်လှန့်ပြီး ငှက်ထောင်တာ နည်းလမ်းမကျ။
The fox knows much, but more he that catcheth him.
မြေခွေးက ဉာဏ်များတယ်၊ မြေခွေးကို ဖမ်းသူက ပိုဉာဏ်များတယ်။
(သူ့ထက်သူ လူစွမ်းကောင်း)
If you run after two hares, you will catch neither.
ယုန်နှစ်ကောင် တစ်ပြိုင်တည်းဖမ်းတော့ နှစ်ကောင်စလုံးလွတ်။
(အဘိုးသေတာလည်း မမီ၊ ထီးတင်ပွဲလည်း မမီ)

**Cause**

Take away the cause and the effect must cease.
အကျိုးတရားတိုင်းမှာ အခြေခံအကြောင်းရှိတယ်။

There is one basic cause of all effects.
ကိုယ်ကျိုးစီးပွားအတွက်ဆိုရင် ဘာကိုမှမမြင်။
(ဘယ်သူသေသေ၊ ငတေမာပြီးရော)

**Caution**

Caution is the eldest child of wisdom.
သတိဟာ ပညာရဲ့အကြီးဆုံးသား ဖြစ်တယ်။
(သတိကို တမံသဖွယ်)

**Caveat**

Caveat emptor.
ဝယ်တဲ့လူက ကြည့်ဝယ်။ (လက်တင်ဘာသာစကား)

**Certain**

It is certain because it is impossible.
မဖြစ်နိုင်ဘူးဆိုတာ သေချာမှုတစ်ခုပဲ။
Nothing is certain but uncertainty.
မသေချာတာလောက် သေချာတာမရှိ။

**Chain**

The chain is no stronger than its weakest link.
သံကြိုးတစ်ချောင်းရဲ့ ခိုင်ခံ့မှုဟာ အားအနည်းဆုံး အဆက်ပေါ်မှာ တည်တယ်။

**Chance**

It chanceth in an hour, that happenth not in seven years.
ဖြစ်ဖို့ကြာ၊ ပြတ်ချင်တော့ ခဏလေး။

**Chancery**

Hell and Chancery are always open.
ငရဲတံခါးနဲ့ တရားရုံးတံခါး အမြဲဖွင့်ထားတယ်။

**Change**

A man will never change his mind, if he has no mind to change.

ယောကျ်ားတစ်ယောက်ရဲ့ စိတ်ဟာ မပြောင်းချင်ရင် ပြောင်းကို မပြောင်းဘူး။ စိတ်မရှိတဲ့လူဟာ စိတ်မပြောင်းဘူး။

I will not change a cottage in possession for a kingdom in reversion.

ကိုယ်ပိုင်တဲ့ တဲကုတ်ကလေးကို မပိုင်ဆိုင်ရသေးတဲ့ မင်းနေပြည်ကြီးနဲ့ မလဲနိုင်။

**Changing**

Changing of words is the lightening of hearts.

အလေးအနက်မထားသူဟာ ဗလောင်းဗလဲ ပြောတတ်တယ်။

**Charity**

Charity beings at home.

မိသားစုအပေါ် အရင်ကျပါ။

(ကိုယ့်ဝမ်းတောင် မသဒ္ဓါမှတော့ လှူဖို့ဝေးပေါ့)

Charity covers a multitude of sins.

လှူဒါန်းရင် အကုသိုလ်ကင်း။

**Chatter**

Who chatters to you will chatter of you.

သင့်ကို စကားများများပြောသူဟာ သင့်အကြောင်း နောက်ကွယ်မှာ ပြောမှာပဲ။

**Cheap**

Never buy anything because it is cheap or because it is dear.

ဈေးချိုလွန်းလည်း မဝယ်နဲ့၊ ဈေးများလွန်းလည်း မဝယ်နဲ့။

**Cheer**

Welcome is the best cheer.

ခရီးဦးကြိုပြုရင် ဝမ်းသာစရာကောင်းလှပါပြီ။

Christmas comes but once a year.

သီတင်းဟာ တစ်ခါပဲကျွတ်ပါတယ်။

(ခရစ်စမတ်ဟာ တစ်နှစ်မှာ တစ်ကြိမ်ပဲလာတယ်)

**Chicken**

To count one's chickens before they are hatched.

ကြက်ဥက မပေါက်သေးဘူး၊ ကြက်ကလေးတွေကို ရေကြည့်နေပြီ။

One should be bold and not chicken-hearted.

ကြောက်မွေးပါ၊ ဇာဂနာနဲ့နှုတ်ပစ်။

**Child**

The first service a child does his father is to makes him foolish.

ကလေးပထမဆုံး စလုပ်တဲ့အလုပ်ဟာ ဖအေကို အရူးလုပ်တဲ့ အလုပ်ပဲ။ (သားဦးအရူး)

A child may have too much of his mother's blessings.

မိခင်မေတ္တာ အနှိုင်းမဲ့တယ်။

Spare the rod and spoil the child.

တုတ်မသုံးရင် ကလေးဆိုးတယ်။

**Children**

Children when they are little make parent fools, when thay are great they make them mad.

သားသမီးတွေ ငယ်စဉ်မှာ မိဘကို လူပေါကြီးတွေဖြစ်အောင် လုပ်တယ်။

Children pick up words as pigeons pick peas and utter them again as God shall please.

အတုမြင် အတတ်သင်ကြတာ ကလေးတွေပဲ။

He that has no children knows not what is love.

သားသမီးမရှိ၊ အချစ်မသိ။

When children hear at home, doth soon fly abroad.

အိမ်တွင်းစကား၊ ကလေးကြားရင် အပြင်ရောက်။

When children stand quite they have doen some ill.

ကလေးတွေ ငြိမ်နေပြီဆိုရင် မဟုတ်တာ တစ်ခုခုလုပ်ထားကြပြီမှတ်။

Children are poor men's riches.

သားသမီးဆိုတာ ဆင်းရဲသူဆင်းရဲသားများအဖို့တော့ ရတနာပဲ။

Children and fools speak the truth.

ကလေးနဲ့အရူးဟာ အမှန်ပြောတယ်။

Children and fools have merry lives.

ကလေးဘဝနဲ့ အရူးဘဝဟာ ပျော်စရာပါ။

**Chimeny**

Many chimneys little smoke.

ခေါင်းတိုင်တွေများ၊ မီးခိုးကနည်း။ (လူများပြီး ပွဲမစည်)

**Chip**

A chip of the same block.

သစ်တုံးကြီးက အပိုင်းအစတစ်ခု။ (ဒီပုတ်ထဲက ဒီပဲ)

A chip of the old block.

သစ်တုံးအိုကြီးက အပိုင်းအစတစ်ခု။ (ဘမျိုး ဘိုးတူ)

**Choice**

There is small choice in rotten apples.

အပုပ်တွေများလို့ ရွေးစရာရှား။

You pay your money and take your choice.

ရွေးထားတာကို ငွေပေးယူ။

**Choose**

Choose a wife rather by your ear than your eye.

မိန်းမကို မျက်စိနဲ့မရွေးနဲ့၊ နားနဲ့ရွေးပါ။

**Chooser**

Beggars cannot be choosers.

သူတောင်းစား ဂျီး (ချေး) များ မနေနိုင်။

**Choosing**

Choosing a wife, and buying a sword, we ought not to trust another.

မိန်းမရွေးတဲ့အခါ၊ ဓားဝယ်တဲ့အခါ ဘယ်သူ့စကားမှ မယုံနဲ့။

**Christmas**

Christmas comes but once a year.

သီတင်းတစ်ခါပဲ ကျွတ်တယ်။

(ခရစ်စမတ်ဟာ တစ်နှစ်မှာ တစ်ခါပဲလာတယ်)

**Church**

Church is an anvil which has worn out many hammers.

ဘုရားကျောင်းဆိုတာ "တူ"များစွာကို ပျက်စီးသွားစေတဲ့ "ပေ"ပဲ။

The nearer the church, the farher from God.

ဘုရားကျောင်းနဲ့နီးလေ၊ ဘုရားနဲ့ဝေးလေ။

**Circumstances**

Circumstances alter cases.

အခြေအနေတွေက အမှုအခင်းကို ပြောင်းပေးလိုက်တယ်။

**City**

A great city a great solitude.

မြို့ကြီးမှာနေရတာ အထီးကျန်ဆန်တယ်။

If you would know and not be known, live in a city.

လူသိမခံချင် မြို့ကြီးမှာနေ။

**Clay**

The same heat that melts the wax will harden the clay.

ဖယောင်း အရည်ပျော်စေတာ ဒီအပူ၊ မြေကို မာစေတာ ဒီအပူ။

**Clergy**

The defects of a clergyman are soon spied.

ရဟန်း အပြစ်ကျူးလွန်ရင် လူသိမြန်တယ်။

**Clerk**

The best clerks are not the wisest men.

အကောင်းဆုံးစာရေးဆရာတွေဟာ ပညာအရှိဆုံးပုဂ္ဂိုလ်တွေ မဟုတ်ပါဘူး။

**Climb**

He who would climb the ladder must begin at the bottom.

လှေကားတက်ရင် ပထမဆုံးအထစ်က စ,တက်ရတာပါပဲ။

He that never climbed never fell.

ဘယ်တော့မှ မတက်သူ၊ ဘယ်တော့မှ လိမ့်မကျ။

**Cloak**

Have not thy cloak to make, when it begins to rain.

မိုးရွာမှ ဆောင်းစရာရှာ။

**Close**

A closed mouth catches no flies.

ပါးစပ်ပိတ်ထားတော့၊ ယင် မဝင်ဘူးပေါ့။

Into a shut mouth flies fly not.

ပိတ်ထားတဲ့ ပါးစပ်ထဲ၊ ယင်တွေ ဘယ်ဝင်မလဲ။

**Cloth**

Good clothes open all doors.

ဝတ်ကောင်းစားလှ ဝတ်ထားရင် အားလုံးက ကြည်ဖြူချင်။

(အဝတ်အစားကောင်းတွေက တံခါးတွေကို ပွင့်စေတယ်)

God sends cold after clothes.

ဘုရားသခင်က အဝတ်တွေပေးပြီးမှ အအေးဓာတ်လွှတ်တာပါ။

**Cloud**

Every could has a silver lining.

တိမ်မှာ ငွေနားကွပ်ရှိတယ်။

(အခက်အခဲ၊ အကျပ်အတည်းတိုင်းမှာ မျှော်လင့်စရာရှိတယ်)

**Cloudy**

Cloudy mornings to clear afternoons.

အကောင်းလာမယ့်ကြုံ၊ အဆိုးရှေ့ကခံ။

**Coal**

To carry coal to Newcastle.

ရေတိုက်သစ်ကြီးထဲ မီးသွေးပို့။ (အညာကို ဆီသယ်)

(အမြင်မတော်၊ ဆင်တော်နဲ့ခလောက်)

Let him that is cold blow at the coal.
ချမ်းရင် မီးလှုံပါစေ။

**Coat**

To cut one's coat according to one's cloth.
ပိတ်စအတိုင်း အင်္ကျီချုပ်ရမှာပဲ။
(မီးစင်ကြည့်ကရမှာပဲ၊ အိုးနဲ့ဆန်တန်ရုံ)

He who has but one coat, cannot lend it.
အင်္ကျီပိုမရှိတဲ့လူ အင်္ကျီပေးမငှားနိုင်ဘူး။

**Cobbler**

Let the cobbler stick to his last.
ဖိနပ်ချုပ်သမား ပြီးအောင်ချုပ်ပါစေ။
(ကိုယ်လုပ်စရာကို ဆုံးခန်းတိုင်အောင်လုပ်ပါ)

**Cock**

A cock is bold on his own dunghill.
ကြက်ဖကြီးဟာ သူ့ချေးပုံပေါ်မှာပဲ သတ္တိကောင်းတယ်။
(အိမ်မှာပဲကျယ်တယ်။ ဝါးလုံးခေါင်းထဲ လသာ)

Young cocks love no coops.
ကြက်ငယ်တွေ ကြက်ခြံကိုမကြိုက်။
(လူငယ်တွေ လွတ်လပ်မှုကို မြတ်နိုးကြတယ်။)

**Coin**

Much coin, much care.
များများချမ်းသာ၊ များများကြောင့်ကြ။

**Cold**

A cold hand and a warm heart.
လက်အေးပေမယ့် နှလုံးနွေးတယ်။

To a child all weather is cold.
ကလေးအဖို့တော့ ရာသီဥတုတိုင်းဟာ အေးနေတာပဲ။

**Coldest**

In the coldest flint there is hot fire.
အအေးဆုံးဆိုတဲ့ မီးခတ်ကျောက်ထဲမှာတောင် မီးရှိတယ်။

**Colour**

A good horse cannot be of bad colour.
အရောင်အသွေးလှရင် မြင်းကောင်းပြီ။
Truth fears no colours.
အမှန်တရားဟာ ဘာကိုမှ မကြောက်ဘူး။
A blind man cannot judge colours.
အကန်း အရောင်မသိ။

**Colt**

A ragged colt may make a good horse.
ငယ်စဉ်ကဆိုးပေမယ့် ကြီးလာရင် ကောင်းတတ်တယ်။

**Come**

Lightly come, lightly go.
ပေါ့ပေါ့ရ၊ ပေါ့ပေါ့သုံး။ (လွယ်လွယ်ရ၊ လွယ်လွယ်ကုန်)
He who comes uncalled, sits unserved.
မခေါ်ဘဲလာရင် မကျွေးဘဲထားမှာပဲ။

**Comfort**

One year of joy, another of comfort, and all the rest of content.
ပျော်ပျော်နေလိုက်၊ ဇိမ်ခံလိုက်၊ နောက်ဆုံးတော့ ရောင့်ရဲရတော့တာပဲ။

**Comforter**

The comforter's head never aches.

နှစ်သိမ့်အားပေးတဲ့သူ ခေါင်းမခဲဘူး။

**Command**

Counsel is no command.

အကြံပေးတာဟာ အမိန့်ပေးတာ မဟုတ်ပါဘူး။

Command your man and do it yourself.

အမိန့်ပေးတော့ပေးပါ၊ ကိုယ်တိုင်လည်းလုပ်ပါ။

The command of custom is great.

ဓလေ့ထုံးကို ပစ်ပယ်လို့မရ။

He is not fit to command others that cannot command himself.

ကိုယ့်ကိုယ်ကို အမိန့်မပေးနိုင်သူ၊ သူများကို အမိန့်မပေးသင့်။

**Commence**

He who commences many things finishes but few.

အလုပ်အများကြီးစသူ အလုပ်နည်းနည်းပဲပြီးတယ်။

**Commit**

He that commits a fault, thinks everyone speaks of it.

အပြစ်တစ်ခု ကျူးလွန်ထားသူဟာ လူတိုင်းကိုမယုံ မလုံတော့ဘူး။

**Common**

A common servant is no man's servant.

လူတကာခိုင်းဘတ်ဟာ ဘယ်သူရဲ့ ခိုင်းဘတ်မှမဖြစ်နိုင်။

The things in friends are in common.

မိတ်ဆွေတွေရဲ့ အကြိုက်ဟာ တူတတ်တယ်။

## Companion

A man knows his companion in a long journey and at a little inn.

ကြာကြာပေါင်းမှ လူ့အကြောင်းသိ။ ခရီးအတူသွားမှ ခေတ်သိ။

There is no companion, like a penny.

ငွေလို အပေါင်းအဖော်မျိုးမရှိ။

## Company

The company makes the feast.

ဝိုင်းစားတော့ ထမင်းမြိန်။

There is nobody who will go to hell for company.

အဖော်အဖြစ်နဲ့ ငရဲလိုက်မယ့်လူမရှိ။

Good company on the road is the shortest cut.

အဖော်ကောင်းနဲ့ ခရီးသွားရင် ခရီးတိုတယ်။

As a man is, so is his company.

လူဟာ စရိုက်တူချင်းပေါင်းတယ်။

It is good to have company in trouble.

ဒုက္ခရောက်တုန်းမှာ မိတ်ကောင်းရှိရင် ကောင်းပါတယ်။

Two is company, three is a crowd.

နှစ်ယောက်ဆိုရင် အပေါင်းအဖော်ကောင်း၊ သုံးယောက်ဆိုရင် မကောင်းတော့ဘူး။

A man is known by the company he keeps.

သူ့အကြောင်း၊ သူ့အပေါင်းအဖော်တွေကိုကြည့်၊ သိ။

## Comparison

It is comparison that makes men happy or miserable.

အထက်ကိုပဲ အမြဲမော့မကြည့်နဲ့၊ အောက်ကိုလည်း ငုံ့ကြည့်ဦး။

**Conduct**

We may give advice, but we cannot give conduct.

အကြံဉာဏ်ကို ပေးနိုင်တယ်၊ လုပ်ဖြစ်အောင်တော့ မဖန်တီးနိုင်ဘူး။

**Confession**

Confession is good for the soul.

ဝန်ခံလိုက်ရင်၊ စိတ်ကြည်လင်။

**Confidence**

Confidence is a plant of slow growth.

ယုံကြည်မှုဆိုတာ တဖြည်းဖြည်းပေါ်လာတဲ့ အရာဖြစ်တယ်။

**Conquering**

There is no such conquering weapon as the necessity of conquering.

"လိုအပ်မှုလက်နက်" ကြောင့် အောင်မြင်တာထက်၊ ဘယ်လက်နက်မှ မအောင်မြင်စေဘူး။

**Conqueror**

In love's wars he who flies is conqueror.

အချစ်စစ်ပွဲတွေမှာ နောက်ဆုတ်ပေးတဲ့လူ အောင်မြင်သူပဲ။

**Conscience**

A guilty conscience needs no accuser.

အပြစ်ရှိကြောင်းသိနေသူကို စွပ်စွဲမယ့်သူ မလိုဘူး။

**Consent**

Silence gives consent.

ဆိတ်ဆိတ်နေတာ ဝန်ခံခြင်းပဲ။

**Consume**

Consume your own smoke.

ကိုယ့်ဆေးငွေ့ ကိုယ်ရှူရှိုက်ပါ။

**Contemplate**

He that contemplates, hath a day without night.

အတွေးရေယာဉ်ကြော မျှောသူမှာ ညမဲ့တစ်နေ့ရှိတာပဲ။

**Contempt**

Contempt pierces even through the shell of the tortoise.

စက်ဆုပ်ရွံရှာမှုဟာ လိပ်ခွံကိုတောင် ထိုးဖောက်နိုင်တယ်။

To be too busy gets contempt.

အလုပ်လွန်လွန်းသူကို အများက အမြင်ကပ်ကြတယ်။

**Content**

Content is more than a kingdom.

ရောင့်ရဲနိုင်ရင် မင်းနေပြည်ကြီးထက် တန်ဖိုးရှိတယ်။

Content is the philosopher's stone, that turns all it touches into gold.

ရောင့်ရဲမှုဓာတ်လုံးဟာ အရာရာကို ရွှေဖြစ်စေတယ်။

He that studies his content wants it.

ရောင့်ရဲမှုအရသာကိုသိမှ ရောင့်ရဲချင်တယ်။ ရောင့်ရဲလား စဉ်းစားရင် မရောင့်ရဲလို့။

Content is happiness.

ရောင့်ရဲနိုင်ရင် ပျော်နိုင်တယ်။ (ရောင့်ရဲခြင်းဟာ ပျော်ရွှင်ခြင်း)

He who is content in his poverty, is wonder fully rich.

ဆင်းရဲပေမယ့် ရောင့်ရဲနိုင်ရင် အံ့ဖွယ်ကောင်းလောက်အောင် ချမ်းသာသွားတာပါပဲ။

They need much whom nothing will content.

မရောင့်ရဲနိုင်သူတွေဟာ များများလိုချင်တတ်ကြတယ်။

**Contented**

A contented mind makes riches blush.

ရောင့်ရဲစိတ်ဟာ စည်းစိမ်ချမ်းသာတွေကို အရှက်ရစေတယ်။

(ရောင့်ရဲသူဟာ စည်းစိမ်ဥစ္စာကို မမက်မောဘူး။)

He that hath nothing is not contented.

ဘာမှမရှိသူ၊ မရောင့်ရဲနိုင်။

He may be well contented who needs neither borrow nor flatter.

ချေးငှားဖို့မလို၊ မြှောက်ပင့်တာကိုမလိုရင် ရောင့်ရဲနိုင်တာပဲ။

**Conversation**

Conversation makes one what he is.

စကားထဲက ဇာတိပြ။

(စကား စကားပြောပါများ၊ စကားထဲက ဇာတိပြ)

**Converse**

He that converses not knows nothing.

ဘာမှမသိရင် နှုတ်ဆွံ့တယ်။ နှုတ်ဆွံ့တာ ဘာမှမသိလို့။

**Cookery**

Hunger finds no fault with the cookery.

ဆာနေရင် အစားအစာကို ဇီဇာမကြောင်ဘူး။

**Cork**

If you squeeze a cork you will get but little juice.

ဖော့ကိုညှစ်ရင် အရည်နည်းနည်းပဲရမယ်။

**Corn**

Corn is cleansed with wind, and the soul with chastenings.

ပြောင်းကို လေနဲ့လှေ့၊ စိတ်ကို အဆုံးအမနဲ့လှေ့။

**Corner**

Truth seeks no corners.

အမှန်တရားအဖို့ ပုန်းဖို့နေရာ ရှာစရာမလို။

**Cost**

The more cost, the more honour.

တန်ဖိုးကြီးလေ၊ ဂုဏ်ပိုကြီးလေ။

What costs little is less esteemed.

တန်ဖိုးနည်းလေ၊ အထင်ကြီးမှုနည်းလေ။

It costs more to do ill than to do well.

ကျန်းမာအောင်မလုပ်ဘဲ ဖျားနာအောင်လုပ်နေရင် ကုန်ကျစရိတ်ကြီးလိမ့်မယ်။ ကောင်းတာလုပ်တာထက် မကောင်းမှုပြုတာ ပိုခံရမယ်။

**Cottage**

I will not change a cottage in possession for a kingdom in reversion.

မရသေးတဲ့ မင်းနေပြည်ကို ပိုင်ထားတဲ့တဲကုပ်နဲ့ မလဲနိုင်ဘူး။

Love lives in cottages as well as in courts.

အချစ်ဟာ တဲကုပ်မှာရော၊ အိမ်တော်မှာပါ ရှင်သန်တယ်။

**Cough**

Love and cough cannot be hid.

အချစ်နဲ့ ချောင်းဆိုးတာကို ဖုံးကွယ်လို့မရ။

**Counsel**

If the counsel be good; no matter who gave it.

အကြံပေးသူက အဓိကမဟုတ်ပါ၊ အကြံကောင်းဖို့သာ အဓိကပါ။

Lucky men need no counsel.

ကံကောင်းသူတွေဟာ အကြံတောင်းစရာမလို။

**Country**

Happy is the country which has no history.

သမိုင်းမရှိတဲ့နိုင်ငံ ပျော်စရာကောင်းတယ်။

God made the country, man made the town.

ဘုရားသခင်က ဩကာသလောကကြီးကို ဖန်တီးတယ်။ လူက မြို့ပြကို ဖန်တီးတယ်။

So many countries, so many customs.

နိုင်ငံတွေအများကြီးရှိသလို၊ ဓလေ့ထုံးစံတွေလည်း အများကြီး ရှိတယ်။

**Counts**

He that counts all costs, will ne'er put plough in the earth.

တွက်လွန်းအားကြီးရင် အလုပ်မလုပ်ဖြစ်။

**Couple**

Every couple is not a pair.

စုံတွဲတိုင်း မတူကြဘူး။

**Course**

The course of true love never did run smooth.

အချစ်စစ် အချစ်မှန်ဆိုတာ ဘယ်တော့မှ မဖြောင့်ဖြူးဘူး။

**Courage**

Many would be cowards if they had courage enough.

သတ္တိသာရှိရင် မိုက်ရူးရဲလုပ်ကြမှာမဟုတ်။

**Couresty**

Full of courtesy, full of craft.

နှုတ်ချိုလွန်းရင် မရိုးသားတော့ဘူး။

**Courts**

It is at courts as it is at ponds ; some fish, some frogs.

နန်းတော်ထဲမှာလည်း ရေကန်ထဲမှာလို ဖားတွေ၊ ငါးတွေ ရောနေတာပါပဲ။

**Cow**

It is not all butter that the cow yields.

နွားမက ပေးတာတိုင်း ထောပတ်ချည်း မဟုတ်ပါဘူး။

The cow knows not what her tail is worth till she hath lost it.

အမြီးမပြတ်သေးသရွေ့ အမြီးတန်ဖိုးကို မသိ။

**Cowards**

Cowards die often.

သူရဲဘောကြောင်လေ အခါများစွာသေရလေ။

Despair gives courage to a coward.

သူရဲဘောကြောင်သူ စိတ်ပျက်မှ သတ္တိပေါ်လာတယ်။

**Cradle**

Better have one plough going than two cradles.

ကြွေးယူသူထက် ကြွေးပေးသူက မှတ်ဉာဏ်ပိုကောင်းတယ်။

**Creep**

First creep then ago.

လေးဖက်တွားပြီးမှ လမ်းလျှောက်ကြတာပါပဲ။

**Crooked**

Crooked logs make straight fires.

ထင်းတုံးတွေကောက်ပေမယ့် မီးခိုးကတော့ ဖြောင့်ပါတယ်။

A straight stick is crooked in the water.

ဖြောင့်တဲ့တုတ် ရေထဲကျတော့ အကွေးကို မြင်ရတယ်။

**Cross**

Each cross hath its inscription.

အမှတ်လက္ခဏာ တစ်ခုစီမှာ ကဗျည်းပါတာပဲ။

Cross the stream where it is the ebbest.

ချောင်းကို အတိမ်ဆုံးနေရာက ကူးပါ။

**Crow**

A crow is never the whiter for washing herself often.

ကျီးကန်းကို ဘယ်နှစ်ခါ ရေချိုးပေးပေး ဖြူမလာဘူး။

The crow thinks her own birds (s) fairest.

ကိုယ့်ငါးချဉ် ကိုယ်ချဉ်ကြတာချည်းပါပဲ။

**Cruth**

One foot is better than two crutches.

ချိုင်းထောက်နှစ်ဖက်ထက် ခြေတစ်ဖက်က တော်သေးတယ်။

**Cry**

To cry with eye, and laugh with the other.

မီးစတစ်ဖက်၊ ရေမှုတ်တစ်ဖက်လုပ်တယ်။

To cry out before one is hurt.

မရိုက်ခင်က ငိုနှင့်သည်။ မဆွတ်ခင်က ညွတ်နှင့်သည်။

**Crying**

It is no use crying over spilt milk.

ဆုံးရှုံးသွားတဲ့အရာအတွက် နှမြောတသဖြစ်နေတာ ဘာမှအကျိုးမရှိ။

**Cup**

There's many a slip between the cup and the lip.

ထမင်းလုတ်နဲ့ ပါးစပ်၊ လွဲတတ်တာပဲ။

**Cure**

Care is no cure.

သတိရှိရုံနဲ့ မလုံလောက်ဘူး။

He is a good physician who cures himself.

ကိုယ့်ကိုကိုယ်နိုင်မှ လူတော်ခေါ်ရမယ်။

**Cured**

What can't be cured must be endured.

မပျောက်တဲ့ရောဂါရရင် ဝေဒနာခံစားရမှာပဲ။

**Custom**

Custom without reason is but ancient error.

ကျိုးကြောင်းမဲ့တဲ့ ဓလေ့ထုံးဟာ ရှေးကအမှားဖြစ်တယ်။

**Cut**

The tongue is not steel, yet it cuts.

လျှာဟာ သံမဏိတော့မဟုတ်ဘူး။ ဒါပေမယ့် ပြတ်အောင်ဖြတ်နိုင်တယ်။

Measure thrice before you cut once.
မဖြတ်ခင် သုံးခါတိုင်းပါ။
If you cut down the woods, you'll catch the wolf.
တောရှင်းရင် ဝံပုလွေမိမယ်။

**D**

**Dally**

Dally not with women or money.
ငွေနဲ့ မိန်းမအတွက်ဆိုရင် လက်မနှေးနဲ့။

**Dance**

He dances well to whom fortune pipes.
ငွေပေါရင် အစဉ်ချောတယ်။
(ကံကောင်းနေရင် လုပ်သမျှအောင်မြင်)
If you dance, you must pay the fiddler.
က,ချင်ရင် တယောဆရာကို ပိုက်ဆံပေးရမှာပဲ။
(လိုတာရဖို့ ကြိုးစားရမှာပဲ။ အရင်းမစိုက်ဘဲ ဘာမှမရနိုင်ဘူး။)
I will not dance to every fool's pipe.
အများမိုးခါးရေသောက်တိုင်း လိုက်မသောက်နိုင်ဘူး။
(အများညီတိုင်း "ဤ" ကို "ကျွဲ" မဖတ်နိုင်။)
No longer pipe, no longer dance.
အာဏာမဲ့တော့ အခြွေအရံလည်း မဲ့ပြီ။
When you go to dance, take heed whom you take by the hand.
ကပွဲဝင် လက်ငင်သတိထား။

**Danger**

A danger foreseen is half avoided.

အန္တရာယ်ကိုကြိုမြင်ထားရင် တစ်ဝက်ရှောင်နိုင်ပြီ။

The danger past and God forgotten.

အန္တရာယ်မရှိတော့ ဘုရားမသိ။ (ခလုတ်ထိမှ အမိတ)

Better pass a danger once than be always in fear.

လာမယ့်ဘေး ပြေးတွေ့လိုက်တာကောင်းတယ်။

When we have gold we are in fear, when we have none we are in danger.

ရွှေရှိတော့ကြောင့်ကြ၊ မရှိတော့ တောင့်တ။

**Dark**

He that runs in the may well stumble.

အမှောင်ထဲမှပြေးရင် ခလုတ်တိုက်လဲနိုင်တယ်။

(တဇွတ်ထိုးလုပ်ရင် အမှားနဲ့တိုးနိုင်တယ်။)

**Darkest**

The darkest hour is that before the dawn.

အရုဏ်မကျင်းခင်အချိန်ဟာ အမှောင်ဆုံးအချိန်ပဲ။

After the darkest hour is the dawn.

မှောင်ပြီးရင် လင်းရုံပဲ။

**Daughter**

Like mother like daughter.

မအေတူသမီး (ဖအေတူသား)

**Dawn**

The dawn of life.

ဘဝအရုဏ်ကျင်းချိန်။

Being the day well and have no regret.
တစ်နေ့တာကို ကောင်းကောင်းအသုံးချ၊ နောင်တမရနိုင်။
What a day may bring, a day may take away.
တစ်နေ့လုပ် တစ်နေ့စား၊ တစ်နေ့ရ တစ်နေ့ကုန်။
What is done by night appears by day.
ညမှာလုပ် နေ့မှာပေါ်တာပဲ။
(မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိ။)
Who married for love without money hath merry nights and sorry days.
ငွေမရှိဘဲ လက်ထပ်ရင် ညများမှာသာပျော်ပြီး၊ နေ့မှာ စိတ်ညစ်ရတတ်တယ်။
The day is short and the work is much.
နေ့တာတိုတယ်၊ အလုပ်တွေများတယ်။
No day passeth without some grief.
နေ့စဉ် ဝမ်းနည်းစရာလေး တစ်ခုခုတော့ ရှိတတ်တာပဲ။
It is day still while the sun shines.
နေရောင်ရှိနေတုန်းတော့ "နေ့" ပဲပေါ့။

**Dead**

A dead bee makes no honey.
ပျားသေ ပျားရည်မယို။
Dead dogs bark not.
ခွေးသေ မဟောင်နိုင်တော့ပါဘူး။
He goes long barefoot that wears dead men's shoes.
သေမှရမယ့်ပစ္စည်း စောင့်ရတာကြာတယ်။

Dead men tell no tales.

အသတ်ခံလိုက်ရတော့မှ အမှုဘယ်ပေါ်တော့မှာလဲ။

Dead men don't bite.

သေသွားတဲ့သူ ရန်မမူ။

**Deaf**

To turn deaf ears.

ငါ့နားမကြား တောင်ကြီးကွယ်လို့ထား။

None so deaf as those who won't hear.

မကြားလိုတာကို မကြားချင်သူလောက် နားကန်းသူမရှိ။

**Dealing**

Plain dealing is praised more than practised.

ရိုးရိုးရှင်းရှင်း ဆက်ဆံတာကို ချီးမွမ်းသူများတယ်၊ ကျင့်သုံးသူ နည်းတယ်။

**Death**

There is no medicine against death.

မသေဆေး မရှိ။

Death foreseen comes not.

သေဖို့မြင်ထားပေမယ့် သေဖို့မကြုံဘူး။

Death pays all debts.

သေမင်းက ကြွေးမြီအားလုံးကို ဆပ်လိုက်တယ်။

Death is the grand leveller.

သေမင်းဟာ ညီစေသူဖြစ်တယ်။

He that fears death lives not.

သေမှာကြောက်သူ အသေစော။

As sure as death.

သေဖို့သေချာသလို သေချာတယ်။

Death keeps no calendar.
သေမင်းမှာ ပြက္ခဒိန်မရှိ။
War is death's feast.
စစ်ဖြစ်ရင် သေမင်းပွဲတော်တည်။

**Debt**

Out of debt, out of danger.
ကြွေးကင်း ဘေးရှင်း။
Debt is better than death.
သေသွားတာထက် ကြွေးတင်နေတဲ့အဖြစ်က တော်သေး။

**Debtor**

Once a dentor, always a debtor.
ကြွေးတစ်ခါယူဖူးရင် ကြွေးထပ်ယူချင်။
Debtors are liars.
ကြွေးယူသူတွေ ကတိမတည်ဘူး။

**Deceive**

He that one deceives is ever suspected.
တစ်ကြိမ်လေး လိမ်မိတာနဲ့ တစ်သက်လုံး သံသယဖြစ်။
(တစ်ခါမယုံ ဆယ်ခါ)
To decevice oneself is very easy.
ကိုယ့်ကိုယ်ကိုညာဖို့ အလွယ်ဆုံးပဲ။
To deceive a deceiver is no deceit.
လိမ်သူကိုလိမ်တာ အလိမ်မဟုတ်ဘူး။

**Deed**

Good deed is never lost.
ကောင်းမြတ်တဲ့အလုပ် ကမ္ဘာတည်သရွေ့ တည်တယ်။
Deeds are fruits, words are but leaves.
အလုပ်ဟာအသီး၊ အပြောကတော့ အရွက်ပဲ။

To take the will for the deed.
စိတ်ပါလက်ပါ လုပ်ဆောင်ပါ။

**Deep**

Still waters run deep.
ငြိမ်နေတဲ့ရေ နက်တယ်။
(ပညာပြည့်ရင် တည်ငြိမ်တယ်။)

**Deeper**

The deeper the sweeter.
အားစိုက်ရလေ၊ ချိုမြိန်လေ။ (နက်နက်တူးလေ၊ ရေကြည်ရလေ)

**Deer**

Where the deer is slain, some of her blood will lie.
အသတ်ခံရရင် သွေးစက်တော့ ကျန်မှာပဲ။
(ခြေရာလက်ရာ ထင်ကျန်စမြဲပါ။)

**Delay**

Delays are dangerous.
နှောင့်နှေးနေရင် အန္တရာယ်များတယ်။
Desires are nourished by delays.
နှောင့်နှေးနေရင် လိုအင်ဆန္ဒတွေ များသည်ထက် များလာတတ်တယ်။

**Depend**

He who depends on another, dines ill and sups worse.
သူတစ်ပါးမှီခို၊ စိတ်အလိုမပြည့်။

**Descend**

It is easier to descend that to ascend.

အဆင်းလွယ် အတက်ခက်။

**Deserve**

He deserves not the sweet that will not taste the sour.

အချဥ်မစားဖူးသူ အချိုနဲ့ မထိုက်တန်။

**Desire**

He that desires honour, is not worthy of honour.

ဂုဏ်မက်လွန်းသူ ဂုဏ်နဲ့မထိုက်တန်။

**Despair**

Hope is as cheap as despair.

"စိတ်ပျက်ခြင်း" ဈေးပေါသလို၊ "မျှော်လင့်ခြင်း" လည်း ဈေးပေါတာပဲ။

**Desperate**

Desperate cuts must have desperate cures.

ရောဂါပြင်း ဆေးပြင်းတိုက်။

**Despise**

There is who despises pride with a greater pride.

ကိုယ့်ကိုယ်ကို အထင်သေးရင် လူတကာ အထင်သေးခံရမှာပဲ။

**Devil**

Devil cannot come in devil's house.

မကောင်းဆိုးဝါးအိမ်ထဲ မကောင်းဆိုးဝါးမဝင်နိုင်။

The devil sometimes speaks the truth.

ခွေးပါးစပ်က နတ်စကားထွက်။

**Devotion**

He has much prayer but little devotion.

လူကြားကောင်းအောင် ဩကာသ ကျယ်ကျယ်ရွတ်။

**Diamond**

Diamond cuts  diamond.

စိန်ကို စိန်ဖြတ်။ (မြွေမြွေချင်း ခြေမြင်)

**Die**

He dies well that lives well.

အနေမှန်ရင် အသေမှန်တယ်။ အနေကောင်းရင် အသေကောင်းတယ်။

They that live the longest must die at last.

အသက်အရှည်ဆုံး လူတွေလည်း နောက်ဆုံးတော့ သေကြရတာပဲ။

Never say die.

သေစကားမပြောနဲ့။ (အရှုံးစကားမပြောနဲ့။)

Young men may die, old men must.

လူငယ်က သေချင်သေမယ်၊ လူအိုက သေဖို့သေချာတယ်။

Let all lives as they would die.

မသေခင် ရှင်သန်ကြပါစေ။

He that is once born must die.

မွေးလာတာနဲ့ သေရမှာပဲ။

He dies like a best who has done no good while he lived.

ရှင်တုန်း ကောင်းတာမလုပ်၊ သေရင် တိရစ္ဆာန်လိုမြုပ်။

**Diet**

Diet cures more than doctors.

'သမား' နဲ့ ကုတာထက်၊ 'အစား' နဲ့ကုတာ ပိုကောင်းတယ်။

**Difficult**

All things are difficult before they are easy.

မလွယ်ခင် ခက်စမြဲပါ။ သိသွားရင် မခက်တော့ဘူး။

(နည်းမကျွယ်၊ လွယ်လွယ်နဲ့ခက်)

**Diligence**

Diligence is the mother of good luck.

လုံ့လရှိရင် ကံကောင်းမယ်။

**Dirt**

Cast no dirt into the well that hath given you water.

ရေကြည်ရတဲ့ရေတွင်းထဲ ဖုန်တွေမထည့်နဲ့။

(ကျေးဇူးရှင်ကို ကျေးမစွပ်နဲ့၊ အစာကျွေးတဲ့လက်ကို မကိုက်နဲ့။)

We never find that a fox dies in the dirt of his own ditch.

မြေခွေးဟာ သူ့ကျင်းထဲမှာ ဘယ်တော့မှမသေ။

**Disease**

A disease known is half cured.

ရောဂါသိ တစ်ဝက်ပျောက်ပြီမှတ်။ (ရောဂါသိ၊ ဆေးရှိ)

Diseases are the price of ill pleasures.

ရောဂါဆိုတာ မကောင်းတဲ့ပျော်ရွှင်မှုအတွက် ပေးရတဲ့တန်ဖိုးပဲ။

The remedy is worse than disease.

ရောဂါကြောင့် ခံရတာထက်၊ ဆေးကြောင့်ခံရတာက ပိုဆိုး။

**Dish**

I will not make my dish clout my table cloth.

ပြောင်မလိမ်ပါဘူး။

**Ditch**

As dull as ditch water.

မြောင်းရေလို ညစ်ပတ်တယ်။

**Divine**

To forgive is divine.

ခွင့်လွှတ်ခြင်းဟာ မြတ်တယ်။

**Do**

Do what you oughtest and come what can come.

ဖြစ်လာမှာတွေ ထည့်မတွက်နဲ့၊ လုပ်သင့်တာမှန်သမျှ လုပ်ရမှာပဲ။

Tell not all you know, nor do all you can.

သိတိုင်းမပြောနဲ့၊ လုပ်နိုင်တိုင်း မလုပ်နဲ့။

Do wrong once and you'll never hear the end of it.

တစ်ကြိမ်လေး မှားသွားတာနဲ့ ပြောမဆုံးတော့ဘူး။

Do as I say, not as I do.

ငါပြောသလိုလုပ်၊ ငါလုပ်သလို မလုပ်နဲ့။

Do no hello till you are out of the wood.

အန္တရာယ်က မလွတ်ခင် ဝမ်းမသာနဲ့ဦး။

(တိုက်ပွဲမပြီးခင် 'နိုင်ပြီ' မလုပ်နဲ့။)

Do as most men do, and men will speak well of you.

အများလုပ်သလိုလိုက်လုပ်ရင် အကောင်းပြောခံရတယ်။

(မိုးခါးရေသောက်နိုင်ရင် အကောင်းမြင်)

It is easy to do what one's own self wills.

အတ္တအလိုလိုက်ဖို့ လွယ်လွယ်ကလေးပါ။

Do it well that you mayest not do it twice.

မပြင်ရအောင် စ,ကတည်းက ကောင်းကောင်းလုပ်။

Do not meet troubles half way.

စစ်မရောက်ခင် မြားမကုန်ချင်စမ်းပါနဲ့။

Do well and have well.

ကောင်းစွာလုပ်ဆောင်ပါ၊ ကောင်းစွာရယူပါ။

Do not put all your eggs, in one basket.

ကြက်ဥအားလုံးကို ခြင်းတစ်လုံးထဲမှာ မထည့်ပါနဲ့။

Say well is good but Do well is better.

ကောင်းစွာပြောဆိုခြင်းထက် ကောင်းစွာပြုလုပ်ခြင်းက ပိုကောင်းတယ်။

Do the likeliest and hope the best.

အဖြစ်နိုင်ဆုံးကိုလုပ်၊ အကောင်းဆုံးကိုမျှော်လင့်။

What man has done, man can do.

လူတကာလုပ်နိုင်ရင် ကိုယ်လည်း လုပ်နိုင်ရမယ်။

It is more pain to do nothing than do something.

ဘာမှမလုပ်ဘဲ နေတာထက်တော့ တစ်ခုခုလုပ်နေတာက ပိုကောင်းတယ်။

## Doctor

God heals and the doctor takes the fee.

ဘုရားဂုဏ်တော်ကြောင့် ပျောက်ကင်းသွားပေမယ့် သမားကတော့ ဆေးဖိုးယူတာပဲ။

## Dog

If the old dog barks, he gives counsel.

သက်ကြီးရွယ်အိုပြောစကား မှတ်သားစရာတွေချည်းပဲ။

When a dog is drowing, everyone offers him a drink.
ရေနစ်သူကို ဝါးကူထိုး။
Every dog is a lion at home.
ငါ့အိမ်မှာတော့ ငါ သခင်ပဲ။
In every country dogs bite.
ခွေးမှန်ရင် ကိုက်မှာပဲ။
Into the mouth of a bad dog often falls a good bone.
ခွေးဆိုးပါးစပ်ထဲကိုမှ အရိုးကောင်းကျ။
The hindmost dog may catch the hare.
နောက်ဆုံးကခွေး ယုန်မိ။
The dog bites the stone, not him that throws.
လူမိုက်ဟာ ရန်မပြုသူကိုမှ ရန်မူတတ်တယ်။
The dog that is idle barks at his fleas.
ခွေးမိုက်ဟာ သူ့ကိုယ်ပေါ်ကသန်း သူပြန်ဟောင်တယ်။
The dog that licks ashes trust not with meal.
ပြာရက်တဲ့ခွေး အစာသတိထား။
A man causes his own dog to bite him.
ကိုယ်မွေးတဲ့မျောက် ကိုယ့်ပြန်ခြောက်။ (ကိုယ့်အတတ် ကိုယ်စူး)
A dog will bark ere he bites.
ခွေးဆိုတာ မကိုက်ခင် ဟောင်တတ်တယ်။
Barking dogs seldom bite.
ဟောင်တဲ့ခွေး ကိုက်ခဲတယ်။
You cannot teach an old dog new tricks.
ခွေးအိုကို လက်ပေးသင်လို့မရ။

Like dogs, when one barks all bark.
တစ်ကောင်အူရင် အားလုံးလိုက်အူတဲ့ ခွေးတွေလို။
Dogs that pursue many hares kill none.
ယုန်အုပ်နောက်လိုက်တဲ့ခွေး တစ်ကောင်မှမမိ။

**Doing**

What is worth doing is worth doing well.
လုပ်သင့်တာကိုတော့ ကောင်းကောင်းမွန်မွန်လုပ်သင့်တယ်။
(ဘာမှမလုပ်ရင် မကောင်းစိတ်တွေဝင်)
By doing nothing we learn to do ill.
အလုပ်မလုပ်ရင် မကောင်းမှုလုပ်မိတတ်တယ်။
Saying is one thing and doing another.
အပြောနဲ့အလုပ် တခြားစီ။ အပြောကအပြောပဲ၊ အလုပ်ကတခြား လေ။ (ပြောတော့လွယ်တယ်၊ လုပ်တော့ ခက်တယ်။)

**Done**

If things were to be done twice, all would be wise.
နှစ်ကြိမ်ပြန်လုပ်ရတဲ့ အလုပ်မျိုးမှာ ကျွမ်းကျင်မှုရှိလာတယ်။
အလေ့အကျင့်များရင် ကျွမ်းကျင်လာတယ်။
Well begun is half done.
အစကောင်းတဲ့အလုပ် တစ်ဝက်ပြီးပြီမှတ်။
In doing we learn.
လုပ်ရင်းသင်ယူ၊ လုပ်ရင်းလေ့လာ၊ အလုပ်မှာပညာရှာ။

**Door**

A creaking door hangs long.
ယိုင်နဲ့နဲ့တံခါး ပိုခိုင်တယ်။ (နာတာရှည် သက်ဆိုးပိုရှည်တယ်။)

Love comes in at the window and goes out at the door.

အချစ်ဆိုတာ ပြတင်းပေါက်ကဝင်လာပြီး တံခါးမကြီးက ပြန်ထွက်သွားတာပါပဲ။

Every door may be shut but death's door.

သေမင်းတံခါးသာ မပိတ်တာ၊ ကျန်တံခါးအားလုံးကတော့ ပိတ်နေတာပဲ။

Sweep before your door.

အဝင်တံခါးရှေ့မှာ ပြောင်စင်အောင် လှဲကျင်းထားပါ။

He must stoop that hath a low door.

တံခါးနိမ့်နေရင် ငုံ့ဝင်ရမှာပဲ။

When Fortune knocks open the door.

ရလာတဲ့အခွင့်အရေး လက်မနှေးနဲ့။

Here is the door and there is the way.

ဟောဒီတံခါးကထွက်၊ ဟောဟိုလမ်းကိုဆက်။

**Doth**

He that doth lend doth lose his friend.

မိတ်ဆွေကို ငွေချေးပေးရင် မိတ်ဆွေဆုံးတတ်တယ်။

**Doubt**

He that knows nothing doubts everything.

ဘာမှမသိရင် အရာရာကို သံသယဝင်။

**Dowry**

A great downry is a bed full of brambles.

သတို့သမီးချမ်းသာရင် သတို့သားတော့ ဆူးမွေ့ရာပေါ် အိပ်ရပြီသာမှတ်။

**Dream**

Dream of a funeral and you hear of a marriage.

အသုဘမြင်မက်ရင် မင်္ဂလာသတင်း ကြားရတတ်တယ်။

**Dress**

One that dresses to impress seldom impresses.

လှချင်လို့ပြင်လွန်းရင် အမြင်ကောင်းခဲတယ်။

Dress up a stick and it does not appear to be a stick.

(ငင်တတ်တော့ရ) ဆင်တတ်တော့လှ။

Let your dress suit yourself.

သင့်အင်္ကျီ သင်နဲ့အံကိုက်ဖြစ်ပါစေ။

**Drink**

The more one drinks, the more one may.

သောက်လေလေ၊ သောက်ချင်လေလေ။

Drink wine, and have the gout: drink no wine, and have the gout too.

ရောဂါဖြစ်ချင်ရင် အရက်မသောက်လည်း ဖြစ်မှာပဲ။

Drink less, and go home by daylight.

နည်းနည်းသောက်တော့ စောစောပြန်ရဲတယ်။

**Drive**

Who drives fat oxen should himself be fat.

ကျွဲပြိုင်စီးမယ့်လူ ရဲရတယ်။

Drive your business, do not let it drive you.

အလုပ်ကို သင်ကမောင်းပါ၊ သင့်ကို အလုပ်က မမောင်းပါစေနဲ့။

## Drop

Little drops of water make the ocean.

တစ်စက်ကျများ ပြည့်သောလား။

(နည်းရောင်း များရောင်း၊ တောင်းပြည့်)

## Drown

Never was cat or dog drowned that could see the shore.

ကမ်းမြင်နေရင် ရေနစ်မသေနိုင်တော့ဘူး။ မျှော်လင့်ချက်ရောင်ခြည်ကို မြင်နေရရင် ကြိုးစားမှုမလျော့ဘူး။

A drowning man will catch at a straw.

ရေနစ်သူဟာ နွယ်တစ်မျှင်လည်း ဆွဲမှာပဲ။

## Drunken

Drunken days have all their tomorrows.

အရက်မူးတဲ့နေ့တွေမှာ မနက်ဖြန်တွေရှိတယ်။

(အရက်မူးရင် ဆက်မူးချင်တယ်၊ အရက်သောက်ရင် ဆက်သောက်ချင်တယ်။)

## Dry

Dry as bone.

အရိုးခြောက်သလို ခြောက်တယ်။

A dry cough is the trumpeter of death.

ချောင်းခြောက်ဆိုးသံဟာ သေမင်းခေါ်သံပဲ။

## Dust

He that blows in the dust fills his eyes with it.

ပြာတွေကိုမှုတ်ရင် မျက်စိထဲပြာဝင်မယ်။

Small rain lays great dust.

မိုးပါးတော့ ဖုန်ထူတယ်။

**Dwell**

He that dwells next door to a cripple, will lean to half.

ထော့ကျိုးနဲ့ အိမ်နီးချင်းဖြစ်၊ မကြာခင် မသန်မစွမ်းဖြစ်တော့မှာ သေချာတယ်။

## E

**Eagle**

Eagle do not breed doves.

လင်းယုန်ငှက်ဟာ ခိုကိုမမွေးဘူး။

(ခြင်္သေ့ဟာ ဘယ်တော့မှ မြက်မစားဘူး။)

The eagle does not catch flies.

လင်းယုန်ငှက် ယင်ကောင်ကို မဖမ်းဘူး။

**Ear**

Kings have many ears and many eyes.

မင်းနားတစ်ထောင်။ (မင်းမြှောင် တစ်သိန်း)

**Early**

Early wed and early dead.

စောစောလက်ထပ်၊ စောစောသေ။

(စောစောသေ၊ စောစောအိပ်ရ) (ဇာတ်လောကအသုံး)

An early bird gets the worm.

ဝီရိယအကျိုး သူခိုးမိ။

**Earthen**

The earthen pot must keep clear of the brass kettle.

မြေအိုးဟာ ကြေးအိုးနဲ့ ခွာနေတာကောင်းတယ်။

**Easier**

Easier said than done.

အပြောလွယ် အလုပ်ခက်။

**Easy**

Easy come, easy go.

လွယ်လွယ်ရ မြန်မြန်ကုန်။

Easy to praise poverty than to bear it.

ဆင်းရဲဒဏ် ခံဖို့မလွယ်။

Easy to fall into a trap, but hard to get out again.

ထောင်ချောက်မှာ မိဖို့လွယ်တယ်၊ ထောင်ချောက်ထဲက ထွက်ဖို့ မလွယ်ဘူး။

It is easier to threaten than kill.

သတ်မယ်လို့ ခြိမ်းခြောက်တာ လွယ်တယ်၊ တကယ်သတ်ဖို့ မလွယ်ဘူး

**Eat**

He that will eat the kernel, must crack the nut.

အနှစ်ကိုစားရင် အကာခွာရမှာပဲ။

Eat to live, but do not live to eat.

အသက်ရှင်နေဖို့ စားပါ၊ စားဖို့ အသက်ရှင်မနေပါနဲ့။

Often and little eating makes a man fat.

နည်းနည်းလေးနဲ့ ခဏခဏစား၊ လူဝကြီးများဖြစ်။

He who eats the meat, let him pick the bone.

အသားစားချင် အရိုးထွင်။

**Ebb**

One has to face the ebb and flow of fortune.

ကုသိုလ်ကံ အမြင့်အနိမ့် လူတိုင်းကြုံလိမ့်။

**Effect**

The effect speaks, the tongue need not.

အလုပ်နဲ့ပြနိုင်ရင် ရှင်းပြစရာမလိုဘူး။

**Egg**

Do not pull all your eggs in one basket.

ကြက်ဥတွေအားလုံးကို ခြင်းတစ်ခုထဲမှာ မထည့်ပါနဲ့။

(ငွေကို တစ်နေရာတည်းမှာပဲ မရင်းနှီးပါနဲ့။)

He that would have eggs, must endure the cackling of hens.

ကြက်ဥလိုချင် ကြက် 'ကတော်' သံကို နားမညီးနဲ့။

You cackle often but never lay an egg.

'ကတော်ကတော်' လုပ်နေတယ်၊ ဥတော့မအုဘူး။

(အသံသာရှိ၊ အဆံမရှိတဲ့ သကြန်အမြောက်)

To kill the goose that lays the golden egg.

ရွှေဥအုတဲ့ငန်းကို သတ်ပစ်တယ်။

**Empty**

Empty vessels make much noise.

မပြည့်တဲ့အိုး ဘောင်ဘင်ခတ်။

An empty sack cannot stand upright.

ဘာမှမရှိတဲ့အိတ် မတ်မတ်မတည်နိုင်။

**End**

The end justifies the means.

ရည်ရွယ်ချက်မှန်ရင် ဘယ်နည်းသုံးသုံး တရားတယ်။

Such beginning, such end.

ဒီခရီးသွား ဒီဘူတာဆိုက်။ ဒီလိုစရင် ဒီလိုဆုံးမယ်။

To make both ends meet.

စားနိုင်ရုံ သောက်နိုင်ရုံပါပဲ။ ကြောင့်ကြရအောင်လည်း မများစား၊ တောင့်တရအောင်လည်း မရှားပါး။

**Endure**

He that will not endure labour in this world, let him not be born.

အလုပ်ဒဏ်မခံနိုင်ရင် မွေးမလာတာက ပိုကောင်းတာပေါ့။

What can't be cured must be endured.

မကုစားနိုင်ရင် ခံစားရမှာပဲ။

**Enemy**

If you have no enemies, it is a sign that fortune has forgotten you.

အတိုက်အခံမရှိရင် မတိုးတက်။

An enemy's mouth seldom speaks well.

ရန်သူဟာ ရန်စကားပဲပြောမယ်။

One enemy can do more hurt than ten friends.

ရန်သူတစ်ယောက်ဟာ မိတ်ဆွေဆယ်ယောက်ထက် ပိုဒုက္ခပေးနိုင်တယ်။

If you would make an enemy, lend a man money, and ask it of him again.

ချေးတုန်းကတော့ပြုံးပြုံး၊ ပြန်တောင်းတော့မုန်း။

It is lawful to learn even from an enemy.

ရန်သူဆီကလည်း လေ့လာစရာတွေ အများကြီးရှိပါတယ်။

Better to have a noble enemy than a false friend.

မိတ်ဆွေတုထက် ရန်သူအစစ်ကမှတော်သေး။

Trust not an old enemy.

ရန်သူဟောင်းကို မယုံလေနဲ့။

**Enough**

Enough is as good as a feast.

တော်ရုံသင့်ရုံပဲကောင်းပါတယ်။

**Enter**

He that will enter into Paradise must have a good key.

ကောင်းကင်ဘုံထဲဝင်ချင်ရင်တော့ သော့ကောင်းရှိဖို့ လိုအပ်တာပေါ့။

**Envy**

Better be envied than pitied.

အသနားမခံချင်ဘူး၊ အားကျတာပဲ ခံချင်တယ်။

Envy never dies.

မနာလိုမှုဟာ သေသွားတယ်မရှိ။

**Escape**

The eacaped mouse ever feels the taste of the bait.

လွတ်သွားတဲ့ကြွက်ဟာ ထောင်ထားတဲ့အစာကို မမေ့နိုင်ဘူး။

**Evening**

The evening crowns the day.

ညနေခင်းက နေ့ကို သရဖူဆောင်းတယ်။

(နေ့ရဲ့နောက်ဆုံးအချိန်ဟာ ညနေခင်း)

**Every**

Every dog has his day.

လူတိုင်းမှာ တစ်ချိန်တော့ရှိတယ်။

Every man mend one, all shall be mended.
လူတိုင်းသာ ကောင်းမယ်ဆိုရင် အားလုံးလူကောင်းပဲပေါ့။
Every man has his pride.
ငါးပိသည်ကလည်း ငါးပိသည်မာနနဲ့။
In every fault, there is folly.
အမှားအယွင်းတိုင်းမှာ မိုက်မဲမှုပါနေစမြဲ။
Every dog is a lion at home.
ငါ့နယ်မှာတော့ ငါဟာအရှင်သခင်ပဲ။
Every man is mad on some point.
လူတိုင်းဟာ တစ်ချိန်မှာ ရူးကြတာပဲ။
Every one is witty for his own purpose.
လိုလျှင်တွေးဆ၊ အကြံရ။
Every one's faults are not written on their foreheads.
အပြစ်ရှိရင် ဖုံးထားမြဲပဲ။
Every pleasure has a pain.
ရယ်လွန်းရင် ငိုရတတ်တယ်။
Every sin brings its punishment with it.
မကောင်းမှုဟူသည် အပြစ်ဒဏ်ခံရစမြဲ။
Every miller draws water to his own mill.
လူတိုင်း ကိုယ့်ဘက်ကိုယ် ယက်စမြဲပဲ။
Every man is best known to himself.
ကိုယ့်အကြောင်း ကိုယ်အသိဆုံး။
Every wind is ill to a broken ship.
သင်္ဘောပျက်အဖို့ ဘယ်လေမျိုးမှမကောင်း။
Every little helps.
နည်းနည်းများများ၊ အကူအညီမှန်သမျှ အကျိုးရှိပါတယ်။

Every white hath its black and every sweet its sour.

ဘယ်လောက်တော်တယ် ပြောပြော၊ အဆိုးကလေးတော့ ရှိသေးတာပဲ။

**Everything**

Everything comes to him who waits.

စောင့်နိုင် အကျိုးရှိ၊ အောင့်နိုင် သူခိုးမိ။

Everything hath its time.

တစ်ချိန်တော့ ရှိတတ်ပါတယ်။

Everything is good in its season.

ဒူးနေရာဒူး၊ တော်နေရာတော်။

Everything is the worse for wearing.

အဝတ်အစားဆိုတာ ဝတ်ပါများတော့ ဟောင်းသွားတာပဲ။

Everything new is fine.

အသစ်တိုင်းလှကြတယ်။ အသစ်ဆိုရင် ကြိုက်ကြတာပဲ။

**Evil**

That which is evil is soon learned.

ပုပ်ရင်ပေါ်၊ ဟုတ်ရင်ကျော်။

An evil crow an evil egg.

ဒီပုပ်ထဲကဒီပဲ၊ ဘမျိုးဘိုးတူ။

Evil to him that evil thinks.

သူများမကောင်းကြံ၊ ကိုယ့်ဘေးဒဏ်ထိ။

**Exception**

Exception proves the rule.

ချွင်းချက်ပေါ်လာတာဟာ သတ်မှတ်ချက်ရှိနေလို့။

**Exchange**

Fair exchange is no robbery.

အလဲအလှယ်လုပ်တာဟာ ခိုးပြတိုက်တာမဟုတ်။

**Experience**

Proverbs are the daughters of daily experience.

စကားပုံတွေဆိုတာ နေ့စဉ်အတွေ့အကြုံများရဲ့ အသီးအပွင့်တွေပဲ။

Experience is good, if not bought too dear.

တန်ဖိုးမများတဲ့ အတွေ့အကြုံဟာ အတွေ့အကြုံကောင်းပဲ။

Experience without learning is better than learning without experience.

အတွေ့အကြုံရှိ ပညာမဲ့ဟာ၊ ပညာရှိ အတွေ့အကြုံမဲ့ထက်သာတယ်။

**Experiment**

A good worker does not experiment all the time.

တော်တဲ့အလုပ်သမားဟာ အမြဲတမ်း စမ်းသပ်ကြည့်မနေဘူး။

Let the experiment be tried on a worthless body.

အဖိုးမတန်တဲ့ အရာအပေါ်မှာသာ စမ်းသပ်ပါ။

**Extinguish**

Kindle not a fire that you cannot extinguish.

မနိုင်တဲ့ဇာတ် မက နဲ့။

**Extreme**

No extreme will hold long.

အစွန်းနှစ်ဖက်ရောက်တာ မကောင်းပါ။

Take to the middle road, not the extremes.
အစွန်းနှစ်ဖက်ကိုရှောင်၊ အလယ်လမ်းကိုလိုက်။

**Extremity**

Extremity of right is wrong.
အကောင်းလွန် အဆိုးဖြစ်။

**Eye**

What the eye sees not, the heart craves not.
မမြင်ရ၊ မလိုချင်။

The eye that sees all things else sees not itself.
မျက်လုံးဟာ သူများကိုပဲမြင်တယ်၊ ကိုယ့်ဟာကိုယ် မမြင်ဘူး။

To throw dust in one's eye's.
မျက်လုံးထဲ သဲနဲ့ပက်။

## F

**Face**

Face is the index of the mind.
မျက်နှာက စိတ်ကိုညွှန်းတယ်၊ စိတ်အထာကို မျက်နှာက ဖော်တယ်။

A good face is a letter of recommendation.
မျက်နှာမြင် ချစ်ခင်။

Eye is the pearl of the face.
မျက်လုံးဟာ မျက်နှာရဲ့ပုလဲ။

A men without a smiling face must not open a shop.
မျက်နှာထား မချိုရင် ဈေးမရောင်းနဲ့။

## Fact

Fact is stronger than fiction.

ဖြစ်ရပ်မှန်ဟာ ပုံပြင်ထက် ဆန်းတယ်။

## Fair

A fair and a foul heart.

မျက်နှာလေးက လှပါရဲ့၊ အတွင်းစိတ်က ဆိုးလွန်းတယ်။

A fair face cannot have a crabbed heart.

ရုပ်ချော သဘောကောင်း။

All is fair in love and war.

အချစ်နဲ့စစ်မှာ မတရားတာမရှိ၊ အချစ်နဲ့စစ်မှာ အားလုံးတရားတယ်။

## Fall

Look high and fall low.

အမြင့်မှန်းလွန်းတော့ အထိနာ။

It is easier to fall than rise.

တက်ဖို့ ခက်တယ်၊ ကျဖို့ လွယ်တယ်။

He would fall on his back and break his nose.

ညောင်ဦးကမ်းပါးပြို၊ စမွာနဂိုလ်က နွားမ ပေါင်ကျိုး။

## Fame

Fame is the shadow of actions.

ကျော်ကြားမှုဆိုတာ အလုပ်ရဲ့အရိပ်။

There are many ways to fame.

ကျော်ကြားဖို့ရာ လမ်းများစွာ။

## Familiarity

Familiarity breeds contempt.

အရောဝင် အရိုအသေတန်။ (အလိုလိုက် အမိုက်စော်ကား)

**Family**

Accidents occur in the best-regulated families.

တင်းကျပ်တဲ့မိသားစုတွင်းမှာတောင် ပြဿနာတက်နိုင်တယ်။

**Fan**

There are no fans in hell.

ငရဲမှာ ပန်ကာမရှိ။

**Far**

Far from court, far from care.

ရုံးမရောက်ခင် သောကကင်းတယ်။

Far from eye, far from heart.

မမြင်ရတော့ အချစ်ပေါ့။ မတွေ့တာကြာရင်မေ့။

**Fashion**

Tailors and writers must mind the fashion.

စက်ချုပ်သမားနဲ့ စာရေးဆရာ၊ ဖက်ရှင်ကို မျက်ခြေမပြတ်ရာ။

**Fat**

Fat hens lay few eggs.

လူကောင်ကြီးပြီး အချိန်မစီး။

Laugh and grow fat.

ဝချင်ရင် များများ ရယ်။

Often and little eating makes a man fat.

နည်းနည်းလေးပင်ဖြစ်စေ၊ ခဏခဏစားရင် ဝလာတယ်။

(တစ်စက်ကျများ ပြည့်သောလား)

**Father**

Child is the father of man.

လူကြီးဘဝ ငယ်ကလေးတည်းကပြ။ ကျောင်းရေး ကျောင်းခ၊ တံခွန်ပြ။

One father is more than a hundred school-masters.

ဆရာတစ်ရာ၊ ဖအေတစ်ယောက်။

Like father, like son.

ဖအေတူသား။ (ဘမျိုးဘိုးတူ)

**Fault**

A fault confessed is half redressed.

အပြစ်ကိုဝန်ခံသူ၊ အပြစ်တစ်ဝက်လွတ်တယ်။

Where no fault is, there needs no pardon.

အပြစ်မရှိသူ ဘယ်သူ့ကိုမှ တောင်းပန်ဖို့မလို။

Faults are thick where love is thin.

အချစ်လျော့တော့ အပြစ်မြင်။

**Favour**

He that seeks favour shall pay.

အကျိုးလိုရေလောင်း။

**Fear**

He that fears the gallows shall never be a good thief.

ကြိုးစင်ကြောက်နေရင် ဘယ်တော့မှ သူခိုးကောင်းမဖြစ်။

Men fear death as children to go in the dark.

ကလေးအမှောင်ကြောက်၊ လူကြီးသေမှာကြောက်။

He that fear death lives not.

သေမှာကြောက်သူ အသက်တို။

He that fears leaves, let him not go into the wood.

သစ်ရွက်ကိုကြောက်ရင် တောမတိုးနဲ့။
(သေမှာကြောက်ရင် မစွန့်စားနဲ့)

Tear nothing but sin.

မကောင်းမှုကလွဲရင် ကျန်တာတွေကို စွန့်မပစ်နဲ့။

Love casteth our fear.

အချစ်မှာ ကြောက်စိတ်မရှိ။ (ချစ်ရင်မကြောက်)

There is no medicine for fear.

ကြောက်စိတ်အတွက် ကုဖို့ဆေးမရှိ။

**Feast**

A good sight is feast for the eyes.

ရှုခင်းကောင်းတစ်ခုဟာ မျက်လုံးရဲ့အစာပဲ။

Merry is the feast-making till we come to reckoning.

ကုန်ကျစရိတ်မတွက်ခင်တော့ စားသောက်ပွဲကြီး သိပ်အရသာရှိ။

**Feather**

Birds of the same feather flock together.

အမွေးတူငှက်များ အုပ်ဖွဲ့ကြတယ်။

(သူတော်ချင်းချင်း၊ သီတင်းလွေ့လွေ့)

Fine feathers make fine birds.

အဆင်လှတော့ အမြင်လှတယ်။

(လူမှာအဝတ်၊ တောင်းမှာအကွပ်)

A feather in hand is better than a bird in the air.

လက်တွင်းက ငှက်တောင်တစ်ချောင်းဟာ လေထဲကငှက်ထက် ပိုတန်ဖိုးကြီးတယ်။

Feather by feather the goose is plucked.

တစ်ခါနှုတ် တစ်မွေးတစ်မွေးနဲ့ ငန်းမွေးတွေ ပြောင်ပါရောလား။

**Fed**

He that is fed by another's hand may be long ere he be full.

သူများခွံ့စာ စားရတဲ့လူ တော်တော်နဲ့မဝ။

**Feel**

He that doth what he should not shall feel what he would not.

မလုပ်သင့်တာကို လုပ်တဲ့သူဟာ မခံစားချင်တာကို ခံစားရမယ်။

**Feet**

Where you will is ready, your feet are light.

လာချင်ရင်အနီးလေး။ (စိတ်ဆောင်ရင် ရောက်အောင်လာစမြဲ)

**Fell**

They never fell who never climbed.

အမြင့်မတက်တဲ့လူ ကျစရာလမ်းမရှိ။

**Fellow**

He that hath a fellow-ruler, hath on over-ruler.

တစ်ဂူတည်း ခြသေ့်နှစ်ကောင် မအောင်းနဲ့။

**Few**

Few words are best.

စကားနည်း ရန်စဲ။

Few words and many deeds.

စကားနည်းနည်းပြော၊ အလုပ်များများလုပ်။

**Fiddle**

Nero was fiddling while Rome was burning.

ရောမမြို့ကြီး မီးလောင်နေစဉ်မှာ နီရိုးဘုရင်က တယောထိုးလို့။

**Field**

Fields have eyes and woods have ears.

မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိ။

**Fierce**

The lion is not fierce.

ခြင်္သေ့ဟာ ကြောက်စရာမကောင်းပါဘူး။

**Fight**

He fights and runs away, may live to fight another day.

ထိုးမယ့်ဆင် နောက်ဆုတ်။

(ရှေ့တစ်လှမ်းတိုးဖို့ နောက်နှစ်လှမ်းဆုတ်)

**Fine**

Fine words dress ill deeds.

နှုတ်ချိုပြီး ရန်လို။

[အပေါ်ယံ ရွှေမှုန်ကြဲ၊ အထဲနောက်ချေး (နွားချေး) ခံ။]

Fine feathers make fine birds.

ဆင်တတ်တော့လှ၊ ငင်တတ်တော့ရ။

**Fire**

Fire is as hurtful as healthful.

မီးဟာ ရန်သူ၊ မီးဟာ မိတ်ဆွေ။

Between two fires.

မီးပုံနှစ်ပုံကြား ရောက်နေသလို။

No smoke without fire.

မဟုတ်ရင်မကျော်၊ မပုပ်ရင်မပေါ်။

The burnt child dreads the fire.

မီးလောင်ဖူးတဲ့ကလေး မီးကိုကြောက်တယ်။

Make no fire, raise no smoke.
မီးမရှိ မီးခိုးမတက်။
(မီးမရှိ မီးခိုးမထွက်၊ မဟုတ်ဘဲ မကျော်)

**First**

First things first.
ပထမလုပ်ရမှာ ပထမအလုပ်။
First come, first serve.
အရင်ရောက်သူ အရင်ဦးစားပေး။
I am not the first and shall not be the last.
ထိပ်ဆုံးမရောက်ချင်နေ၊ ဘိတ်ဆုံးတော့ မဖြစ်စေနဲ့။
The first breath is the beginning of death.
မွေးဖွားလာခြင်းဟာ သေဖို့စတင်ခြင်းပဲ။
First thrive and then wive.
ကုံလုံမှ မယားယူ။
First think and then speak.
မပြောခင် စဉ်းစားပါ။
First try and then trust.
လူကိုယုံတော့မယ်ဆိုရင် စမ်းကြည့်ပြီးမှယုံ။

**Fish**

Fish follow the bait.
ငါးဟာ ငါးစာနောက်လိုက်မြဲပဲ။
When the fish is caught, the net is laid aside.
ငါးမိတော့ ကွန်ကိုဘေးဖယ်ထား။

**Flatter**

There is no such flatterer as a man's self.
ဘယ်သူတွေ ဘယ်လောက်မြှောက်မြှောက်၊ ကိုယ့်ကိုယ်ကို မြှောက်တာကိုတော့ မမီ။

**Flesh**

Flesh stands never too high but a dog will venture his legs.

အသားကို ဘယ်လောက်ပဲမြင့်မြင့်မှာထား၊ ခွေးကတော့ လှမ်းခုန်မှာပဲ။

**Flow**

Every flow hath its ebb.

အတက်ရှိ အကျရှိ။

**Follow**

Follow love and it will flee.

အချစ်ဆိုတာ လိုက်ရင်ပြေးတတ်တယ်။

He that follows nature is never out of his way.

သဘာဝသာလိုက်၊ လမ်းမလွဲဘူး။

**Folly**

No folly to being in love.

ချစ်တာကို ရူးတယ်လို့ပြောမရ။

**Fool**

He is a fool that thinks not that another thinks.

ထူးရင် ရူးတယ်။ ကိုယ်တစ်ယောက်တည်း ခေါင်းရှိသည်ထင်သူအရူး။ (ဘဝင်မြင့်ရင် ရူးတတ်တယ်။)

A fool and his money are soon parted.

လူမိုက်နဲ့ငွေ အတူမနေ။

Every man is a fool sometimes, and none at all times.

လူတိုင်း တစ်ကြိမ်တစ်ခါတော့ ရူးကြတာပဲ။
(မလိမ္မာ တစ်ခါမိုက်)

He who is born a fool is never cured.
ဝမ်းတွင်းရူး ကုမရ။
One fool praises another.
အရူးကို အရူးက ချီးကျူးတယ်။
One fool makes many.
တစ်ယောက်ရူး အားလုံးလိုက်ရူး။
He is a fool who makes his physician his heir.
ကိုယ့်သမား အမွေစားခန့်သူလောက် မိုက်မဲသူမရှိ။
(သူခိုး ဓားရိုးကမ်း)
Fools tie knots, and wise men loosen them.
ပြဿနာရှာတာ လူမိုက်၊ ဖြေရှင်းရတော့ ပညာရှိ။
Fool's haste is no speed.
လူမိုက်လောတာကို မြန်တယ်မထင်လိုက်နဲ့။
We are fools to one another.
ကိုယ်ကလွဲ အားလုံးအရူးပဲ။
Fools grow without watering.
အလေ့ကျအပင်တွေ ရှင်သန်ကြတယ်။
Fools and madmen speak the truth.
အရူးတွေ အမှန်ပြောကြတယ်။
(ခွေးပါးစပ်က နတ်စကားထွက်)
It is a foolish sheep that makes the wolf his confessor.
ကျားရှေ့ ဒူးထောက်။ ကျားရှေ့ မှောက်ရက်လဲ။

## Forbid

Forbid a thing and we will do it.
မလုပ်နဲ့ဆိုလေ၊ လုပ်ချင်လေ။
Forbidden fruit is sweet.
ခိုးစားရတဲ့အသီး ပိုချိုတယ်။

**Forgive**

Forgive and forget.

ခွင့်လွှတ်လိုက်ပါ၊ မေ့လိုက်ပါ။

**Fortunate**

It is a fortunate head that never ached.

ကံကောင်းတဲ့ခေါင်း ဘယ်တော့မှမကိုက်ခဲ။

(ကိုယ်ကောင်း ခေါင်းဘယ်မရွှေ့)

**Fortune**

Fortune to one is mother, to another is step-mother.

သုံးတတ်ရင် ဆေး၊ မသုံးတတ်ရင် ဘေး။

Fortune favours the brave.

သတ္တိကောင်းရင် ကံကောင်းတယ်။ သတ္တိရှိသူ ကံလိုက်တယ်။

When fortune smiles, embrace her.

အခွင့်အရေးပေါ်လာရင် လက်မလွှတ်နဲ့။

**Fox**

Though the fox runs, the chicken hath wings.

ဟဲ့ မြေခွေး၊ နင် အပြေးသန်ပါတယ်။ ဒါပေမယ့် ကြက်က ပျံနိုင်တယ်။

The fox preys farthest from home.

မြေခွေးဟာ သူ့တင်းကုပ်နားမှာ အစာမရှာ။

(ခါးပြ ကိုယ့်ရွာကိုယ်မတိုက်)

**Friend**

Have but few friends though many acquaint-ances.

အသိများစေ၊ မိတ်ဆွေနည်းစေ။

All are not friends that speak us fair.
နှုတ်ချိုတိုင်း လူကောင်းမဟုတ်။ (ပြောတိုင်းမယုံနဲ့)
Friends are like fiddle strings, they must not be screwed too tight.
မိတ်ဆွေများအပေါ် မလျှော့မတင်း ဆက်ဆံပါ။
A friends to every is friends to nobody.
လူတိုင်းနဲ့ရောနေရင် ဘယ်သူ့မိတ်ဆွေမှ မဟုတ်တော့။ လူတိုင်းနဲ့ မိတ်ဆွေမဖြစ်နိုင်။
A friends is another self.
မိတ်ဆွေဆိုတာ ကိုယ်ပွားပါ။
Friends are thieves of time.
မိတ်ဆွေအပေါင်းအသင်းတွေဟာ အချိန်သူခိုးတွေပဲ။
Many friends in general, one is special.
မိတ်ဆွေတစ်ရာ၊ မိတ်ကောင်းတစ်ယောက်။
Friendship cannot stand always on one side.
ကိုယ့်ဖို့သာကြည့်၊ သူ့ဖို့မသိရင် မိတ်မဖြစ်နိုင်ဘူး။

**Frost**

Frost and fraud both end in foul.
နှင်းရယ်၊ လိမ်သူရယ်၊ ဇာတ်သိမ်းမကောင်း။

**Fruit**

Fruit ripens not well in the shade.
လောင်းရိပ်မိတဲ့အပင် ကောင်းကောင်းမရှင်သန်။

# G

## Get

Get a name to rise early, and you may lie the whole day.

စောစောထမိလို့ တစ်နေ့လုံးအိပ်ငိုက်။ နာမည်ကောင်းရချင်လို့ ပြဿနာတက်။

He who gets doth much, but he who keeps doth more.

ရှာနိုင်တာကောင်းတယ်။ စုနိုင်ရင် ပိုကောင်းတယ်။

## Gift

What is bought is cheaper than a gift.

ဝယ်ထားတဲ့ပစ္စည်းဟာ လက်ဆောင်ရတာထက် ပိုဈေးနည်းတယ်။ (လက်ဆောင်အတွက် ကျေးဇူးတင်ရတဲ့ တန်ဖိုးကိုက မနည်းဘူး။)

## Give

Giving much to the poor, doth enrich a man's store.

လှူဒါန်းစွန့်ကြဲလေ၊ ပြည့်စုံကြွယ်ဝလာလေ။

Give a clown your finger, and he will take your hand.

အစမလုပ်နဲ့။

A man cannot give what he hasn't got.

မရှိတာတော့ မပေးနိုင်ဘူး။

He who gives fair words feeds you with an empty spoon.

အပြောချို၊ လက်တို။ အပြောချို၊ တွန့်တို။

Give a dog an ill name and hang him.

လူတစ်ယောက်ကိုမုန်းနေရင် သူ့နာမည်ဖျက်။

**Glass**

Those who live in the glass houses should not throw stones at others.

ကိုယ့်အခြေအနေကမှ အထိမခံဖြစ်နေရင် သူများကို သွားရန် မလုပ်နဲ့။

**Go**

You go far about seeking the nearest.

နီးရက်နဲ့ဝေး။

**God**

If God be with us, who can be against us?

ဘုရားစာဖတ်တော့ အန္တရာယ်ကင်း။

Whom the God loves die young.

လူချစ်လူခင်များတဲ့သူ အသေစောတယ်။

(လူကောင်းတွေ အသက်တိုကြတယ်။)

God made the country, man made the town.

လောကဖန်ဆင်းသူ ဘုရား၊ မြို့ပြဖန်ဆင်းသူ လူသား။

Fear the man who fears not God.

ဘုရားမကြောက်တဲ့လူကို ကြောက်ပါ။ (သတိထားပါ။)

God provides for him that trusteth.

ဘုရားကိုယုံကြည်ရင် ဘုရားမ,မယ်။

**Goes**

He that goes a-borrowing goes a-sorrowing.

အချေးအငှားတစ်ခါလုပ်ရင် တစ်ခါစိတ်မကောင်း ဖြစ်ရတယ်။

**Good**

Good and quick seldom meet.

အမြန်လိုရင် အကောင်းရခဲတယ်။

Good broth may be made in an old pot.
အိုးကောင်းဖို့ထက် ဟင်းကောင်းဖို့ အရေးကြီးပါတယ်။
(ဆေးတံကောင်းဖို့ထက် ဆေးကောင်းဖို့အဓိက။)
No good building without a good foundation.
ရေမြေမှန် ပွင့်သီးမသန်။
Good counsel has no price.
အကြံကောင်း ဉာဏ်ကောင်းဆိုတာ တန်ဖိုးဖြတ်လို့မရ။
Good fame is better than a good face.
ရုပ်ကောင်းတာထက် နာမည်ကောင်းတာ ပိုကောင်းတယ်။
Good is the enemy of the best.
ကောင်းရုံလောက်မရည်မှန်းနဲ့၊ အကောင်းဆုံးကို ရည်မှန်း။
If a good man thrives, all thrive with him.
သစ်တစ်ပင်ကောင်း ငှက်တစ်သောင်းခိုနိုင်။
A good tongue is a good weapon.
နှုတ်ချို လျှိုတစ်ပါး။
It is not good manners to show your learing before ladies.
အမျိုးသမီးတွေရှေ့မှာ ပညာပြတာမကောင်းဘူး။
A good wife and health are a man's best wealth.
ဇနီးကောင်းရ ထားတဲ့လူနဲ့ ကျန်းမာရေးကောင်းတဲ့လူဟာ အချမ်းသာဆုံးလူပဲ။
A good wife makes a good husband.
မယားကောင်းရင် လင်ကောင်းမယ်။
Good words cool more than cold water.
စကားကောင်းကြားရတာ ရေအေးသောက်ရတာထက် ပိုရင်အေးတယ်။

**Gossip**

Gossiping and laying go together.

အတင်းပြောရင် အလိမ်ပါ။

**Government**

Every nation has the government that deserves.

လူမျိုးတိုင်းဟာ ထိုက်တန်တဲ့အစိုးရကို ရကြတယ်။

(တိုင်းပြည်တိုင်းဟာ ထိုက်တန်တဲ့အစိုးရကို ရကြတယ်။)

**Grasp**

Grasp all, lose all.

လောဘကြီး ဇီး (ဇီးသီး) လောက်ရ။

**Great**

The sons of great men seldom do well.

ကြီးမြတ်သူတွေရဲ့ သားတွေဟာ ကောင်းခဲတယ်။

The great fish eat up the small fry.

ကြီးနိုင် ငယ်ညှင်း။

Great men think alike.

ပညာရှိများ အမြင်တူတတ်တယ်။

He that has a great nose, thinks everybody is speaking of it.

ချို့ယွင်းချက်ရှိနေသူဟာ လူတိုင်းကို သံသယဖြစ်တတ်တယ်။

A great ship asks deep waters.

သင်္ဘောကြီးရင် ရေနက်ဖို့လိုတယ်။

A great shoe fits not a little foot.

ကြီးတဲ့ဖိနပ် ခြေသေးနဲ့မတန်။

(လူကြီးဖိနပ် ကလေးစီးပေးသလို)

The greatest hate springs form the greatest love.

အချစ်ကြီးရင် အမျက်ကြီးတယ်။

**Greedy**

Greedy folks have long arms.

လောဘကြီးသူ လက်တံရှည်တယ်။

**Greek**

Beware of greeks bearing gifts.

ရန်လိုသူ လက်ဆောင်လာပေးရင် သတိထားတော့။

(ဂရိ = ရန်လိုသူအဓိပ္ပာယ်)

When Greek meets Greek, then comes the tug of war.

ဂရိနဲ့ ဂရိတွေ့ရင် စစ်ဖြစ်မှာပဲ။ (ချိတ်ချိတ်ချင်း ချိတ်မှာပဲ)

It is all Greek to me.

ဒီကိစ္စဟာ ကျွန်တော်နဲ့ လုံးဝစိမ်းတယ်။

**Grief**

Long grief is not strong grief.

ကြာကြာငိုတိုင်းလည်း သိပ်လွမ်းနေတယ်မထင်နဲ့။

The only cure for grief is action.

ပူဆွေးဝမ်းနည်းနေရင် အလုပ်ထလုပ်လိုက်။

**Guest**

A good guest not a pest.

ဧည့်ကောင်းဆောင်ကောင်းကို ခရီးဦးကြိုပြုသင့်တယ်။

A good talker makes a welcome guest.

စကားပြောကောင်းရင် လူရာဝင်တယ်။

**Guilty**

A guilty conscience needs no accuser.

ကိုယ့်လိပ်ပြာကိုယ်လုံရင် စွပ်စွဲမယ့်လူ မလိုဘူး။

Every guilty person is his own hangman.

မင်းကိုသတ်တာ ဒေါက်ဖြုတ်တဲ့လူမဟုတ်ဘူး၊ မင်းကိုယ်တိုင်ပဲ။

# H

**Habit**

The fox changes his skin but not his habit.

မြေခွေးဟာ အရောင်သာပြောင်းမယ်၊ အကျင့်မပြောင်းဘူး။

Habit is the second nature.

အကျင့်ဆိုတာ ဒုတိယသဘာဝဖြစ်တယ်။

Bad habits die hard.

အကျင့်ဆိုးကို ဖျောက်နိုင်ခဲ့တယ်။

Habit if not resisted, soom bacomes a necessity.

အကျင့်ကို မဖျောက်နိုင်ရင် ဓလေ့ဖြစ်သွားတတ်တယ်။

**Half**

Half the world knows not how the other half lives.

လူတွေဟာ တစ်ယောက်အကြောင်း တစ်ယောက်မသိကြ။

Half a loaf better than no bread.

ပေါင်မုန့်တစ်လုံးမရှိတာနဲ့စာရင် တစ်ဝက်ရှိတာ တော်သေးတာပေါ့။

The half is more than the whole.

တစ်ခုမရှိတဲ့အချိန်မှာ တစ်ဝက်က တန်ဖိုးရှိတယ်။

Half the way to know the way.

လမ်းသိရင် ခရီးတစ်ဝက်ပေါက်တယ်။

Half done is worse than not done.

တစ်ဝက်တစ်ပျက်လုပ်တာ မလုပ်ဘဲထားတာထက် ပိုဆိုးတယ်။

**Halt**

You half before you are lame.

ခြေမကျိုးခင် ရပ်လိုက်တယ်။ (ပန်းတိုင်မရောက်ခင် လျှော့လိုက်တယ်။ ပွဲမပြီးသေးဘူး၊ အရှုံးပေးတာကအရင်)

**Hand**

Your destiny is in your hands.

ကိုယ့်ကြမ္မာ ကိုယ်ဖန်တီး။

The hand that rocks the cradle rules the world.

ပုခက်လွှဲသောလက် ကမ္ဘာကိုအုပ်စိုးတယ်။

Nothing but a handful of dust will fill the eye of man.

မျက်စိထဲသဲနဲ့ပက်။ မျက်စိကန်းဖို့ကတော့ သဲတစ်ဆုပ်ပဲ လိုပါတယ်။

**Handsome**

I must not hang all my bells upons a horse.

အလုပ်တစ်ခုတည်းမှာ ငွေအားလုံးကို မရင်းနှီးသင့်။

Hang yourself for a pastime.

အပျော်ကျူးရင် ဒုက္ခရောက်တယ်။

As well be hanged for a sheep as for a lamb.

ထောင်ကျတာချင်းအတူတူတော့ ကြီးတာခိုး။

## Happy

The dead alone are happy.
သေရင် အေးငြိမ်းသွားတာပဲ။
(လောဘ၊ ဒေါသ၊ မောဟ အဃာတ ဘာမှမရှိ)
Happiness grows at one's fireside.
ပျော်ရွှင်မှုကို ဧည့်ခန်းဆောင်ထဲက မီးဖိုဘေးမှ ရနိုင်တယ်။
He is happy whom other men's perils make wary.
သင်ခန်းစာယူတတ်ရင် ကောင်းပါတယ်။

## Hard

Soft life is hard life.
သက်တောင့်သက်သာနေရင် ရှင်သန်ဖို့ ခက်ခဲလိမ့်မယ်။

## Hare

Hares may pull dead lions by the beard.
ယုန်တွေက ခြင်္သေ့သေကို မုတ်ဆိတ်မွေးက ကိုင်ဆွဲပြတယ်။
(သူခိုးပြေးမှ ထိုးကွင်းထ)

## Harm

By harming others we harm ourselves.
သူများမကောင်းကြံ၊ ကိုယ်ဘေးဒဏ်ထိ။
Great charm does great harm.
လှလေ၊ အန္တရာယ်များလေ။

## Harp

You harp on the string that giveth no melody.
ဒီစာတ်ပြားဟောင်းကိုပဲ ပြန်ပြန်ဖွင့်နေတယ်။

## Haste

Haste makes waste.
အလျှင်လို အနှေးတွေ့။

Make no more haste when you come down than when you went up.
အတက်သတိ၊ အဆင်းမှာလည်းရှိစေ။
No haste to hang true men.
သစ္စာရှိတဲ့လူတွေအပေါ် အပြစ်မြင်မစောပါနဲ့။
Hasty climbers have sudden falls.
အတက်မြန်ရင် အကျမြန်တယ်။
A hasty meeting, a hasty parting.
ခုမြင် ခုကြိုက်၊ ခုလိုက် ခုကွဲ။
Hasty peope will never make good widives.
လောကြီးသူ လက်သယ်ကောင်းမဖြစ်နိုင်။
Be not too hasty to outbid another.
သူများထက်သာလိုလျှင် ဇောမကြီးနဲ့။

**Hate**

Wait before you hate.
မမုန်းခင် စဉ်းစားပါဦး။
Hate not at the first harm.
တစ်ချက်ကလေး အပြစ်မြင်လိုက်တာနဲ့ တစ်သက်လုံးမမုန်းစေချင်။
He that is haste by his subjects, cannot be counted a king.
ငယ်သားများမကြိုက်သူ၊ ခေါင်းဆောင်မဖြစ်နိုင်။
Hatred is blind, as well as love.
အချစ်နဲ့ အမုန်းမှာ မျက်လုံးမပါ။

**Have**

Have an eye to the main chance.
အခွင့်အရေးကို မျက်ခြေမပြတ်နဲ့။

Have God and have all.

ဘုရားဖက် အသက်ရှည်။

Do good, have good.

ကောင်းတာလုပ်ရင် ကောင်းတာဖြစ်တယ်။

**Hawk**

Hawks do not pick Hawk's eyes out.

သိန်းငှက်ဟာ သိန်းငှက်မျက်လုံးကို ဘယ်တော့မှ မထိုးဆိတ်ဘူး။ (ဇာတ်တူသားချင်း စားလေ့မရှိ)

**Head**

Two heads are better than one.

ခေါင်းနှစ်လုံးဟာ တစ်လုံးထက်ပိုကောင်းတယ်။

He that hath a head of wax, must not walk in the sun.

ခါးမသန်ရင် တောင်ကြီးဖြိုမယ်မကြံနဲ့။ (မတန်မရာကို မကြံစည်နဲ့။)

Heads I win, tails you lose.

ခေါင်းကျရင် ငါနိုင်၊ ပန်းကျရင် မင်းရှုံး။ (ဖို့နှစ်ဖို့ ငါ့ဖို့ချည်း)

**Heal**

A man is not so soon healed as hurt.

စိတ်အထိနာရင် ကြာကြာကုရမယ်။

**Health**

Health is wealth.

ကျန်းမာရေးသည် လာဘ်တစ်ပါး။ အာရောဂျံ ပရမံ လာဘံ။

Health and money go far.

ကျန်းမာရေးနဲ့ငွေဟာ ခရီးရောက်တယ်။

Health is better than wealth.

ချမ်းသာတာထက် ကျန်းမာတာ ပိုတန်ဖိုးရှိတယ်။

The first weath is health.

ပထမဆုံး ပိုင်ဆိုင်ရမယ့်ဥစ္စာဟာ ကျန်းမာရေးပဲ။

**Hear**

Hear much, speak little.

များများနားထောင်ပါ၊ နည်းနည်းပဲပြောပါ။

From hearing comes wisdom, from speaking, repentance.

ကြားပါများရင် အသိဉာဏ်ဝင်၊ ပြောပါများရင် နောင်တရ။

**Heart**

A merry heart maketh a careful countenance.

နှလုံးသားအရိပ် မျက်နှာမှာထင်စမြဲ၊

The heart knoweth its own bitterness.

စိတ်ထားမကောင်းတာ လူတကာမသိပေမယ့် ကိုယ့်ဟာကိုယ်တော့ သိတယ်။

The hearts letter is read in the eyes.

အချစ်ဟာ မျက်လုံးမှာပေါ်တယ်။

It is the heart that makes the theologian.

သာသနာ့ဝန်ထမ်းအတွက် နှလုံးဖြူစင်ဖို့ အရေးကြီးတယ်။

**Heaven**

Earth has no sorrow that heaven cannot heal.

ဘုရားသခင် မကုစားနိုင်တဲ့ ဝမ်းနည်းကြေကွဲမှု မြေကမ္ဘာမှာမရှိပါ။

Heaven is above all.

အမြတ်ဆုံးဟာ နိဗ္ဗာန်

Heaven will make amends for all.

လူ့အမှား ဘုရားပြင်လိမ့်မယ်။

## Hell

Hell and chancery are always open.
ငရဲတံခါး အမြဲဖွင့်ထားတယ်။
Hell is wherever heaven is not.
နိဗ္ဗာန်ကလွဲ ငရဲ။
Hell is nobody who will go to hell for company.
အဖော်ကောင်းပေမယ့် ငရဲမလိုက်ချင်။
Hell will never be full till you be in it.
သင် ငရဲမကျသေးသရွေ့ ငရဲပြည်မှာ လူမပြည့်။ (ငရဲမှာ လူစုံနေပြီ၊ မင်းတစ်ယောက်လိုသေးလို့ စာရင်းမပိတ်ရသေးဘူး။)

## Help

He helps little that helpeth not himself.
ကိုယ့်ကိုယ်ကိုမှ မကြည်ဖြူရင် ဘယ်သူ့ကူမှာလဲ။

## Hen

It is a sad house where the hen crows louder than the cock.
မိန်းမဩဇာလွှမ်းတဲ့အိမ်ဟာ စိတ်ပျက်စရာ ကောင်းတယ်။

## Hercules

Hercules was not begot in one night.
ဟာကြူလီဟာ တစ်ညတည်းနဲ့ဖြစ်မလာ။
ရောမကို တစ်နေ့တည်းနဲ့ တည်ဆောက်မရ။
Not even Hercules could contend against two.
ဘယ်လောက်သန်သန်၊ နှစ်ယောက်ဒဏ်မခံနိုင်ဘူး။

## Here

Heaven is high above here.
နိဗ္ဗာန်ဆိုတာ အနီးကလေးပါ။ နိဗ္ဗာန်ဆိုတာ မြင့်သီခေါင်ပေမယ့် ဒီမှာပါပဲ။

**Heresy**

Heresy is the school of pride.

မာနကြီးရင် ဒိဋ္ဌိဖြစ်။

**Heretic**

For the same man to be a heretic and a good subject is incompatible.

လူတစ်ယောက်ဟာ ကောင်းရင်ကောင်း၊ မကောင်းရင်ဆိုး။

**High**

High places have their precipices.

ဘယ်လောက်မြင့်မြင့် ဆင်းစရာချောက်ကမ်းပါးတော့ ရှိတာပဲ။

**Hill**

Hills are green far away.

တောင်ဆိုတာ အဝေးကြည့်ပဲလှတယ်။

**Hog**

The hog is never good but when he is in the dish.

ဝက်ဆိုရင် အရှင်မကောင်း၊ ဟင်းဖြစ်မှကောင်း။

**Hold**

Hold fast when you have it.

လိုချင်တာရရင် မြဲမြဲဆုပ်ထား။

Who holds his peace and gathers stones, will find a time to throw.

အေးအေးနေပြီး ခဲတွေစုထားသူဟာ တစ်နေ့ပေါက်ဖို့ ကြုံလာမှာပဲ။

**Home**

Home sweet home.

အိမ်ဆိုတာ ချစ်စရာပါ။

Homer sometimes nods.
"ဟိုးမား" ပင်လျှင် အမှားကျူးလွန်မိကြောင်း ဝန်ခံရသည်။
(ပညာရှိ သတိဖြစ်ခဲ)
East or West, home is the best.
ဘယ်နေရာရောက်ရောက်၊ အိမ်လောက်မကောင်း။

**Honesty**

Honesty is the best policy.
ရိုးသားတာ အကောင်းဆုံး။
Honest men marry soon, wise men not at all.
ရိုးသားသူလက်ထပ်၊ မြတ်ပညာရှင် လက်မထပ်။

**Honey**

Money is honey.
ငွေဆိုတာ ပျားရည်ပါ။ (သည်းခြေကြိုက်တာငွေ)
A honey tongue, a heart of gall.
နှုတ်ချို အူတို။
It will not always be honey-moon.
ပျားရည်ဆမ်းခရီးချည်း ဘယ်ဖြစ်နိုင်ပါ့မလဲ။

**Honour**

Honour and profit lie not in one sack.
ငွေပေါတိုင်း ဂုဏ်မရှိ။
Honour nourishes arts.
အနုပညာဆိုတာ အားပေးသူရှိမှ ထွန်းကားတယ်။
Honours change manners.
ဂုဏ်ရှိလာရင် အမူအရာ (အချို့) ပြောင်းသွားတတ်တာပဲ။

**Hope**

Hope is as cheap as despair.

"မျှော်လင့်တာ" နဲ့ "စိတ်ပျက်တာ" ဈေးပေါတယ်။

("မျှော်လင့်တာ" နဲ့ "စိတ်ပျက်တာ" ပိုက်ဆံကုန်တာမှတ်လို့။)

While there is life, there is hope.

အသက်ရှင်နေသရွေ့ မျှော်လင့်ချက်ရှိတယ်။

Hope for the best and prepare for the worst.

အကောင်းဆုံးမျှော်လင့်၊ အဆိုးဆုံးအတွက် ပြင်ဆင်။

Hope springs eternal in human breast.

မျှော်လင့်လို့ပဲ မဆုံးနိုင်။

**Horn**

He that hath horns in his bosom, let him not put them on his head.

ပညာရှိအမျက် ပြင်မထွက်။

A horn spoon holds no poision.

ချိုနဲ့ လုပ်တဲ့ဇွန်း၊ အဆိပ်မကပ်နိုင်။

He had better put his horns in his pocket than wind them.

ဒေါသအမျက် ပြင်မထွက်သင့်။

**Horse**

The horse-shoe that clatters wants a nail.

မြင်းခွာမြည်လာရင် သံလိုနေပြီ။

A horse, a wife and a sword may be shewed but no lent.

မြင်းရယ်၊ မိန်းမရယ်၊ ဓားရယ်ကို ပြရုံပြ၊ မငှားလိုက်နဲ့။

One man may lead a horse to water but twenty cannot make him drink.

မြင်းကို ရေဆီဆွဲလာဖို့ လွယ်တယ်၊ ရေသောက်ခိုင်းဖို့ ခက်တယ်။

A horse will not avoid oats.

နွား စပါးမရှောင်၊ ကြာသမား သူများမယားမရှောင်။

**Hot**

Hot love is soon cold.

သွေးပူတဲ့အချစ် အအေးမြန်တယ်။

Hot sup, hot swallow.

ထမင်းပူရင် မျိုချလည်းပူမှာပဲ။

**Hound**

Hounds and horse devour their nasters.

ကျေးဇူးရှင်ကို ကျေးစွပ်တယ်။

**Hour**

Hour's sleep before midhight is worth three hours after.

လုပ်သင့်ချိန်မှာလုပ်ရင် အချိန်တိုတိုနဲ့ ထိရောက်တယ်။

One hour's cold will spoil seven year's warming.

တစ်သက်လုံး ဖုံးခဲ့သမျှ ကုန်းလိုက်မှပေါ်။

One hour today, is worth two tomorrow.

ကနေ့တစ်နာရီဟာ မနက်ဖြန်နှစ်နာရီနဲ့ ညီတယ်။

**House**

When the house is burnt down, you bring water.

မိုးလွန်မှထွန်ချ။ (အိမ်တစ်လုံးလုံး ပြာကျသွားကာမှ ရေသယ်လာတယ်။)

**Humble**

Humble hearts have humble desires.

ရိုးသားသူတွေမှာ ရိုးသားတဲ့ဆန္ဒ ရှိကြတယ်။

**Hunger**

They must hunger in frost that will not work in heat.

နေပူတုန်း စပါးမလှန်းသူ၊ မိုးရွာတော့ ဝမ်းရေးပူ။

Hunger is the best sauce.

ဆာမှစား ထမင်းမြိန်။

Hunger knows no friend.

ဆာနေရင် မျှဝေစားရမယ့်သူငယ်ချင်းဆိုတာ မရှိတော့။

Hunger makes hard beans sweet.

ဆာနေရင် အားလုံးအရသာရှိတယ်။ (မြိန်ရာဟင်းကောင်း)

**Hungry**

A hungry horse makes clean manners.

ဆင်ရိုင်းဟာ ငတ်မှ နာခံတတ်လာတယ်။

Hungry flies bite sore.

သွေးဆာတဲ့ယင် နာနာကိုက်တယ်။

A hungry man, an angry man.

ဆာရင် ဒေါသဖြစ်။

**Hunt**

Hunting, hawking, and paramours, for on a hundred displeasures.

ကြာခိုယောကျ်ား၊ ငှက်သမားနဲ့ တောသွားမုဆိုးမှာ ပျော်ရတာ တစ်ခဏ၊ စိတ်မကောင်းရတာ အနန္တ။

**Hurt**

He that hurts another hurts himself.

သူများမကောင်းကြံ ကိုယ်ဘေးဒဏ်ထိ။

**Husband**

Husbands are in heaven whose wives scold not.

မဆူပူတတ်တဲ့ မိန်းမတွေရဲ့ ယောကျ်ားတွေဟာ နိဗ္ဗာန်ရောက်နေတာနဲ့အတူတူပဲ။

If the husband be not at home, there is nobody.

လင်ရှိမှ တင့်တယ်။

In the husband, wisdom; in the wife, gentleness.

လင်သားမှာ အသိဉာဏ်ဝင်၊ ဇနီးသည်မှာ သိမ်မွေ့မှုဆင်။

**Hypocrisy**

Do not outshine hypocrisy.

ကြောင်သူတော်အလုပ်မှာ ဆရာကြီးသွားမလုပ်နဲ့။

Hypocrisy is a homage which vice pays to virtue.

ကြောင်သူတော်ဟာ ဘုရားမယုံပေမယ့် ဘုရားရှိခိုးတယ်။

# I

## I

I to-day, you to-morrow.
ကနေ့ရတာ ငါယူမယ်၊ နောက်နေ့ မင်းအတွက်ပေ့ါ။
I say less-but I think more.
များများတွေးပြီး နည်းနည်းပြောချင်တယ်။
I was not born yesterday.
လူကို သူငယ်နှပ်စားမှတ်လို့။

## Idle

Idle folks have the least leisure.
အလုပ်မလုပ်တဲ့လူမှာ အပန်းဖြေချိန်နည်းတယ်။
Idle folks have the most labour.
ဘာမှမလုပ်သူဟာ အလုပ်အရှုပ်ဆုံးပဲ။
Idle folks lack no excuses.
ပျင်းတဲ့ကောင်အဖို့ ဆင်ခြေမရှား။

## Idleness

Of idleness, comes no goodness.
လေလွင့်ခြင်းမှ ကောင်းကျိုးမရ။
Idleness is the key of beggary.
အလုပ်မလုပ်ရင် တောင်းစားရကိန်းဆိုက်မယ်။

## If

If you lie upon roses when young, you will lie upon throns when old.
ငယ်စဉ်မှာ မကြိုးစား၊ ကြီးတော့ ဒုက္ခများ။

If an ass goes travelling, he'll not come back a horse.

မြည်းဘယ်ကိုသွားသွား၊ ပြန်ရောက်လာတော့ မြည်းပါပဲ။

If the pills were pleasant, they would not want gilding.

အဝင်ကောင်းတဲ့ဆေးလုံး သကြားဖုံးစရာမလို။

If a man thrives, all thrive with him.

တစ်ယောက်ကြီးပွား အများကြီးပွား။

If you can kiss the mistress, never kiss the maid.

ချက်ကောင်းကိုင်၊ ဝှကောင်းထိုင်။

## Ignorance

Ignorance of law is no excuse.

ဥပဒေဗဟုသုတမရှိရင် ကိုယ်ပဲခံရမယ်။

Where ignorance is bliss, 'tis folly to be wise.

လူမိုက်တွေကြားမှာ လူလိမ္မာအရှုံးဖြစ်။

## Ill

Of one ill, come many.

အကုသိုလ် အစုလိုက်အပြုံလိုက် ဝင်တတ်တယ်။ မကောင်းမှုတစ်ခု လုပ်ရင် မကောင်းမှုတွေ ဆက်လုပ်ချင်။

Ill be him that thinketh ill.

ဥပါဒါန်ကြောင့် ဥပါဒ်ရောက်။

It is ill bird that pecks out the dame's eyes.

ကျေးစွပ်တတ်သူ လူကောင်းမဟုတ်။

Ill gotten, ill spent.

မကောင်းတဲ့နည်းနဲ့ ရတဲ့ပိုက်ဆံ၊ ကြာကြာမခံ။

Ill weeds grow apace.

ညံ့တဲ့ပေါင်းပင် အသန်မြန်။

An ill marriage is a spring of ill fortune.

အိမ်ထောင်ရေးမသာယာ၊ အကုသိုလ်တွေလာ။

Ill counsel mars all.

မကောင်းတဲ့အကြံဉာဏ် အပေးခံရရင်တော့ ငါးပါးမှောက်ပြီမှတ်။

Ill will never said well.

သဘောထားဆိုးသူပါးစပ်က ဘယ်တော့မှ စကားကောင်းမထွက်။

An ill turn is soon done.

မကောင်းမှု အပြုမြန်။

An ill life, and ill end.

ဘဝမကောင်းရင် အသေမကောင်း။ (ဘဝမလှရင် အသေမလှ)

There were no ill language, if it were not ill taken.

မကြည့်တတ်ရင် တဏှာ၊ ကြည့်တတ်ရင် ဘာဝနာ။

An ill wound is cured, not an ill name.

အနာကုလို့ရ၊ နာမည်ပျက် အဖတ်ဆယ်လို့မရ။

## Imitation

Imitation is the sincerest Flattery.

တုပခြင်းဟာ အရိုးသားဆုံး မြှောက်ပင့်ခြင်းပဲ။

A good imitation is the most perfect originality.

အတုကောင်းရင် အစစ်ထက်သာ။

## Immortal

What is human is immortal.

လူသားဆန်သူဟာ လူသာသေမယ်၊ နာမည်မသေ။

**Impossible**

It is impossible to make a crab walk straight.

ကဏန်းကို တည့်တည့်သွားခိုင်းလို့မရ။ (လူမိုက်ကို တရားချလို့မရ။ အကောက်ကို အဖြောင့်လုပ်ချင်လို့မရ။)

The word impossible is in the dictionary of fools.

“မဖြစ်နိုင်” စကားလုံး အရူးအဘိဓာန်မှာသာရှိ။

**In**

In vain the nest is spread in the sight of any bird.

ငှက်တွေရှေ့မှာ ပိုက်ထောင်လို့ အကျိုးအများ။

In time the savage bull doth bear the yoke.

အချိန်ကြာလာတော့ နွားရိုင်းကြီး ထမ်းပိုးအောက် ရောက်ရတာပါပဲ။

In a calm sea every man is a pilot.

ပင်လယ်ကြီးငြိမ်သက်နေရင် လူတိုင်းဟာ မာလိန်မှူးချည်းပဲ။ (အခြေအနေကောင်းနေရင် ရှေ့ထွက်ချင်)

In a retreat the lame are foremost.

ထွက်ပြေးကြစို့ဆိုတော့ ထော့ကျိုးကရှေ့ဆုံးက။

In space comes grace.

ခြေတစ်သန်း ကုဋေတစ်သန်း။

In the husband wisdom, in the wife gentleness.

ယောကျ်ားမှာ အသိပညာ၊ မိန်းမမှာ အလိမ္မာ။

**Ingratitude**

Ingratitude thou bites the hand that feeds you.

အစာကျွေးတဲ့လက်ကို ကိုက်တယ်။ (ကျေးဇူးရှင်ကို ကျေးစွပ်)

**Injury**

Injuries don't use to be written on ice.

ခံရတဲ့လူ ဘယ်တော့မှမမေ့နိုင်။

**Innocent**

As innocent as a new laid egg.

မွေးကင်းစ အပြစ်ကင်းစင်သလို။

Innocence is no protection.

အပြစ်ကင်းစင်ရုံနဲ့ အကာအကွယ်မရနိုင်ဘူး။

As innocent as devil of two years old.

နှစ်နှစ်သားအရွယ် မကောင်းဆိုးဝါး အပြစ်ကင်းသလောက်ကို ကင်းစင်တယ်။

**Insanity**

Insanity is the mind that lost hope.

မျှော်လင့်ချက်မထားရင် အရူးပဲ။

**Inspiration**

Inspriation and genius are one and the same thing.

“လှုံ့ဆော်မှု” နဲ့ “ပါရမီဓာတ်ခံ” အတူတူပါပဲ။

**Insult**

To add insult to injury.

နူရာဝဲစွဲ၊ လဲရာသူခိုးထောင်း။

**Intemperance**

Let not intenperance be the master.

ဘယ်အရာမဆို အလွန်အကျွံ မဖြစ်စေနဲ့။ အစွန်းရောက်လွန်းရင် မကောင်းဘူး။

**Invention**

Necessity is the mother of invention.

လိုလျှင်ကြံဆ နည်းလမ်းရ။ လိုအပ်မှုသည် တီထွင်မှုရဲ့ မိခင်။

**Iron**

Strike the iron while it is hot.

သံကို ပူတုန်းထုပါ။ (လသာတုန်း ဗိုင်းငင်။ အချိန်ရှိခိုက် လုံ့လစိုက်။)

An iron hand in a velvet glove.

ကတ္တီပါလက်အိတ်ထဲက သံလက်သီး။ (လက်သီးပုန်း)

## J

**Jack**

Jack is as good as his master.

ဆရာကောင်းတပည့် ပီသပါလေရဲ့။

**January**

A summerish January, a winterish spring.

နွေဆန်တဲ့ဆောင်း၊ ဆောင်းဆန်တဲ့နွေ။

**Joy**

No joy without annoy.

စိတ်ညစ်စရာမရှိဘဲ ပျော်ရွှင်မှုမရ။

(အနစ်နာခံမှ အသာစံရမယ်။ မကြိုးစားရင် မအောင်မြင်)

The joy of the heart makes the face merry.

စိတ်ကြည်လင်ရင် မျက်နှာရွှင်တယ်။

**Judge**

Who judges others, condemns himself.

ကိုယ့်ရှုးကိုယ်ပြန်ပတ်၊ ကိုယ့်အတတ်ကိုယ်စူး။

Judge not, that ye be not judged.

ကိုယ့်တရားကိုယ် မစီရင်ပါနဲ့။

No man ought to be a judge in his own cause.

ကိုယ့်အမှုကိုယ် မစစ်နဲ့။ ကိုယ့်ရောဂါ ကိုယ်မကုနဲ့။

**Just**

Be just before you are gengrous.

မရက်ရောခင် မျှတတဲ့စိတ် မွေးမြူပါ။

A just war is better than an unjust peace.

မမျှမတ ငြိမ်းချမ်းနေရတာနဲ့စာရင်၊ မျှတမှုရှိအောင် စစ်တိုက်လိုက်တာကောင်းတယ်။

**Justice**

Delay of justice is injustice.

တရားမျှတမှုအတွက် နှောင့်နှေးနေတာကိုက မတရား မမျှတတာပဲ။

Justice pleaseth few in their own house.

နေ့တိုင်း ဝက်မသတ်နိုင်ပါဘူး။

Justice delayed is justice denied.

တရားမျှတမှုအတွက် နှောင့်နှေးနေတာက တရားမျှတမှုကို ငြင်းပယ်တာပဲ။

# K

## Keep

Keep off and give fair words.

လူမိုက်ကို ဝေးဝေးရှောင်၊ အလိမ္မာဖက်ပြီး စကားပြော။

Keep some till more will come.

ထောင်မလာခင် ရာမစွန့်နဲ့။

Keep good men company, and you shall be of the number.

အပေါင်းအသင်းကောင်းမှ သင်ကောင်းမယ်။

Keep your shop and your shop will keep you.

စေတနာအကျိုးပေးတယ်။ ကောင်းတာလုပ် ကောင်းကျိုးပေး။ အသွားရှိရင် အပြန်ရှိ။

I will keep no more cats than will catch mice.

ကြွက်ဖမ်းဖို့ လိုအပ်သလောက်ပဲ ကြောင်တွေထားတော့မယ်။

Keep a thing seven years and you will find a use of it.

ဘယ်အရာမဆို တစ်ချိန်ချိန်မှာ အသုံးကျတာပဲ။

Keep the pot boiling.

ရေနွေးအိုး၊ ပွက်နေပါစေ။

Who shall keep the keeper?

ထောင်မှူးက ထောင်ကိုစောင့်၊ ထောင်မှူးကို ဘယ်သူစောင့်။

Keep your moth shut and your eyes open.

ပါးစပ်ပိတ်ပြီး မျက်လုံးဖွင့်ထားပါ။

He keeps his road well enough who gets rid of bad company.

သူယုတ်မာကို ရှောင်နိုင်သူ၊ လမ်းမှန်ပေါ်ရောက်။

Keep the staff in your own hand.
တုတ်ကို လက်နဲ့မကွာ ထားပါ။

**Keys**

He tries all the keys in the bunch.
မီးကုန်ယမ်းကုန် လုပ်ပြီးပြီ၊ ဘာမှမဖြစ်လာဘူး။

**Kick**

The kick of the dame hurts not the colt.
ခွေးလေးခုန်လို့ ဖုန်မထ။ (နှမ်းတစ်စေ့နဲ့ ဆီမဖြစ်)

**Kill**

To kill two birds with one stone.
တစ်ချက်ပစ် နှစ်ကောင်ထိ။ (တစ်ချက်ခုတ် နှစ်ချက်ပြတ်)

To kill two flies with one flap.
တစ်ချက်ရိုက် ယင်နှစ်ကောင်သေ။

To kill with kindness.
ကောင်းစေချင်လို့ ရိုက်ရတယ်။

We don't kill a pig every day.
တံငါသည် နေ့တိုင်းငါးမရ။

It is killing a crow with an empty sling.
လောက်စာလုံးမပါဘဲ ကျီးကန်းကိုပစ်။

He that killetth a man when he is drunk, shall be hanged when he is sober.
အရက်မူးလို့ လူသတ်ရင်၊ အမူးပြေတော့ ကြိုးပေးခံရတယ်။

**Kind**

Kind hearts are soonest wronged.
ကြင်နာသနားတတ်သူတွေ အစော်ကားခံရတတ်တယ်။

Kindness cannot be brought of fear.
ချောက်လှန့်ပြီး သနားကြင်နာမှုကို အရယူလို့မဖြစ်နိုင်။
Kindness gives birth to kindness.
အကြင်နာမေတ္တာဆိုတာ ရောင်ပြန်စပ်တယ်။ (မေတ္တာပေးမှ မေတ္တာရတယ်၊ ဓမ္မောဟဝေ ရက္ခတိ ဓမ္မစာရီ)
Kindness comes of will.
အကြင်နာဆိုတာ နှလုံးသားက လာတယ်။
Wheresoever you see your kindered, make much of your friends.
အကြင်နာတရား လက်ကိုင်ထားရင် ခင်သူများတယ်။

**King**

The king and the pope, the lion and the wolf.
ဘုရင်နဲ့ ရဟန်းမင်းကြီး၊ ခြင်္သေ့နဲ့ ဝံပုလွေ။
Whosoever is king, thou will be his man.
ဘယ်ဘုရင်တက်တက် တို့ကတော့ ခစားမှာပဲ။
A king's face should give grace.
ဘုရင့်မျက်နှာ ကျက်သရေရှိသင့်တယ်။
The king can do no wrong.
ဘုရင်ဟာ မမှားနိုင်ဘူး။
Kings have long arms.
ဘုရင့်ဘေး ပြေးမလွတ်။ ဘုရင့်လက်တံရှည်တယ်။
Kings and bears oft worry their keepers.
မင်းခယောကျာ်း၊ ကမ်းနားသစ်ပင်။
You should be a king of your word.
ကိုယ့်စကားအတွက် ကိုယ်တာဝန်ယူသင့်တယ်။
Kings have many ears and many eyes.
မင်းနားတစ်ထောင်။

In the kingdom of blind men, the one-eyed is the king.

စုံလုံးကန်းတွေထဲမှာ တစ်ဖက်ကန်းဟာ ဘုရင်ပဲ။

**Kiss**

Kiss and be friends.

နမ်းပြီးရင် မိတ်ဆွေဖြစ်ကြပါ။

Kisses are keys.

အနမ်းတွေဟာ သော့တွေပါပဲ။

Many kiss the child for the nurse's sake.

ကလေးထိန်းတဲ့ အမျိုးသမီးကို နမ်းချင်လို့ ကလေးကို နမ်းတာပါ။

Many kiss the hand they wish cut off.

ဖြတ်ပစ်ချင်တဲ့လက်ကို နမ်းကြတယ်။ (မုန်းသူကို ချစ်ဟန်ပြ)

**Kitchen**

Kitchen physic is the best physic.

မီးဖိုဆောင်ကဆေးဟာ အကောင်းဆုံးဆေးပဲ။

(အစာကောင်းရင် ကျန်းမာရေးကောင်း။ ကြက်သွန်၊ ဂျင်း၊ နနွင်း စသည်တို့ဆေးဘက်ဝင်)

**Kite**

A carrion kite will never be a good hawk.

စွန်ဟာ သိန်းငှက်ဘယ်တော့မှ မဖြစ်ဘူး။

**Knave**

Knaves and fools divide the wrold.

ကမ္ဘာမှာ မရိုးသားတဲ့လူတွေနဲ့ အရူးတွေပဲရှိတယ်။

I'd rather have a knave than a fool.

လူလိမ်ဟာ လူမိုက်ထက်တော့ တော်သေးတယ်။

No knave to the learned knave.

ဘယ်လူသွမ်းလူပျက်မှ ပညာရှိမဟုတ်။

Knave imagine nothing can be done without knavery.

လူလိမ်ဘုရင်ကို သွားလိမ်မယ်မကြံနဲ့။

Knavery may serve for a turn, but honesty is in the long run.

မရိုးသားလျှင် ခဏခံ၊ ရိုးသားလျှင် တစ်သက်စံ။

**Knock**

To knock at a deaf man's door.

နားပင်း တံခါးသွားခေါက်တယ်။ (ကျွဲပါးစောင်းတီး)

Prepare in advance and not when something is knocking at the door.

အရေးကြုံမှ ထ မလုပ်နဲ့။ ကြိုတင်ပြင်ဆင်မှုရှိပါ။

**Know**

I know your thoughts as well as if I were within you.

မင်းဝမ်းထဲ ငါရောက်နေတဲ့အတိုင်း မင်းစိတ်ကူးတွေကို ငါသိနေတယ်။

You know good manners, but you use but a few.

ကောင်းတာ မှန်တာကိုသိတယ်၊ ကောင်းတာမှန်တာကို လုပ်သူနည်းတယ်။

To do is art, to know is science.

အနုပညာက သရုပ်၊ သိပ္ပံပညာက အသိ။

We know not who lives or dies.

ဘယ်သူသေလို့ ဘယ်သူနေ၊ ဘယ်သူတွေက သိနိုင်ပါ့မလဲ။

You cannot know wine by the barrel.
အရက်စည်ကိုကြည့်ပြီး အရက်အရသာကို မသိနိုင်။
(အရသာသိချင်၊ စားကြည့်)
You never know what you can do till you try.
စမ်းမကြည့်သေးသရွေ့ ကိုယ်စွမ်းကိုယ်စကို ဘယ်လိုမှ မသိနိုင်။
You may know the horse by his harness.
ကကြိုးကြည့်လိုက်တာနဲ့ မြင်းကိုသိတယ်။

**Knowledge**

He that hath knowledge spareth his words.
ပညာရှိရင် စကားကိုထိန်းပြောတယ်။
First know thyself.
သင့်ကိုသင် သိဖို့က ပထမ။
Knowledge is power.
အသိပညာရှိလျှင် စွမ်းအားရှင်။
Knowledge is no burden.
ဗဟုသုတဆိုတာ ဝန်ထုပ်ဝန်ပိုးမှ မဟုတ်ဘဲ၊ ရှာဖွေစုဆောင်းသင့်တာပေါ့။
Let all knowledge be your province.
လူဆိုတာ နှံ့စပ်ရမယ်။
Better know nothing than half-know some thing.
တစ်ဝက်တစ်ပျက် သိရတာထက်တော့ လုံးဝမသိတာ ပိုကောင်းတယ်။
Knowledge makes one laugh, but wealth makes one dance.
ပညာရှင်က ရယ်နိုင်တယ်။ ငွေရှင်ကတော့ ကွေးနေအောင် ကနိုင်တယ်။

Knowledge is silent, ignorance is talktive.
ပညာပြည့် တီးမှမြည်၊ ပညာမရှိ မတီးဘဲမြည်။

**Knows**

Who knows who's good maid?
လူကဲခတ်ရ ခက်တယ်။

None knows the weight of another's burden.
သူ့ဝန်ထုပ် ဘယ်လောက်လေးတယ်ဆိုတာ ဘယ်သူမျှမသိနိုင်။

He know not which side his bread is buttered.
အကောင်းနဲ့အဆိုးကိုတောင် ခွဲခြားမသိတဲ့လူ။

He knows not a pig from a dog.
ဆက်ရက်နဲ့ချိုးတောင် မကွဲပြား။

He knows one point more than the devil.
အရှူးထက် တစ်မူးသာ။

He that know what may be gained in a day never steals.
အူမတောင့်သူ သီလစောင့်တယ်။ တစ်နေ့စာဖူလုံသူ ခိုးဖို့မကြိုးစား။

L

**Labour**

Labour is love, love is labour.
အလုပ်ဟာ မြတ်နိုးစရာ၊ မြတ်နိုးစရာဟာ အလုပ်။

Labour conquers all things.
လုပ်အားနဲ့ အရာရာကို အောင်မြင်တယ်။

The labourer is worthy of his reward.
အလုပ်သမားဟာ လုပ်ခနဲ့ ထိုက်တန်တယ်။

Labour is light where love doth pay.
မြတ်နိုးမှု၊ စိတ်ဝင်စားမှုရှိရင် အလုပ်ဟာ ပေါ့ပါးတယ်။
He that labours and thrives, spins gold.
အားထုတ်လုပ်လို့ အောင်မြင်ရင် ချမ်းသာကြွယ်ဝလာမှာပဲ။

**Lamp**

Like lamb post to the slaughter.
သိုးသတ်သမားဆီ အပို့ခံရမယ့် သိုးလို။
Like lambs, you do nothing but suck and wag yout tail.
ဘာမှမလုပ်တဲ့ သိုးလို အကောင် (လူစား)။

**Land**

Land was never lost for want of a heir.
အမွေစား အမွေခံ မရှိတာနဲ့တော့ မြေပျောက်မသွားပါဘူး။
He that hath some land, must have some labour.
မြေပိုင်သူမှာ အလုပ်သမား ရှိရတယ်။
If a man owns land, the land owns him.
လူတစ်ယောက် မြေပိုင်ထားရင်၊ မြေကလည်း သူ့ကိုပိုင်တာပဲ။
He that hath lands, hath quarrels.
မြေပိုင်ထားရင် ရန်ဖြစ်ရတယ်။

**Language**

Language is a gift of God.
ဘာသာစကားဟာ ဘုရားသခင်ပေးတဲ့ ဆုပဲ။
Language is the medium of thought.
အတွေးစိတ်ကူးများကို ဆက်သွယ်ပေးတာ ဘာသာစကားပဲ။

**Last**

Our last garment is made without pockets.

နောက်ဆုံးချုပ်တဲ့အင်္ကျီမှာ အိတ်ကပ်မပါဘူး။

**Late**

Late children, early orphans,

နောက်မှမွေး စောစော မိဘမဲ့ဖြစ်။

Late repentance is seldom true.

နှောင်းမှရတဲ့နောင်တ စိတ်ချရခဲတယ်။

Better late than never.

ဘယ်တော့မှ မလုပ်တာနဲ့စာရင် နောက်ကျမှ လုပ်တာက တော်သေးတယ်။

**Laugh**

They laugh that win.

အနိုင်ရတဲ့သူ ပျော်နိုင်ပေမှာပေါ့။

**Langhter**

Nothing is more silly than silly laughter.

မိုက်မဲ ညစ်ညမ်းတဲ့ ရယ်စရာမျိုးကို သဘောကျတာတော့ အဆိုးဆုံးပဲ။

**Law**

Laws go as kings like.

ဥပဒေ ဘုရင့်အကြိုက် လိုက်တယ်။

The law is not the same at morning and at night.

ဥပဒေ ခါခါပြောင်းတယ်။

All things obey fixed laws.

ဥပဒေကို လိုက်နာကြရတယ်။

Reason is the life of law.

ဥပဒေရဲ့ ဝိညာဉ်ဟာ "ကျိုးကြောင်းဆင်ခြင်မှု" ပဲ။

Law catches flies, but lets hornest go free.

ဥပဒေဟာ လူမိုက်တွေအတွက်ပါ။

**Lawyer**

A lawyer never goes to law himself.

ရှေ့နေဟာ ဘယ်တော့မှ တရားဥပဒေနဲ့ ငြိစွန်းတာကို မလုပ်ရဘူး။

A Lawyer's opininon is worth nothing unless paid for.

ရှေ့နေဆီက အကြံဉာဏ် ငွေပေးမှ ရနိုင်တယ်။

If a lawyer is a liar then a good lawyer a great liar.

ရှေ့နေဟာ လူလိမ်ဆိုရင် တော်တဲ့ရှေ့နေဟာ လူလိမ်ကြီးပေါ့။

Lawyer's houses are built on the heads of fools.

လူမိုက်တွေရဲ့ ငွေနဲ့ ရှေ့နေအိမ်ဆောက်။

**Lay**

Lay things by, they may come to use.

သိမ်းသာထားလိုက်ပါ၊ တစ်ချိန် အသုံးကျလာလိမ့်မယ်။

**Lazy**

A lazy sheep thinks its wool heavy.

ပျင်းတဲ့သိုး သူ့အမွေးကိုတောင် လေးတယ်ထင်။

**Leap**

A leap in the dark.

အရဲစွန့်တယ်။

**Learn**

Learn wisdom by the follies of other.

သူများ အမှားတွေထဲက သင်ခန်းစာယူပါ။ အဆိုးထဲက အကောင်း ထုတ်ယူပါ။

It is always in season for old men to learn.

သင်ယူဖို့ဆိုရင် အချိန်တိုင်း ကောင်းတယ်။ အချိန်ရသရွေ့ သင်ယူရမှာပဲ။

Men learn while they teach.

သင်ပြရင်းနဲ့ သင်ယူကြတယ်။

It is never too late to learn.

အတတ်ပညာ တစ်ခုခုကို သင်ယူဖို့ ဘယ်တော့မှ အချိန်မနှောင်း။

**Least**

The least foolish is wise.

သိပ်မိုက်မဲရင် ပညာရှိတယ် ပြောရမှာပဲ။

Least talk most work.

နည်းနည်းပြောပြီး များများလုပ်ပါ။

**Left**

Something must be left to chance.

"အခွင့်အရေး" ကိုလည်း ထည့်တွက်ရမှာပဲ။

**Lend**

Lend not horse, nor wife, nor sword.

မြင်း၊ မိန်းမနဲ့ ဓားကို ဘယ်တော့မှ ပေးမငှားနဲ့။

He that lends, gives.

ချေးလိုက်ရင် ဆုံးတော့တာပဲ။

**Let**

Let sleeping dogs lie.

အိပ်နေတဲ့ခွေး သွားမနိုးနဲ့။

Let me see, as the blind man said.
အကန်းက "ကြည့်ပါရစေ" ပြော။
Let not your tongue cut your throat.
နှုတ်ကြောင့် အသက်မသေပါစေနဲ့။

**Liar**

A liar is worse than a thief.
လူလိမ်ဟာ သူခိုးထက် ဆိုးတယ်။
A liar is not believed when he speaks the truth.
လူလိမ် အမှန်ပြောလည်း ဘယ်သူမှ မယုံဘူး။
Liars have need of good memories.
လူလိမ် မှတ်ဉာဏ်ကောင်းဖို့ လိုအပ်တယ်။

**Lie**

We must not lie down and cry.
လှဲပြီး အော်နေလို့ကတော့ ဘာမှရမှာ မဟုတ်ဘူး။
They that lie down for love should rise for hunger.
အချစ်အတွက် မှိုင်နေပေမယ့် ငတ်တော့ ထ,ရတာပဲ။
He lies like truth.
ယုတ္တိရှိရှိ လိမ်တတ်တယ်။

**Life**

Life is a pilgrimage.
ဘဝဆိုတာ "ဘုရားဖူးသွားခြင်း" ပါပဲ။
Life is not an empty dream.
ဘဝဆိုတာ အိပ်မက်မဟုတ်ဘူးလေ။
Life is half spent before we know what it is.
ဘဝအကြောင်း မသိခင်မှာပဲ ဘဝတစ်ဝက် ကုန်ဆုံးသွားပြီ။

Life is sweet.

ဘဝဆိုတာ မြတ်နိုးဖို့ကောင်းတယ်။ (ဘဝဟာ ချိုပါတယ်)

While there is life there is hope.

ဘဝ မဆုံးသေးသရွေ့ မျှော်လင့်ချက်ရှိတယ်။

Life without a friend is death without a witness.

မိတ်ဆွေမရှိတဲ့ ဘဝဟာ အထီးကျန် သေဆုံးရခြင်းပဲ။

**Light**

A light purse makes a heavy heart.

ငွေမရှိရင် စိတ်ပူရတယ်။

The light is naught for sore eyes.

မျက်စိနာနေသူ အလင်းရောင် ကြည့်မရ။

A lightning before death.

ငြိမ်းခါနီး ဖယောင်းတိုင် ထတောက်တယ်။

Light burdens, long borne, grow heavy.

ပေါ့တဲ့ဝန် ကြာကြာထမ်းရင်တော့ လေးလာတာပဲ။

**Like**

Like blood, like good and like age, make the happiest marriage.

နှစ်ကိုယ့်တစ်စိတ်ဟာ ပျော်စရာအကောင်းဆုံး။

Who likes not his business, his business like not him.

အလုပ်ကို မချစ်ရင် အလုပ်ကလည်း ပြန်မချစ်ဘူး။

**Lion**

A lion's skin is never cheap.

ခြင်္သေ့သားရေဟာ ဘယ်တော့မှ ဈေးမပေါ။ ( ခြင်္သေ့သားရေကို ဈေးချိုချိုနဲ့ ဝယ်မရ။)

Lion is not so fierce as he is painted.
ဆွဲထားတဲ့ပုံလောက် ခြင်္သေ့ဟာ ကြောက်စရာမကောင်းပါဘူး။
The lion is known by his claws.
လက်သျှောင်းတွေကြောင့် ခြင်္သေ့ နာမည်ကြီးတယ်။
(ထူးခြားမှုတစ်ခုရှိရင် နာမည်ကြီးတာပဲ။)
He is a lion in good cause.
ကောင်းကျိုးအတွက်ဆို ခြင်္သေ့ ဖြစ်ရမယ်။
A lion's share.
အများဆုံး ဝေစု။ တန်ဖိုးအကြီးဆုံး ဝေစု။

**Lips**

Lips, however rosy, must be fed.
နှင်းဆီသွေးနှုတ်ခမ်းလည်း ဆိုးဆေးကူရသေးတာပဲ။

**Little**

A little bird is content with a little nest.
ငှက်ငယ်ကလေးဟာ အသိုက်ငယ်ငယ်ကလေးနဲ့ ရောင့်ရဲတယ်။
Little and loud.
ငယ်တယ်၊ ကျယ်တယ်။
A little house has a wide mouth.
လူကသာ သေးတာ၊ အစားကြီးတယ်။
A little body often harbours a great soul.
လူငယ်ပေမယ့် စိတ်ကြီးတယ်။ (ငယ်ပေမယ့် လူကြီးဆန်တယ်။)
Little fishes slip through nets, but great fishes are taken.
ငါးသေးတွေ ပိုက်ထဲကလွတ်၊ ငါးကြီးတွေ ပိုက်မှာမိ။
Little strokes fell great oaks.
အချက်ပေါင်းများစွာခုတ်တော့ အပင်ကြီး လဲတာပဲ။ (တစ်နေ့တစ်လံ ပုဂံ ဘယ်ပြေးမလဲ)

A little wood will heat a little oven.

မီးဖိုသေးသေးကို ထင်းသေးသေးနဲ့မွေး။

A little stream drives a light mill.

ချောင်းငယ်ကလေးက ရေစက်ငယ်ကလေးကိုသာ လည်နိုင်တယ်။

**Live**

Live and learn.

ရှင်သန်ခိုက် သင်ယူပါ။

I have lived too near a wood to be frightened by owls.

တောအနီးမှာ အနေကြာခဲ့ပြီမို့ ဇီးကွက်လောက်တော့ မကြောက်တော့ဘူး။

He that lives long suffers much.

သက်တန်းရှည်လေ၊ နာကြည်းတာတွေ တွေ့ရလေ။

He lives long, that lives well.

နေတတ်ရင် အသက်ရှည်တယ်။

**Liveth**

He that liveth wickedly can hardly die honestly.

မရိုးမသား ရှင်သန်နေသူ သိက္ခာမရှိဘဲ သေရတယ်။

He that liveth in court dieth upon straw.

သေသွားရင် ဆင်းရဲချမ်းသာ၊ ဆူကြုံနိမ့်မြင့် မရှိတော့ဘူး။

**Living**

Living well is the best revenge.

ကောင်းကောင်းနေပြလိုက်တာဟာ အကောင်းဆုံး လက်စားချေတာပဲ။

No living dog is better than a dead lion.

ရှင်နေတဲ့ ဘယ်ခွေးမှ သေသွားတဲ့ခြင်္သေ့လောက် မမြတ်ဘူး။

**Lock**

No lock will hold against the power of gold.

ရွှေရဲ့ တန်ခိုးအောက်မှာ ဘယ်သော့မှ မခံနိုင်။ (ရွှေကို ဘယ်လိုသော့မျိုးနဲ့ ခတ်ထားထား၊ စိတ်မချရဘူး။)

**Long**

Long a widow weds with shame.

မုဆိုးမ သက်တမ်းကြာနေရင် အရှက်နဲ့ လက်ထပ်ရတတ်တယ်။

It is a long lane that has no turning.

အချိုးအကွေ့၊ အတက်အဆင်း မရှိရင် လမ်းရှည်တယ် ထင်ရတယ်။

**Longer**

The longer you look at it, the less you will like it.

မြင်ပါများရင် ရိုးသွားတယ်။

**Longest**

The longest night will have an end.

အရှည်ဆုံးညလည်း ကုန်ဆုံးရတာပါပဲ။

**Look**

Look to a gown of gold and you will at least get a sleeve of it.

ရွှေသားဝတ်ရုံကို မျှော်မှန်းထားရင် ရွှေသားဝတ်ရုံ လက်မောင်းလောက်တော့ ရမှာပါ။

He looks as big as if he had eaten bull beef.

အမဲသားစားထားတဲ့ပုံအတိုင်း ဝ,နေတယ်။

He looks one way and rows another.

ပြောတော့အရှေ့၊ သွားတော့အနောက်။ (အပြောတစ်မျိုး အလုပ်တစ်မျိုး)

## Lordship

Lordship changes manners.

အခြေမြင့်သွားရင် အမူအရာတွေ ပြောင်းသွားတတ်တာပဲ။

## Lose

Lose an hour in the morning and you will be hunting for it the whole day.

တစ်ချက်ကလေး ပေါ့ဆလိုက်တာနဲ့ တစ်နေကုန် ဒုက္ခဖြစ်ရတယ်။

If you lose your time, your cannot get money or gain.

အချိန်ဆုံးရင် ငွေဆုံးတာပဲ။

Lose nothing for asking.

တောင်းလိုက်ပါ၊ အရှုံးမရှိပါဘူး။

One never loses by doing a good turn.

ကောင်းကျိုးပြုတဲ့ အလုပ်လုပ်ရင် ဘာမှ ဆုံးရှုံးစရာ မရှိဘူး။

He loses his thanks who promiseth and delayeth.

ကတိမတည်ရင် ကျေးဇူးတင်မခံရဘူး။

## Loseth

He loseth indeed that loseth at last.

နောက်ဆုံးပွဲမှာ ရှုံးတာကမှ တကယ့်အရှုံး။

## Lost

I have lost all and found myself.

ရှိတာကုန်မှတော့ ကိုယ့်ကိုယ်ကို သိတော့တယ်။

It is lost that is unsought.

မရှာဘဲထားလိုက်ရင် ပျောက်မှာသေချာတယ်။

If I have lost the ring, yet the fingers are still here.

လက်စွပ်ဆုံးပေမယ့် လက်ချောင်းကလေးတွေ ကျန်ပါသေးတယ်။

**Louse**

A louse is beggar's companion.

အသုံးမကျတဲ့လူဟာ သူတောင်းစားရဲ့မိတ်ဆွေ ဖြစ်သွားမှာပဲ။

**Love**

Love is true price of love.

အချစ်ရဲ့ အစစ်အမှတ်တန်ဖိုးဟာ "အချစ်" ပါပဲ။

Love is lawless.

အချစ်မှာ ဥပဒေမရှိဘူး။

They love dancing well that dance among thorns.

ဆူးကြားမှာ ကစသူ, ကောင်းကောင်းကတတ်တယ်။

Love is free.

အချစ်ဟာ အရာရာမှ လွတ်မြောက်တယ်။

One cannot be in love and be wise.

ချစ်တတ်ရင် ပညာရှင်မဖြစ်။

Love is the reward of love.

"အချစ်" ဟာ အချစ်ရဲ့ဆုလာဘ်ပါ။

Whom we love best, to them we can say least.

တကယ်ချစ်ရင် ပျစ်ပျစ်ချွဲချွဲပြောဖို့ မလို။

Where love is, there faith is.

တကယ်ချစ်ရင် တကယ်သစ္စာရှိတယ်။ တကယ်ချစ်ရင် တကယ်ယုံတယ်။ (အချစ်ကိုယုံ ပုံအပ်)

Men love to hear well of themselves.

လူတွေဟာ သူတို့အကြောင်း အကောင်းပြောတာကိုပဲ ကြားချင်ကြတယ်။

I love what nobody else loves.

ဘယ်သူမှမချစ်တာကို ချစ်ချင်တယ်။

Love me, love my dog.
ရှမ်းကိုချစ်ရင် ပဲပုတ်ကိုလည်း ချစ်ရတယ်။ (ကိုယ့်ကိုချစ်ရင် ကိုယ့်ခွေးကိုလည်း ချစ်ရတယ်။)
Love not at the first look.
မြင်မြင်ချင်း မကြိုက်လိုက်ပါနဲ့။
When love puts in, friendship is gone.
အချစ်ကြောင့် မိတ်ပျက်ရ။ ချစ်စကားပြောလိုက်တာနဲ့ ခင်မင်မှု တွေပျက်။
Next to love, quietness.
အိမ်ထောင်ကျပြီးရင် ငြိမ်သွားတာပဲ။
If you love the boll, you cannot hate the branches.
အရိပ်နေနေ အခက်ချိုးချိုး မလုပ်နဲ့။ (သားရေပေါ်အိပ် သားရေနားစား)

## Loving

Loving comes by looking.
ချစ်ခြင်းအစ မျက်စိက။

## Low

A low hedge is easily leaped over.
စည်းရိုးနိမ့်ရင် လှမ်းခုန်လို့ရတယ်။

## Lucky

Lucky men need no counsel.
ကံကောင်းတဲ့လူ အကြံတောင်းနေစရာ မလို။
Lucky in life, unlucky in love.
ဘဝမှာ ကံကောင်းပါရဲ့၊ အချစ်မှာ ကံမကောင်းဘူး။

# M

## Maid

A maid that laughs is half taken.

သဘောကောင်းတဲ့အိမ်စေ ခေါ်ဖို့တစ်ဝက် သေချာတယ်။

## Maiden

Maidens must be mild and meek.

မိန်းကလေး သိမ်မွေ့ရတယ်။

A maiden with many wooers often chooses the worst.

ပိုးပန်းသူများတဲ့ မိန်းကလေး အရွေးမှားတတ်တယ်။

Maidens should be meek while they be married.

အိမ်ထောင်ရှင်ဖြစ်လာရင် ကျိန္ဓြေရှိသင့်ပြီ။

## Maids

Maids say 'nay' and take.

အိမ်စေမှန်သမျှ "မဟုတ်ဘူး" ငြင်းပြီး၊ ရနိုင်သလောက် "ကဲ့" တာပဲ။

## Main

Look to the main chance.

အကောင်းဆုံး အခွင့်အရေးကို မျှော်လင့်ထားပါ။

## Make

Make haste slowly.

ဘာကိုမှ အရင်စလို မလုပ်နဲ့။ (အရင်လို အနှေးဖြစ်)

Make no haste.

မလောစမ်းပါနဲ့။ အရင်မလိုစမ်းပါနဲ့။

Make haste to an ill way, that you may get out of it.

မကောင်းမှုန်းသိရင် မြန်မြန်လွတ်အောင်ရှောင်။

You look as if you would make the crow a pudding.

သ,လာ ပြင်လာတဲ့ ပုံပဲ။

**Makes**

He who makes no mistakes, makes nothing.

အမှားမလုပ်ဖူးတဲ့သူဟာ ဘာမှ မလုပ်တဲ့လူပဲ။

He that makes himself a sheep, shall be eaten by the wolf.

သိုးယောင်မဆောင်နဲ့၊ ဝံပုလွေစားသွားမယ်။ ကြောက်ရင် ခံရမယ်။

**Man**

Man is the measure of all thangs.

အရာရာမှာ လူသာလျှင်အဓိက။

A man alone is either a saint or a devil.

တစ်ယောက်တည်း နေတတ်သူဟာ ရဟန္တာရင်လည်း ဖြစ်ရမယ်၊ မကောင်းဆိုးဝါးရင်လည်း ဖြစ်ရမယ်။

A man can die but once.

လူတစ်ယောက်ရဲ့ဘဝမှာ တစ်ခါပဲ သေနိုင်တယ်။

Man is a bubble.

လူ့ဘဝတိုတိုလေးပါ။ (လူ့ဘဝဆိုတာ ရေပွက်ပမာ)

Man proposes, God disposes.

လူကြံသော်လည်း ဘုရားစီမံရာ။

A man without religion is like a horse without a bridle.

ဘာသာမဲ့ဟာ ဇက်ကြိုး တတ်မထားတဲ့ မြင်းပဲ။

**Many**

many a small makes a great.

မှုးစု ပဲစုနဲ့ များလာတာပဲ။ (တစ်စက်ကျများ ပြည့်သောလား)
(တစ်စိတ်တစ်စိတ်နဲ့ ကြာတော့ တစ်အိတ်ဖြစ်။)

Many meet the gods, but few salute them.

ဘုရားစကား တရားစကား ပြောကြသူတွေများတယ်၊ လက်တွေ့
လုပ်သူ ရှားတယ်။

Many hands make light.

စုပေါင်းလုပ်တော့ သက်သာတယ်။

Many drops make shower.

ချောင်းတွေပေါင်း မြစ်ဖြစ်၊ မြစ်တွေပေါင်းတော့ ပင်လယ်ဖြစ်။

Many dishes make many diseases.

အစားစုံရင် ရောဂါစုံတယ်။

In many words, the truth goeth by.

စကားများ အမှားပါ။

**Mare**

A mare's shoe and a horse's shoe are both alike.

မြည်းခွာနဲ့ မြင်းခွာ အတူတူပဲ။ (ချိုးနဲ့ဆက်ရက် အခွဲရခက်တယ်။)

**Market**

The market is the best garden.

ဈေးဆိုတာ အကောင်းဆုံး ဥယျာဉ်ကြီးပါ။

**Marriage**

Marriage is a lottery.

လက်ထပ်တယ် (အိမ်ထောင်ပြုတယ်) ဆိုတာ ထီထိုးတာပဲ။

Marriage makes or mars a man.

မိန်းမရမှ ရင့်ကျက်လာတယ်။ မိန်းမရမှ ဘဝပျက်တော့တာပဲ။

**Married**

A married man turns his staff in to a stake.

အိမ်ထောင်ပြုလိုက်တာနဲ့ စိတ်ချမ်းသာစရာကလေးတွေဟာ စိတ်ပျက်စရာ ဖြစ်သွားတော့တာပဲ။

**Marries**

He that marries a widow and there children, marries four thieves.

ပညာမစုံခင် လက်ထပ်တဲ့သူ စီးပွားမဖြစ်ဘူး။

**Marry**

Marry with your match.

နှစ်ကိုယ့်တစ်စိတ်ဖြစ်တဲ့သူကို လက်ထပ်ပါ။

Marry your daugthers betime, lest they marry themselves.

သမီးကညာ ချိန်ခါမလင့်စေနဲ့။

It is good to marry late or never.

ဘယ်တော့မှ လက်မထပ်တာနဲ့စာရင် နောင်မှ လက်ထပ်တာက တော်ပါသေးတယ်။

Marry in May, repent away.

ရက်မြတ်လမြတ်မှာ လက်ထပ်ရင် သောကနောင်တ ကင်းဝေးတယ်။

**Master**

Like master, like man.

ဆရာကောင်းတပည့် (ပန်းကောင်းပန်)။

One master in a house is enough.

တစ်အိမ်မှာ အိမ်ဦးနတ်တစ်ယောက်ရှိရင် လုံလောက်ပြီ။

**May**

A may cold is a thirty say old.

ပြောတော့ တစ်လလေးပဲ၊ ဒါပေမယ့် ရက်ပေါင်း (၃၀) ကြာတယ်။

**Measureth**

He that measureth oil shall anoint his fingers.

ဆီချိန်ရင် လက်ပေမှာပဲ။

**Meddle**

Meddle with your old shoes.

ဆေးဟာ စွဲစားဖို့မှ မဟုတ်ဘဲ။ ဆေးဟာ ထာဝရ မှီဝဲဖို့မဟုတ်။

**Men**

It is the men who make a city.

မြို့ပြကို ဖန်တီးသူတွေဟာ လူတွေပဲ။

**Mercy**

Mercy surpasses justice.

အကြင်နာဟာ မျှတမှုထက် တန်ဖိုးသာလွန်ပါတယ်။

**Mere**

A mere scholar, a mere ass.

ပညာရှင်အမည် ခံထားရုံနဲ့တော့ မြည်းနဲ့ ပိန်မသာ လိန်မသာပါပဲ။

**Merry**

It is merry when knaves meet.

လူလိမ်ချင်း တွေ့တော့ပျော်။

A merry companion is a wagon in the way.

ပျော်တတ်တဲ့ခရီးသွားဖော်ရရင် ခရီးတိုတယ်။

All are not merry that dance lightly.

ပေါ့ပေါ့နေ ပေါ့ပေါ့စားတွေအားလုံး ပျော်ကြတာ မဟုတ်ပါဘူး။

## Mind

A sound mind has healthy body.
စိတ်ချမ်းသာရင် ကိုယ်ကျန်းမာတယ်။
Mind your own business.
ကိုယ့်အလုပ် ကိုယ်လုပ်ပါ။ (မဆိုင်ရင် ဝင်မရှုပ်နဲ့။)

## Misfortune

Misfortunes never come alone.
အကုသိုလ်ဟာ အပေါင်းအသင်းနဲ့လာတယ်။

## Miss

A miss is as good as a mile.
တစ်ပိုင်းတစ်စလေး မအောင်မြင်တာဟာလည်း တစ်ခုလုံး မအောင်မြင်တာနဲ့ အတူတူပဲ။

## Mob

Mob is a big babe.
လူအုပ်ဆိုတာ ကလေးကြီးပဲ။ (လူအုပ်ဆိုတာ ခေါင်းတွေများတယ်၊ ဦးနှောက်မရှိဘူး။)

## Mock

He that mocks a cripple ought to be whole.
ထော့ကျိုးကို လှောင်ပြောင်တဲ့လူဟာ ခြေဆာနေသူတော့ မဖြစ်သင့်ဘူး။
Mock not a cobbler for his black thumbs.
ဖိနပ်ချုပ်သမားရဲ့ လက်မတွေ မည်းနေတာကို သွားမလှောင်ပါနဲ့။

## Moderation

To live long it is necessary to live slowly.
ဖြေးဖြေးမှန်မှန်ရှင်သန်နေရင် အသက်ရှည်မယ်။

**Modest**

A modest man never talks of himself.

အရှက်တရားရှိတဲ့သူဟာ သူ့အကြောင်း ဘယ်တော့မှ မပြောဘူး။

**Money**

Money makes the man.

ငွေရှိရင် လူတစ်လုံး သူတစ်လုံး ဖြစ်နိုင်တယ်။

Money makes the mare go.

ငွေအတွက် လှုပ်ရှားနေကြတာပဲ။

Money makes marriage.

မိန်းမယူရာမှာတောင် ငွေရှိမှ အဆင်ပြေတယ်။

Money is welcome though it comes in a dirty clout.

သန့်သန့် မသန့်သန့် ငွေဆိုရင် လိုချင်ကြတယ်။

Money is often lost for want of money.

ငွေလိုရင် ငွေဆုံးတတ်တယ်။

Money is round and rolls away.

ငွေထွက်ဖို့ လွယ်တယ်၊ (ဝင်ဖို့ မလွယ်ဘူး)။

Money will do anything.

ငွေဟာ အရာရာကို ဖန်တီးနိုင်တယ်။

The money you refuse will never do you good.

ငွေကို ငြင်းပယ်လိုက်ရင် ငြင်းပယ်သူပဲ အကျိုးနည်းမှာ။

**Moon**

The moon does not head the barking dogs.

လမင်းကြီးကတော့ ခွေးဟောင်တိုင်း ခေါင်းထောင်မကြည့်ပါဘူး။

**Morally**

That which is morally wrong can never be politically right.

စိတ်ထားမမှန်မှတော့ နိုင်ငံရေးအယူအဆ ဘယ်မှန်တော့မလဲ။

**More**

More sauce than pig.

အသားကနည်းနည်း အကြွားကများများ။

More fool than fiddler.

တယောထိုးသူထက် ပိုရူးမိုက်ကြတယ်။

**Morning**

Morning dream comes true.

မိုးလင်းခါနီး မက်တဲ့အိပ်မက်၊ မှန်တတ်တယ်။

**Most**

Most things have two handles.

အရာတိုင်းမှာ ဘက်နှစ်ဖက်ရှိတယ်။

**Mother-in law**

There is but one good mother-in-law, and she is dead.

ကောင်းတဲ့မိထွေး လောကမှာ မရှိ။

**Mountain**

A mountain and a river are good neighbours.

တောင်ခြေမှာ မြစ်စီးတော့ တောင်ကြီးလည်း လှသပေါ့။

**Much**

Much coin, much care.

ရှိတော့ ကြောင့်ကြ၊ (မရှိတော့ တောင့်တ)။

**Mud**

Mud chokes no eels.

နွံ့ကြောင့်တော့ ငါးရှဉ့် မသီးပါဘူး။

**Music**

Music is the eye to the ear.

ဂီတဆိုတာ နားရဲ့မျက်လုံးပဲ။

Music helps not the toothache.

သွားကိုက်တာကို ဂီတနဲ့ ကုလို့မရ။

**Must**

What must be, must be.

ဖြစ်ရမယ့်ဟာ ဖြစ်ကိုဖြစ်ရမှာပဲ။

## N

**Naked**

It is ill putting a naked sword in a madman's hand.

အရူးလက်ထဲ ဓားထည့်ရင် အားလုံး ဒုက္ခရောက်ကုန်မှာပဲ။ (သူခိုးဓားရိုးကမ်း)

**Name**

Names and natures do often agree.

နာမည်နဲ့တော့ လိုက်ပါတယ်။

**Narrow**

Narrow gathered, widely spent.

နည်းနည်းစုပြီး များများသုံးချင်။

**Nature**

Nature does nothing in vain.

သဘာဝတရားကြီးကတော့ အဓိပ္ပါယ်မရှိတာ ဘာမှမလုပ်။

Art may err, but Nature cannot miss.

အနုပညာက မှားနိုင်ပေမယ့်၊ သဘာဝတရားကြီးကတော့ မမှားနိုင်ပါဘူး။

Speak to the nature and it will teach thee.

သဘာဝလောကနဲ့ ရင်းနှီးပါစေ၊ သဘာဝလောက,က သင်ပြပါလိမ့်မယ်။

Habit is the second nature.

အကျင့်ဟာ ဒုတိယသဘာဝပဲ။

**Naught**

Naught will be naugth.

သူညဟာ သုညပါပဲ။

**Naughty**

Naughty boys sometimes make good men.

လူဆိုးကလေးတွေ ကြီးလာရင် ကောင်းတတ်ကြတယ်။

**Nearest**

Nearest the king, nearest the gallows.

ဘုရင်နဲ့နီးလေ ကြိုးစင်နဲ့နီးလေ။ (မင်းခယောကျ်ား၊ ကမ်းနားသစ်ပင်)

**Necessity**

Necessity is the mother of invention.

“လိုအပ်မှု” ဟာ တီထွင်မှုရဲ့ မိခင်ပဲ။

Necessity has no law.

လိုအပ်လာရင် ဥပဒေကို အလေးမထားတော့ဘူး။

**Need**

They need much whom nothing will content.

မရောင့်ရဲနိုင်သူ အလိုကြီးတယ်။

A friend in need is a friend indeed.

လိုအပ်တုန်းမှာ ကူညီတာ မိတ်ကောင်းအစစ်ပါ။

**Neglect**

Neglect will kill an injury sooner than revenge.

လက်စားချေတာထက် လျစ်လျူရှုတာက ပိုစိတ်ချမ်းသာရတယ်။

**Neighbour**

Thou shall not bear false witness against they neighbour.

အိမ်နီးချင်းကို ချောက်မတွန်းပါနဲ့။

**Net**

The net of the sleeper catches fish.

ငြိမ်နေတဲ့ကွန် ငါးမိ။

**Neutral**

The heart is never neutral.

နှလုံးသား ကြားမနေ။

**Never**

Never say die.

သေစကားမပြောနဲ့။ (အရှုံးစကားမပြောနဲ့။)

Never do things by halves.

တစ်ပိုင်းတစ်စ ဘယ်တော့မှ မလုပ်နဲ့။

Never trouble trouble till trouble troubles you.

ဒုက္ခမရောက်သေးဘဲ၊ ဒုက္ခ ဒုက္ခ မလုပ်ပါနဲ့။

Never ask pardon before you are accused.
စွပ်စွဲမခံရသေးခင် မရှင်းချင်ပါနဲ့။
Never bite, unless you make your teeth meet.
သွားမကောင်းဘဲ မကိုက်နဲ့။ (ဝ ,မရှိဘဲ၊ ဝိမလုပ်နဲ့။)
He that never drank was never atheist.
သေမသောက်သူ ဘာသာမဲ့မဖြစ်နိုင်။
Never good that mind their belly so much.
ကိုယ့်ဖို့ချည်းကြည့်ရင် မကောင်းဘူး။ အတ္တကြီးလွန်းရင် မကောင်းဘူး။
Never mind what people say.
ပတ်ဝန်းကျင်က ပြောတာတွေ ဂရုမစိုက်နဲ့။
Never too late to mend.
ပြင်ဆင်ဖို့ အချိန်နှောင်းတယ်ဆိုတာ မရှိဘူး။
Never too late to repent.
နောင်တ ဘယ်အချိန်ရရ၊ ကောင်းပါတယ်။

**New**

New things are fair.
ပစ္စည်းအသစ်တိုင်း လှတာချည်းပဲ။
New brooms sweep clean.
တံမြက်စည်းအသစ် လှဲလို့ကောင်းတယ်။ (အလုပ်ဝင်စလူ ခိုင်းလို့ကောင်းတယ်။)
When a new book appears, read an old one.
စာအုပ်သစ်တစ်အုပ် ပေါ်လာရင် စာအုပ်ဟောင်းတစ်အုပ်ကို ဖတ်ပါ။

**New York**

I like to visit New York, but I won't live there if you give it to me.

ရွှေပုံပေးတောင် မနေဘူး။

**News**

If a man bites a dog, that is news.

ခွေးကို လူက ကိုက်ရင် သတင်းဖြစ်။

**Nice**

A nice wife and a back door; oft do rich man poor.

ဇနီးချောရင်၊ နောက်ဖေးတံခါးမလုံရင်၊ လူချမ်းသာလည်း မွဲသွားနိုင်တယ်။

**Night**

The night is no man's friend.

ညဟာ ဘယ်သူ့မိတ်ဆွေမှ မဟုတ်ဘူး။

The nearer the dawn, the darker the night.

အရုဏ်ကျင်းဖို့ နီးလာလေ၊ မှောင်လာလေ။

**No**

No wisdom like silence.

ဆိတ်ဆိတ်နေ ထောင်တန်။

No gates, no city.

မြို့တံခါးမရှိမှတော့ မြို့ဘယ်ရှိပါ့မလဲ။

No man can serve two masters.

တစ်ယောက်တည်းက သခင်နှစ်ယောက်ကို အလုပ်အကျွေး မပြုနိုင်။ (ခေါင်းတစ်လုံးတည်းနဲ့ အိုးနှစ်အိုး မရွက်နိုင်။)

No man can flay a stone.
ကျောက်တုံးကနေ သားရေဆုတ်မရ။
No longer pipe, no longer dance.
တီးသူမရှိရင် ကသူလည်းမရှိ။
No living man all things can.
ဘယ်သူမှ အလုံးစုံ မလုပ်နိုင်ဘူး။
No friend like the penny.
ငွေနဲ့တူတဲ့ မိတ်ဆွေမျိုးမရှိ။
No gains without pains.
အနာမခံရင် အသာမစံရ။
No time like the present.
ပစ္စုပ္ပန်ကာလထက် ကောင်းတဲ့ ကာလမရှိ။
No root, no fruit.
အမြစ်မရှိရင်၊ အပင်မရှိ။ (အပင်မှရှိရင် အသီးမရှိ။)
No priest, no mass.
ဓမ္မကထိကမရှိရင် တရားနာပရိသတ်မရှိ။
No penny, no pardon.
ငွေမပေးရင် မကြေအေးနိုင်ဘူး။
No one is bound to do impossibilities.
မဖြစ်နိုင်တာကိုလုပ်ဖို့ ဘယ်သူ့မှာမှ တာဝန်မရှိပါဘူး။
No silver, no servant.
ငွေရှားရင် အခြွေအရံပါးတယ်။
No weather is ill if the wind be still.
လေငြိမ်နေရင် ရာသီဥတုသာယာတာပဲ။
He is no man's enemy but his own.
သူကိုယ်တိုင်ကလွဲလို့ သူ့ရန်သူဟာ ဘယ်သူမှမဖြစ်နိုင်ဘူး။

No news is good news.
သတင်းမရှိတာဟာ သတင်းကောင်းပဲ။

**Noble**

The noble plant suits not with a stubborn ground.
မြင့်မြတ်တဲ့အပင် မြေဆိုးမြေရိုင်းနဲ့ မတန်ပါဘူး။

The more noble, the more humble.
မြင့်မြတ်လေ နှိမ့်ချလေ။ ပညာကြီးလေ၊ ပညာမာနကင်းလေ။

**North**

Look at the North while going South.
တောင်ဘက်ကိုသွားနေတုန်း မြောက်ဘက်ကိုလည်းကြည့်။
(နေ့ပြော နောက်ကြည့်၊ ညပြော အောက်ကြည့်)

**Nothing**

Nothing for nothing; and very little for a half-penny.
ဘာမှမပေးရင် ဘာမှမရ၊ နည်းနည်းပေးရင် နည်းနည်းပဲရမယ်။

Nothing comes out of nothing.
ဘာမှမရှိတဲ့အထဲက ဘာမှ ထွက်လာနိုင်စရာမရှိ။

Nothing enters into a close hand.
ဆုပ်ထားတဲ့လက်ထဲ ဘာမှ ရောက်မလာနိုင်။

Nothing succeeds like success.
အောင်မြင်မှုလို ဘယ်ဟာမှ မအောင်မြင်နိုင်ဘူး။

Nothing turns sourer than milk.
နို့ချဉ်သွားရင် ဘယ်အချဉ်မှ လိုက်မမီဘူး။

Nothing so sure as death.
သေခြင်းတရားလောက် သေချာတဲ့အရာ မရှိဘူး။

Nothing is stolen without hands.
လက်မပါဘဲ ဘာမှ ခိုးမရ။
Nothing new under the sun.
နေအောက်မှာ ဘာတစ်ခုမှ အသစ်အဆန်း မဟုတ်ပါဘူး။
Nothing seek, nothing find.
ဘာကိုမှ မရှာဖွေရင် ဘာကိုမှ မတွေ့ဘူး။

**Nurse**

The nurse is valued till the child has done sucking.
နို့မဖြစ်သေးခင် နို့ထိန်းအရေးပါတာပဲ။ (ဘုရားမပြီးသေးရင် ငြမ်းအရေးကြီးသေးတယ်။)

# O

**Oak**

Oaks may fall when reeds stand the storm.
ကိုင်းပင်လေးတွေ လေဒဏ်ခံနိုင်ပေမယ့်၊ သစ်ပင်ကြီးတွေ မခံနိုင်ကြဘူး။
An oak is not felled at one stroke.
အပင်ကြီးရင် တစ်ချက်ခုတ်ရုံနဲ့ မလဲနိုင်။
(လုပ်ငန်းကြီးတစ်ခုကို မြန်မြန်ပြီးအောင် လုပ်၍မရ။)

**Oath**

An unlawful oath is better broken than kept.
တရားဥပဒေနဲ့မညီတဲ့ ကတိကဝတ်ဆိုရင် ဖျက်တာ ပိုကောင်းပါတယ်။

**Obedience**

Through obendience learn to command.

အမိန့်နာခံတတ်မှ အမိန့်ပေးတတ်တယ်။ အမိန့်ပေးချင်ရင် အရင်နာခံတတ်ပါစေ။

Let them obey that know not how to rule.

မအုပ်ချုပ်တတ်သူကို မအုပ်ချုပ်ခိုင်းပါနဲ့။

**Occasion**

An occasion lost cannot be redeemed.

လက်လွှတ်သွားတဲ့ အခွင့်အရေးကို ငွေကြေးနဲ့ ပြန်ရွေးယူလို့မရနိုင်။

**Ocean**

Praise the ocean but keep the land.

သမုဒ္ဒရာကြီးကို ချီးကျူးပါ၊ ဒါပေမယ့် ကုန်းမြေကိုတော့ ချန်ထားပါ။

**Of**

Of saving cometh having.

စုတတ်ရင် ပို။

Of evil grain no good seed can come.

မအောင်တဲ့စပါးနှံက ဆန်ကောင်းမရ။ (မျိုးစေ့မမှန် ပင်မသန်)

Of soup and love the first is the best.

အရင်လာချတဲ့ ဟင်းချိုက အကောင်းဆုံး။ အချစ်ဦးဟာ အကောင်းဆုံး။

**Off**

It is off with the old love before you are on with the new.

အချစ်သစ်မရှာခင် အချစ်ဟောင်းကို အရင်ခွာပါဦး။

**Office**

He hath a good office, he must needs thrive.

အခြေအနေတော့ ကောင်းနေပါပြီ၊ ကြိုးစားဖို့ပဲ လိုတော့တယ်။

အမှီကောင်းတော့ ရှိနေပြီ၊ ကြိုးစားဖို့ပဲ လိုတော့တယ်။

**Oil**

Pouring oil on the fire is not the way to quench it.

မီးကို ဆီနဲ့ ငြိမ်းသတ်တာ နည်းလမ်းမဟုတ်ဘူး။

**Old**

An old ox will find a shelter for himself.

နွားအို ချောင်းကြို ချောင်းကြား။

(လူအို ကျောင်းကြို ကျောင်းကြား)

Old ewe dressed in lamb's fashion.

အရွယ်အိုမှ အပျိုလိုဆင်။

Old acquaintance will soon be remembered.

ငယ်ပေါင်းကို အောက်မေ့ကြတာ ခမ္ဘတာပေါ့။

An old man's staff is the rapper of death's door.

လူအိုတောင်ဝှေးဆိုတာ သေမင်းတံခါးကို ခေါက်တဲ့တုတ်ပဲ။

Old love will not be forgotten.

အချစ်ဟောင်း မေ့ကောင်းသည်မဟုတ်။

Old men are twice children.

အသက်ကြီးရင် သူငယ်ပြန်တတ်ကြတယ်။

Old cattle breed not.

နွားအို ကျွဲအိုဆို ကောင်းကောင်းမကျွေးချင်။

None so old, that he hopes not for a year of life.

စိတ်ကျရင် ရုပ်ကျ။ (စိတ်ပျိုရင် ကိုယ်နု)

An old sack asketh much patching.

အိတ်ဟောင်းရင် အပေါက်ဖာရတာ များတယ်။

Old vessel must leak.

လှေအိုရင် ပေါက်မှာပဲ။

**Older**

Older and wiser.

အသက်ကြီးလာလေ၊ အသိဉာဏ်ရင့်လာလေ။

**Once**

Once bitten, twice shy.

တစ်ခါခံလိုက်ရရင် နှစ်ခါအရှက်ရတယ်။

Once use and ever a custom.

အစရှိအနောင်နောင်။ အကျင့်လုပ် ထုံးစံဖြစ်။

Once a knave, and ever a knave.

မရိုးဖြောင့်စရှိရင် မရိုးဖြောင့်ချင်။

He that's once hit, is ever bending.

တစ်ကြိမ်ထိဖူးရုံနဲ့ တစ်သက်လုံး မှတ်သွားတယ်။

**One**

One hair of woman draws more than a team of oxen.

မိန်းမရဲ့ ဆံပင်တစ်ချောင်းဟာ နွားတစ်အုပ်ထက် ပိုဆွဲနိုင်တယ်။ (မ,နဲ့ကျ ဘယ်သူမှမခံနိုင်။)

One, but that one a lion.

တစ်ကောင်တည်းပဲ၊ ဒါပေမယ့် ခြင်္သေ့။

One mad action is not enough to prove a man mad.
တစ်ခုတည်းကြည့်ပြီး မှတ်ချက်မချပါနဲ့။ အပြစ်ကလေးတစ်ခု တွေ့ရုံနဲ့ မကောင်းဘူး မပြောပါနဲ့။
One thing at a time.
တစ်ချိန်မှာ တစ်ခုပဲ လုပ်ပါ။
One sowth and another reapeth.
တစ်ယောက်က ပျိုးတယ်၊ တစ်ယောက်က ချိုးတယ်။ တစ်ဦးက အနစ်နာခံ၊ တစ်ဦးက အသာစံ။
He that hath but one eye must be afraid to lose it.
မျက်စိတစ်လုံးပဲရှိသူဟာ ဆုံးမှာကြောက်တာပဲ။
One flower makes no garland.
ပန်းတစ်ပွင့်နဲ့တော့ ပန်းကုံးမဖြစ်ဘူး။ (နှမ်းတစ်စေ့နဲ့ ဆီမဖြစ်)
One's too few, three too many.
တစ်ယောက်တည်းတော့ နည်းလွန်းတယ်၊ သုံးယောက်ဆိုရင် များလွန်းပြီ။ (ဘာလုပ်လုပ် များလွန်းရင် မကောင်းဘူး။)

**Opportunity**

Opportunity makes the thief.
အခွင့်အရေးကို အလွဲသုံးစား လုပ်တတ်ကြတယ်။
Opportunity hardly comes twice.
အခွင့်အရေးဟာ နှစ်ခါလာခဲတယ်။ (အခွင့်အရေးနှစ်ခါ ရခဲတယ်။)

**Oppression**

Oppression maketh a wise man mad.
ပညာရှင်ကို ဖိရင် ရူးချင်လောက်အောင် မုန်း။

**Orange**

The orange that is too hard squeezed yields a bitter juice.

နာနာအညှစ်ခံရရင် လိမ္မော်သီးက ခါးတဲ့အရည်ထွက်။ (အထုခံရလေ၊ မာလာလေ)

**Order**

Order is heaven's first law.

အမိန့်ဆိုတာ ကောင်းကင်ဘုံက ပထမဆုံး ထုတ်ပြန်တဲ့ ဥပဒေပဲ။

**Other**

Other times, other manners.

ဟိုအချိန်ကျတော့ ဟိုလိုပေါ့။ (ဒီခရီးမှာ ဒီထီးဆောင်း)

**Ounce**

An ounce of practice is worth a pound of gold.

အလေ့အကျင့်ဆိုတာ နည်းပေမယ့် တန်ဖိုးများတယ်။

**Our**

Our sins and debts are often more than we think.

"အကုသိုလ်" နဲ့ "ကြွေးမြီ" ဆိုတာ ထင်တာထက် များနေတတ်တာပဲ။

**Out**

Out of sight, out of mind.

တစ်ချိုကွယ် တမယ်မေ့။

Out of office, out of danger.

ရုံးပြင်ကနားနဲ့ကင်းရင် ဘေးရှင်းတာပဲ။

**Owl**

An owl is the king of the night.

ဇီးကွက်ဟာ ညရဲ့ ဘုရင်ပဲ။

The owl thinks her own young fairest.

ဇီးကွက်ကလည်း သူသာ အလှဆုံးထင်။ (ကိုယ့်ငါးချဉ် ကိုယ်ချဉ် ကြတာချည်းပဲ။)

**Ox**

An ox is taken by the horns, and a man by the tongue.

နွားကိုထိန်းရင် ချိုကိုဆုပ်၊ လူကိုထိန်းရင် နှုတ်ကိုချုပ်။

The ox when weariest treads surest.

ပင်ပန်းလွန်းတဲ့နွား အသေချာဆုံးလှမ်းတယ်။

**Oyster**

He was a bold man that first ate oyster.

သူများမလုပ်တာကို အရင်,စလုပ်သူဟာ သတ္တိကောင်းသူဖြစ်တယ်။

**P**

**Pace**

He is paced like an elderman.

ရှေးထုံးအတိုင်း လိုက်တယ်။

**Pack**

There is no pack of cards without a knave.

ဖဲလိမ်မရိုက်တဲ့ ဖဲသမားမရှိ။

Many can pack the cards, yet cannot play well.

လောကမှာ တတ်သူများတယ်၊ ကျွမ်းကျင်သူရှားတယ်။

**Page**

Make a page of your own age.

ကိုယ့်အရွယ်အလိုက် နေထိုင်ကျင့်ကြံပါ။

**Paid**

He is well paid, that is well satisfied.

ငွေကောင်းကောင်းပေးရင် ကြေရာကြေကြောင်းဖြစ်။

**Pain**

Pain is past pleasure.

လွန်မြောက်ပြီးတဲ့ ဒုက္ခတွေဟာ ကြည်နူးစရာကောင်းတယ်။

It is more pain to do nothing than something.

ဘာမှမလုပ်ရင် စိတ်ညစ်စရာနဲ့ တစ်နေ့တိုးမှာပဲ။

**Paint**

Painted pictures are dead speakers.

ပန်းချီကားဟာ အသံတိတ် စကားပြောသူဖြစ်တယ်။

**Painting**

Painting and fighting look aloof.

ပန်းချီဆွဲတာနဲ့ စစ်တိုက်တာ တခြားစီပါ။

**Pair**

One pair of ears draws dry a hundred tongues.

ပြန်မပြော၊ နားမထောင်။

**Pale**

Pale moon doth rain, red moon doth blows; while white moon doth neither rain nor snow.

လကို တိမ်ဖုံးရင် မိုးရွာမယ်၊ ကောင်းကင်တစ်ပြင်လုံး နီရဲနေရင် မုန်တိုင်းကျတယ်၊ လ,စင်ကြယ်နေရင် မိုးရောနှင်းပါ ကင်းမယ်။

**Paleness**

The paleness of the pilot is a sing of a storm.

မာလိန်မှူးမျက်နှာ သွေးဆုတ်နေရင် မုန်တိုင်းကျတော့မယ်မှတ်။

**Pap**

Pap with a hatchet.

ထမင်းတစ်လုတ် တုတ်တစ်ချက်။

**Paradise**

In this fool's paradise he drank delight.

အရက်နဲ့ ပျော်တာဟာ တစ်နေ့ ဘေးတွေ့မယ့် ပျော်ရွှင်မှုပဲ။

Unto you is paradise opened.

ကောင်းကင်ဘုံတံခါး အမြဲဖွင့်ထားတယ်။

**Parent**

Next to God the parents.

ဘုရားကလွဲရင် မိဘက ကျေးဇူးရှင်။ (မိဘဆိုတာ ဘုရားနဲ့ တစ်ဂိုဏ်းတည်း)

**Pardon**

Pardon all but thyself.

သင့်ကိုယ်သင်ကလွဲပြီး အားလုံးကို ခွင့်လွှတ်ပါ။

**Pardoning**

Pardoning the bad is injuring the good.

လူဆိုးတွေကို ချမ်းသာပေးလိုက်ရင် လူကောင်းတွေ ဒုက္ခရောက်မယ်။

**Past**

Past cannot be recalled.

အတိတ်ကို ပြန်မရနိုင်။ (အတိတ်ကို အတိတ်မှာပဲ ထားလိုက်ပါ။)

The best prophet of the future is the past.
အတိတ်ဆိုတာ အနာဂတ်ကို အကောင်းဆုံး ဟောကိန်းထုတ်နိုင်သူ ဖြစ်တယ်။

**Patch**

Patch by patch is good housewifery, but patch upon patch is plain beggary.
အဖာအချုပ်တတ်ရင် အိမ်ရှင်မ ကောင်းပဲ။ အဖာအချုပ်တွေများတော့ နွမ်းပါးတာ သေချာတယ်။

**Path**

Every path hath a puddle.
ဗွက်မရှိတဲ့ လမ်းမရှိ။ (အပြစ်အနာအဆာကင်းသူမရှိ)

**Patience**

All things come round to him who will but wait.
စောင့်တတ်သူဆီ အရာအားလုံး ရောက်လာတတ်တယ်။ စောင့်နိုင်အကျိုးရှိ။ (အောင့်နိုင်သူခိုးမိ)

Patience is a pleaster for all sores.
စိတ်ရှည်သည်းခံနိုင်ရင် နာကြည်းစရာတွေ ပျောက်သွားနိုင်တယ်။

Patience is a virtue.
စိတ်ရှည်သည်းခံနိုင်တာဟာ စွမ်းရည်သတ္တိတစ်မျိုးပဲ။

Patience with poverty is all a poor man's remedy.
ရှိသမျှနဲ့ ရောင့်ရဲနိုင်တာဟာ နွမ်းပါးသူတို့အတွက် ဆေးတစ်ခွက်ပဲ။

He that can have patience, can have what he will.
စိတ်ရှည်သည်းခံနိုင်ရင် မျှော်မှန်းထားတာတွေကို ရနိုင်တယ်။

Patience is the art of hoping.
စိတ်ရှည်သည်းခံ၊ အောင်ပန်းပန်။

**Patriotism**

Patriotism is not enough.
အမျိုး ချစ်နေရုံနဲ့ မပြီးဘူး။

My country, right or wrong.
မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ ကိုယ့်တိုင်းပြည်ဘက်က ရပ်ရမှာပဲ။

**Pay**

To pay one back in one's own coin.
သူပေးတဲ့ ပိုက်ဆံနဲ့ သူ့ပြန်အမ်း။ (လက်စားချေလိုက်တယ်။)

He that cannot pay, let him pray.
မပေးနိုင်ရင် အသနားခံရုံပေါ့။

Pay beforehand was never well served.
ကြိုတင်ငွေပေးထားရင် အလုပ်မှာ ရော့ရဲရဲဖြစ်တတ်တယ်။

If you pay not a servant his wages, he will pay himself.
ထိုက်ထိုက်တန်တန် မပေးရင် မင်းတိုင်ကြေပဲလုပ်မယ်။

You pay our money and you take your choice.
စရိတ်ခံသူကတော့ သူ့စိတ်ကြိုက်ဆောင်ရွက်မှာပဲ။

He who pays the piper may call the tune.
ပိုက်ဆံပေးပြီး ပလွေမှုတ်ခိုင်းသူ ပလွေသံကြားရမှာပဲ။

**Peace**

Peace hath her victories more glorious than war.
စစ်ပွဲထက် ပိုဂုဏ်ရောင်ပြောင်တဲ့ အောင်ပွဲတွေမှာ ငြိမ်းချမ်းရေးမှာ ရှိတယ်။

Peace makes plenty.
ငြိမ်းချမ်းမှ သာယာဝပြောတယ်။
Peace be with you.
ငြိမ်းချမ်းခြင်းသည် သင်နဲ့အတူ ရှိပါစေ။
In time of peace, prepare for war.
ငြိမ်းချမ်းနေစဉ် စစ်ပြင်ဆင်။

**Peacock**

The Peacock hath fair feathers, but foul feet.
ဒေါင်းဟာ အတောင်သာလှတယ်၊ ခြေထောက် မလှဘူး။

**Pedlar**

Let every pedlar carry his own burden.
ကိုယ့်ဝန်ကိုယ်ထမ်း၊ (ကိုယ့်လမ်းကိုယ်လျှောက်)။

**Peep**

He who peeps through a hole, may see what will vex him.
ချောင်းကြည့်ရင် စိတ်ညစ်စရာ မြင်ရလိမ့်မယ်။

**Penny**

Penny wise pound foolish.
တစ်မူးတန်ကို ဂရုစိုက်လွန်းလို့ တစ်ထောင်တန်ဆုံး။
Penny and penny laid up will be many.
မူးစု မတ်စုနဲ့ကြာတော့ ငွေထုပ်ကြီးလာတာပဲ။
(တစ်စက်ကျများ ပြည့်သောလား)
A penny saved is a penny gained.
တစ်မူးစု တစ်မူးရ၊ တစ်ပဲစု တစ်ပဲရ။
That penny soul never came to two pence.
ဉာဏ်မပြေးရင် ဘယ်လောက်တွေးတွေး ထူးခြားမလာဘူး။

Every one has a penny to spend at a new ale-house.

လင်းတလောက်တော့ ငှက်တိုင်းလှပါတယ်။

**Pension**

Pension never enriched a young man.

မရှာဖွေဘဲ သုံးနေရတဲ့လူ ဘယ်တော့မှ မကြွယ်ဝ။

**People**

The will of the people is the best law.

ပြည်သူ့ဆန္ဒသည် အကောင်းဆုံးဥပဒေဖြစ်သည်။

The voice of the people is the voice of God.

ပြည်သူ့အသံသည် ဘုရား၏ အသံပင်ဖြစ်သည်။

**Pepper**

Pepper is black and hath a good smack.

ငရုတ်ကောင်းဟာ မည်းပေမယ့် အရသာကောင်းစေတယ်။

(အကျည်းတန်ပေမယ့် သဘောဖြူပါတယ်။)

**Perfect**

Practice makes a man perfect.

အလေ့အကျင့်ဟာ လူကိုတော်စေတယ်။

**Performance**

One acre of performance is worth twenty of the Land od Promise.

လက်တွေ့ပြလိုက်တာက အခါခါကတိပေးနေတာထက် ပိုကောင်းတယ်။

**Perseverance**

Victory belongs to the most persevering.

ဇွဲကိုဆောင် အောင်။

**Person**

Take heed of a person marked, and a widow three married.

အမှတ်ပါတဲ့လူနဲ့ သုံးကြိမ်လက်ထပ်ဖူးတဲ့မုဆိုးမကို သတိထား။

**Persuasion**

The persuasion of the fortunate aways the doubtful.

ချီတုံချတုံဖြစ်နေရင် ငွေကြေးနဲ့လွှဲမှာပဲ။

**Philosophy**

The philosophy of life is generally different from the philosophy of living.

ဘဝအဘိဓမ္မာနဲ့ ရှင်သန်ခြင်းအဘိဓမ္မာ ခြားနားပါတယ်။

**Physician**

No Physician like a ture friend.

မိတ်ဆွေစစ်နှင့်တူသော သမားမရှိ။

The best physicians are Dr. Diet, Dr. Quiet and Dr. Merryman.

အစားအစာ၊ ငြိမ်သက်မှုနဲ့ စိတ်ပျော်မှုဟာ အကောင်းဆုံးသမားတွေပဲ။

Physician's faults are covered with earth.

သမားအမှားတစ်ချက်၊ လူနာအသက်ထွက်။

**Pig**

Pigs might fly, but they are very unlikely birds.

ဝက်တွေပျံနိုင်ဦးတော့ ငှက်လောက်တော့ အချိုးကျမယ်မထင်။

Pigs love that lie together.

ဝက်ဟာ အမျိုးကိုချစ်တယ်။

**Pine**

The pine wishes herself a shrub when the axe is at her root.

အခုတ်ခံရတော့မယ်ဆိုတော့ ထင်းရှူးပင်လည်း ချုံပုတ်ဖြစ်ချင်။

**Pirate**

One pirate steals nothing of another but his cash.

ပင်လယ်ဓားပြချင်း ပစ္စည်းမတိုက်၊ ငွေပဲတိုက်တယ်။

**Pitcher**

Whether the pitcher strikes the stone, or the stone the pitcher it is one and the same things.

အိုးက ကျောက်တုံးတိုက်တာနဲ့ ကျောက်တုံးက အိုးတိုက်တာ အတူတူပဲ။ (အတူတူနဲ့ အနူနူ)

**Pities**

He that pities another remembers himself.

သနားတတ်သူဟာ ကိုယ်ချင်းစာတတ်သူဖြစ်တယ်။

**Pitiful**

A pitiful look asks enough.

ဂရုဏာအကြည့်ကလေးတစ်ချက်နဲ့ လုံလောက်သွားပါပြီ။

**Place**

There is no place like home.

အိမ်နဲ့တူတဲ့ နေရာမျိုး မရှိနိုင်။

**Plain**

The plain fashion is best.

အရိုးဆုံးဟာ အလှဆုံးပဲ။ အရိုးဆုံးဟာ အဆန်းဆုံးပဲ။

Plain dealing is a jewel.
ရိုးရိုးသားသား ပွင့်ပွင့်လင်းလင်း ဆက်ဆံတာ တန်ဖိုးကြီးပါတယ်။

**Play**

Play with a fool at home, and he will play with you in the market.
အရောဝင် အရိုအသေတန်။ (ခွေးကလေးအရောဝင် ပါးလျက် နားလျက်)

It signifies nothing to play well if you lose.
ဘယ်လောက်ကောင်းအောင် ကစားကစား၊ ရှုံးရင်ညံ့တာပဲ။

Play, women and wine undo men laughing.
လောင်းကစားနဲ့ အပျော်အပါးမက်ရင်၊ လူပျက်။

Some time to work, some time to play.
အလုပ်လုပ်ချိန်မှာ အလုပ်လုပ်၊ ကစားချိန်မှာ ကစား။ (နားချိန်မှာနား)

**Playing**

It is ill playing with short daggers.
ဓားနဲ့ မကစားနဲ့။

**Play**

He that plays his money ought not value it.
လောင်းကစားသမား ငွေတန်ဖိုးမထား။

He plays you as fair as if he picked your pocket.
နိုင်နေသေးသ၍တော့ ညစ်မှာမဟုတ်ဘူး။

He plays best that wins.
နိုင်ရင် (ဘယ်လောက်ရှော်ရှော်) တော်တာပဲ။

**Please**

I will please, what so betide.

လောကဓံတရားနဲ့ ကြုံလည်း မတုန်လှုပ်ပါ။

It is hard to please all parties.

အားလုံးကြိုက်အောင်လုပ်ဖို့ မလွယ်ဘူး။ (လူ့အလို နတ်မလိုက်နိုင်။)

**Pleasure**

Pleasure has a sting in its tail.

ပျော်စရာတွေမှာ စိတ်ဆင်းရဲစရာ အတူပါလာတတ်တယ်။ (သုခမှာ ဒုက္ခပါလာတတ်တယ်။)

Follow pleasure, and then will pleasure flee.

အချိုရှာ တမာတွေ့။ အပျော်အပါးနောက် လိုက်ရင် စိတ်ညစ်စရာ ကြုံတတ်တယ်။

A pleasure long expected is dear enough.

တာရှည်မျှော်လင့်ရတဲ့ ပျော်စရာဟာ တန်ဖိုးကြီးလွန်းတယ်။

No pleasure without pain.

အနာမခံရင် အသာမစံ။

**Plenty**

Plenty breeds pride.

ချမ်းသာရင် မာနထောင်လွှားတယ်။

He that hath plenty of goods, shall have more.

အရင်းများလေ၊ အမြတ်များလေ။

**Plough**

Plough deep while others sleep.

သူတစ်ပါး အိပ်နေခိုက် ထွန်ရေးနက်နက်ငင်။ (အခွင့်ရခိုက် လုံ့လစိုက်)

A man must plough with such oxen as he hath.

ရှိတဲ့နွားနဲ့ ထွန်ရမယ်။

**Pluck**

Pluck not where you never planted.

ကိုယ် မစိုက်တဲ့နေရာမှာ သွားမခူးပါနဲ့။ (သူများပစ္စည်း အချောင်မလိုချင်ပါနဲ့။)

**Poet**

A poet is born not made.

ကဗျာဆရာသည် မွေးဖွားလာတာ ဖြစ်တယ်၊ ဖန်တီးယူတာ မဟုတ်။

All men are poets at heart.

နှလုံးသားကိစ္စနှင့်ကြုံရင် လူတိုင်း ကဗျာဆရာ ဖြစ်သွားတယ်။

Every man is a poet when he is in love.

အချစ်နဲ့ ပတ်သက်လာရင် လူတိုင်းဟာ ကဗျာဆရာပဲ။

**Poerty**

Poerty is the eldest daughter of all arts.

ကဗျာဟာ အနုပညာအားလုံးရဲ့ သမီးဦးပဲ။

**Poison**

One drop of poison affects the whole ton of wine.

အဆိပ်တစ်စက်ကြောင့် အရက်တစ်စည်လုံး ပျက်။ (ငါးခုံးမ တစ်ကောင်ကြောင့် တစ်လှေလုံးပုပ်။)

**Policy**

It is easier to catch flies with honey than vinegar.

ပုန်းရည်ထက် ပျားရည်က ယင်ကောင်ပိုဖမ်းနိုင်တယ်။

**Poor**

A poor man's tale cannot be heard.

ငွေမရှိ မျက်နှာငယ်။ ငွေမရှိ လူရာမဝင်။ ငွေမရှိရင် အဖက်မလုပ်ချင်။

It is poor heart that never rejoices.

အကြင်နာတရား ခေါင်းပါးရင် မပျော်ရွှင်နိုင်ဘူး။

**Post**

The post of honour is the post of danger.

ရာထူးကြီးလေ၊ အန္တရာယ်များလေ။

**Pot**

When the pot's full, it will boil over.

များလွန်းရင် လျှံကျမယ်။

**Pour**

It never rains but pours.

အကုသိုလ် အစုလိုက် အပြုံလိုက် ဝင်တတ်တယ်။

**Poverty**

Poverty is the mother of ill health.

ဆင်းရဲရင် ကျန်းမာရေးချို့တဲ့မြဲပဲ။

Poverty is hateful good.

ဆင်းရဲခြင်းဟာ အော့နှလုံးနာစရာ ကောင်းတယ်။

Poverty is no sin.

ဆင်းရဲ ငရဲ မကြောက်။

Poverty is no disgrace.

ဆင်းရဲလို့ ဂုဏ်မပျက်။

The greatest man in history was the poortest.

သမိုင်းဝင်ပုဂ္ဂိုလ်ကြီးတွေဟာ ဆင်းဆင်းရဲရဲမွေးဖွားလာခဲ့သူတွေပဲ။

**Praise**

Praise a fair day at night.

သာယာတဲ့နေ့ကို ညကျမှ ချီးမွမ်းပါ။ ရာသီဥတု သာယာတဲ့ အကြောင်း နေကုန်မှ ချီးကျူးပါ။

Praise no man till he is dead.

မသေသေးသ၍ မချီးမွမ်းပါနဲ့ဦး။

Praise makes good men better, and bad men worse.

ချီးမွမ်းရင် လူကောင်းက ပိုကောင်းသွားပြီး၊ လူဆိုးက ပိုဆိုးသွားတတ်တယ်။

Let praise come to you, don't run after it.

ချီးမွမ်းခံရအောင်တော့ မလုပ်ပါနဲ့။

**Praiseth**

He that praiseth himself. spattereth himself.

ကိုယ့်ဂုဏ်ကိုယ်ဖော် မသူတော်။

**Prayer**

Prayer is the voice of faith.

ဆုတောင်းသံဟာ သက်ဝင်ယုံကြည်မှုရဲ့အသံပဲ။

He has much prayer but little devotion.

ပါးစပ်က ဘုရားဘုရား၊ လက်က ကားရားကားရား။

**Preach**

He preaches well that lives well.

အူမတောင့်သူ သီလစောင့်တယ်။

He preacheth patience that never knew pain.

မနာဖူးတော့ သည်းခံဖို့ ပြောတာပဲ။

**Prettiness**

Prettiness dies quickly.

အလှ တာရှည်မခံ။

**Pretty**

They are pretty that have pretty conditions.

လှဖို့ ဖန်မှ လှမှာပါ။

**Prevention**

Prevention is better than cure.

ကြိုတင်ကာကွယ်မှုဟာ ကုသတာထက် ပိုကောင်းတယ်။

**Price**

Price and grace dwelt never in one place.

ဂုဏ်ရှိတိုင်း တန်ဖိုးမကြီး၊ တန်ဖိုးကြီးတိုင်း ဂုဏ်မရှိ။

**Pride**

Pride goeth before a fall.

ရာထူးမကျသေးရင် အာဏာရှိနေမှာပဲ။

Pride and laziness can never run uphill.

မာနနဲ့အပျင်းဖက်ရင် ဘယ်တော့မှ အထက်မရောက်ဘူး။

Pride goeth before, and shame cometh after.

မာနတက်လွန်းရင် အရှက်ရတတ်တယ်။

**Probability**

A thousand probabilities do not make one truth.

ဖြစ်နိုင်ချေတစ်ထောင်ရှိပေမယ့်၊ တကယ်ဖြစ်တာတစ်ခု ရှိခဲ့တယ်။

**Promise**

Promise is debt.

ကတိဆိုတာ ကြွေးတစ်မျိုးပါ။

Promises are either broken or kept.
ကတိဆိုကတည်းက တည်ချင်မှတည်မယ်၊ ပျက်ချင်ပျက်မယ်။
He promises mountains and performs molehills.
ပြောတော့မိုး၊ ထိုးတော့မြေကြီး။

**Promising**

Promising is the even of giving.
ကတိပေးတာဟာ ကြိုတင်ပေးခြင်းပဲ။

**Proof**

The proof of the pudding is in its eating.
စားကြည့်မှ အရသာသိ။ (ပေါင်းကြည့်မှ လူ့အကြောင်းသိ)

**Prospect**

Prospect is often bettern than possession.
အလားအလာရှိနေတာဟာ ပိုင်ဆိုင်ထားရတာထက် ပိုကောင်းတတ်တယ်။

**Prosperity**

Prosperity makes friends, adversity tries them.
ချမ်းသာခြင်းက မိတ်များစေတယ်။ ဆင်းရဲခြင်းက မိတ်စစ်မစစ်ခွဲပြတယ်။

**Pull**

Pull out one tooth and pull out more.
သွားတစ်ချောင်းနှုတ်၊ တစ်အံလုံးပြုတ်။

**Punctuality**

Punctuality is the soul of business.
အချိန်ကို လေးစားတတ်ခြင်းဟာ လုပ်ငန်းဝိဉာဉ်ပဲ။

**Purse**

Let your purse be your master.

သင့်ငွေအိတ်က သခင်ဖြစ်နေပါစေ။ (ငွေကိုချစ်မှ ငွေက ကိုယ့်ကို ပြန်ချစ်မယ်။)

**Pursuits**

Pursuits becomes habits.

လိုက်စားတာများရင် အကျင့်ပါသွားတတ်တယ်။

**Put**

Put off the evil hours as long as you can.

အချိန်နာရီတွေ အလဟဿ မဖြစ်ပါစေနဲ့။

Put out your tubs when it is raining.

မိုးရွာခိုက် ရေခံ။

Put your finger in the fire, and say it was your fortune.

ကံယုံပြီး ဆူးချုံမနင်းနဲ့။

## Q

**Quality**

Quality without quantity, is little though of.

ပစ္စည်းမပြဘဲ အရည်အသွေးပြောရုံနဲ့တော့ စွံဖို့ခက်တယ်။

**Quarrel**

Quarrelling dogs come halting home.

ကိုက်တတ်တဲ့ခွေး၊ ခြေနာပြီး ပြန်လာတယ်။

**Quarrelsome**

Quarrelsome dogs get dirty coats.

ရန်ကျယ်ရင် အန္တရာယ်နဲ့ ကြုံရတတ်တယ်။

**Quartan**

Quartan agues kill old men and cure young.

တက်ဖျားကျဖျားဟာ လူငယ်အတွက် မထောင်းတာ၊ လူကြီးအတွက် ဇီဝိန်ကြွေနိုင်တယ်။

**Question**

Question for question is all fair.

မေးခွန်းကို မေးခွန်းထုတ်ဖြေတာ တရားပါတယ်။

**Quick**

Quick returns make rich merchants.

ဈေးစောစောသိမ်းခဲ့ရင် ရောင်းကောင်းတယ်။ အိမ်ပြန်စောရင် ဈေးရောင်းကောင်းပြီမှတ်။

**Quickly**

Quickly come quickly go.

မြန်မြန်ရ၊ မြန်မြန်ကုန်။

**Quiet**

A quiet conscience sleeps in thunder.

အပူအပင် အကြောင့်အကြကင်းသူဟာ မိုးကြိုးပစ်တောင် မနိုးဘူး။

**Quietness**

Quietness is best.

ဆိတ်ဆိတ်နေ ထောင်တန်။

**Quot**

Quot homines tot setentiae.

(So many men, so many opinions.)

လူများရင် ပါးစပ်ပေါက် (အပေါက်အစပ်) များ။

# R

**Race**

The race is got by running.

ဥစ္စာရင်လို ဥစ္စရင်ခဲ။

**Rain**

Some rain, some rest.

မိုးရွာတော့ အလုပ်နား။

**Ram**

It is possible for a ram to kill a butcher.

သိုးက သားသတ်သမားကို မသတ်နိုင်ဘူး။

**Rats**

Rats desert a falling house.

အိမ်အိုမှာ ကြွက်မနေ။

**Ready**

Ready money is a ready medicine.

ငွေရှိရင် အရာရာ ပြီးမြောက်တယ်။

**Reason**

Reason binds the man.

လူမှန်ရင် ဆင်ခြင်တုံတရား လက်ကိုင်ထားရမယ်။

**Reasons**

The reasons of the poor weigh not.

လူမွဲစကား၊ အလေးမထား။

**Receiver**

The receiver is as bad as the thief.

သူခိုးလက်ခံသူဟာ သူခိုးနဲ့အတူတူပဲ။

**Reckless**

Reckless youth makes rueful age.

ငယ်စဉ်က လေလွင့်နေရင် အိုမှနောင်တရတတ်တယ်။

**Recks**

Wisest is he who recks not who is rich.

ချမ်းသာသူကို မျက်နှာချိုမသွေးတဲ့လူဟာ ပညာအရှိဆုံး၊ အတော်ဆုံးပဲ။

**Reconcile**

Take heed of reconciled enemies.

ပြေလည်မှုရထားတဲ့ ရန်သူကို သတိထား။

A reconciled friend is a double enemy.

ပြေလည်မှု ရရှိသွားတဲ့ မိတ်ဆွေဟာ ရန်သူနှစ်ထပ်ကွမ်းပဲ။

**Red**

A red cow gives good milk.

အနီရောင်နွားမ၊ နို့ကောင်းရ။

Red clouds in the east, rain the next day.

အရှေ့ဘက်ကောင်းကင်မှာ နီနေရင် နောက်နေ့ မိုးရွာမယ်။
(ပုပ္ပားတိမ်ခြုံ၊ အိမ်လုံပါ့မလား။)

**Redemption**

There is no redemption from hell.

ငရဲမင်း လာဘ်ထိုးလို့မရ။

**Refuse**

Never refuse good offer.

ကောင်းသောပေးခြင်းကို ဘယ်တော့မှ မငြင်းပယ်ပါနဲ့။

Refuse a wife with one fault, and take one with two.

နောက်လာတဲ့ မောင်ပုလဲ၊ ဒိုင်းဝန်ထက်ကဲ။

**Religion**

Religion is the rule of life.

ဘာသာရေးဟာ ဘဝအတွက် စည်းမျဉ်းဥပဒေပဲ။

**Rely**

Never rely on the glory of the morning or on the smile of your mother-in-law.

ယောက္ခမအပြုံး မယုံစားနဲ့။ နံနက်ခင်းအလှကိုလည်း မယုံစားနဲ့။

**Remedy**

No remedy but patience.

"သည်းခံခြင်း" မှ အပ ကျန်အားလုံးအတွက် ဆေးရှိပါတယ်။

There is a remedy for all things but death.

"သေခြင်းတရား" မှ အပ ကျန်အားလုံးအတွက် ဆေးရှိပါတယ်။

**Remember**

We ought to remember the living.

သက်ရှိများကို မေ့ပျောက်မထားသင့်။

**Rememberance**

The rememberance of past sorrow is joyful.

လွမ်းစရာအတိတ်ကို ပြန်တွေးရတာ ပျော်စရာကောင်းတယ်။

**Remove**

Remove an old tree and it will wither to death.

သစ်ပင်ဆိုတာ အရွှေ့မခံဘူး။

**Repentance**

Repentance comes too late.

နှောင်းမှနောင်တ၊ ရတတ်စွ။

**Reputation**

Reputation is commonly measured by the acre.

ဂုဏ်ကို မြေ(ငွေ) နဲ့ တိုင်းကြတယ်။

**Respect**

He that respect not is not respected.

တစ်ပါးသူကို မလေးစားရင် ဘယ်သူ့အလေးစားမှု ခံရမှာ မဟုတ်ဘူး။

**Retreat**

In a retreat, the lame are foremost.

ဆုတ်ကြဆုတ်ကြဆိုတော့ ထော့ကျိုးက ရှေ့ဆုံးက။

**Revenge**

Forgiveness is the noblest revenge.

ခွင့်လွှတ်ခြင်းဟာ အမြတ်ဆုံးသော လက်စားချေခြင်းပဲ။

**Revolution**

Revolutions are not made with rose-water.

တော်လှန်ရေးဆိုတာ နှင်းရည်အေးတရားဟောနေတာ မဟုတ်ဘူး။

**Rich**

Rich men are stewards for the poor.

ချမ်းသာသူတွေဟာ ဆင်းရဲသားများရဲ့ ထမင်းအိုးတွေပါပဲ။

He is rich enough that wants nothing.

အလိုဆန္ဒနည်းသူဟာ ချမ်းသာတာပဲ။

**Riches**

Riches have wings.

ချမ်းသာရင် စိတ်သွားတိုင်း ကိုယ်ပါတယ်။

**Rides**

He rides sure that never fell.

တစ်ကြိမ်တစ်ခါမှ လိမ့်မကျအောင် စီးနိုင်သူဟာ အတော်ဆုံး မြင်းစီးသမားပဲ။

**Right**

Right wrongs no man.

အမှန်တရားကို အမှားလုပ်နိုင်သူဟူ၍ မရှိ။

**Rip**

Rip up not old sores.

အနာဟောင်းကို သွားမဆွပါနဲ့။

**River**

Rivers need a spring.

မြစ်ဖြစ်ဖို့ ချောင်းလိုတယ်။ (ချောင်းကြီးတော့ မြစ်ဖြစ်)

**Road**

All roads lead to Rome.

လမ်းအားလုံးဟာ ရောမသို့ ဦးတည်နေကြတယ်။
(လမ်းအားလုံး အဆုံးရှိတယ်။)

**Rob**

It is easy to rob an orchard when none keeps it.

အစောင့်မရှိတဲ့ သစ်သီးခြံ ခိုးရလွယ်တယ်။

**Rogue**

No rogue like to be godly rogue.

ဘုရားဒကာသူခိုးဟူသည် မရှိစကောင်း။

**Rolling**

A rolling stone gathers no moss.

အလုပ်တစ်ခုကို စွဲစွဲမြဲမြဲမလုပ်ရင် ဘယ်တော့မှ မကြီးပွား။

A rolling eye, a roving heart.

မျက်လုံးမငြိမ်ရင် စိတ်လည်းမငြိမ်ဘူး။

**Rome**

When in Rome, do as the Romans do.

ရောမရောက် ရောမလိုကျင့်။

Rome was not built in a day.

ရောမမြို့ကြီးကို တစ်နေ့တည်းတည်ဆောက်လို့ မရဘူး။

**Rose**

No rose without thorn.

ဆူးမရှိတဲ့ နှင်းဆီရယ်လို့မရှိ။

**Rough**

Take the rough with the smooth.

အကြမ်းကို အနုဖြင့်သာ အောင်နိုင်ရာ။

**Round**

A round peg in a square hole.

လေးထောင့်ပေါ် အဝိုင်းဆင့်။ (အမြင်မတော် ဆင်တော်နဲ့ ခလောက်)

At a round table, there's no dispute of place.

ဆွေးနွေးပွဲဟာ ငြင်းခုံပွဲ မဟုတ်ဘူး။

**Royal**

There is no royal to learning.

ပညာရှာခြင်းဟာ ပန်းခင်းလမ်းပေါ် လျှောက်နေတာ မဟုတ်။

**Rugged**

A rugged stone grows smooth from hand to hand.

ကျောက်တုံးတောင် လက်ပြောင်းများရင် ချောမွတ်လာတယ်။

**Rule**

There is no general rule without some exception.

ခြွင်းချက်မဲ့ ဥပဒေဟူ၍ မရှိ။

**Run**

If you run after two hares your will catch neither.

ယုန်နှစ်ကောင်ကို အမိဖမ်းဖို့ ကြိုးစားရင်း နှစ်ကောင်စလုံး လွတ်မယ်။ (တစ်ကြိမ်တည်း ငါးရံ့နှစ်ကောင် မဖမ်းနိုင်။)

**Runaway**

Runaway happiness is felt after it is gone.

ပျော်ရွှင်စရာကင်းသွားမှ ပျော်ရွှင်စရာရဲ့အရသာကို သိတော့တယ်။

**Runs**

He that runs fast will not run long.

အမြန်ပြေးသူ ရေရှည်မပြေးနိုင်။

# S

**Sack**

The sack is known by the sample.

နမူနာကိုကြည့်၊ အိတ်သိ။

**Saddle**

Set the saddle on the right horse.

မြင်းနဲ့ကိုက်တဲ့ ကုန်းနှီးကို တင်ပါ။

**Sailor**

Sailor's fingers must be all fish hooks.

ပင်လယ်ပျော်၊ ငါးဖမ်းတော်ရမယ်။

**Saint**

A saint abroad and a devil at home.

သူတော်စင် ခရီးထွက်၊ သရဲသဘက် အိမ်ပေါ်တက်။
(ကြောင်မရှိရင် ကြွက်တွေထ)

**Salus**

Salus popuil suprema est lex.
(The safety of the people is the highest law.)

ပြည်သူ့ဘဝလုံခြုံရေးသည် အမြင့်မားဆုံး ဥပဒေဖြစ်တယ်။

**Same**

The same knife cuts bread and fingers.

ပေါင်မုန့်နဲ့ လက်ကိုဖြတ်တာ ဒီဓားပဲ။

**Sandal**

The sandal tree perfumes the axe that fells it.

သနပ်ခါးပင်ခုတ်တဲ့ဓား၊ သနပ်ခါးနံ့ စွဲမှာပဲ။

**Sands**

Many sands will sink a ship.

မနိုင်ဝန်ဒဏ်၊ ဘယ်အရာမှ မခံနိုင်။

**Satan**

Satan always sins.

နတ်ဆိုး ကောင်းကျိုးမပေး။

**Saturday**

Saturday servants never stay, Sunday servants run away.

အစေအပါး အိမ်မြဲရိုးမရှိ။

**Save**

Save a stranger from the sea, and he'll turn your enemy.

ခြေနှစ်ချောင်း မကယ်စကောင်း။

Save a thief from the gallows and he will be the first to do thee a mischief.

သူခိုးကယ်၊ နောင်ဝယ် နောင်တရတတ်စွ။

He that saveth his dinner will have the more for his supper.

မနက်စာအတွက် ချွေတာရင်၊ ညစာဝေဆာမယ်။

**Say**

Say no ill of the year till it be past.

နှစ်မကုန်ခင် အပြစ်မပုံပါနဲ့ဦး။ (ဗမာမပြီးခင် ရှမ်းမမြင်စေနဲ့။)

Say nothing, when you are dead.

နိမ့်ကျနေစဉ် ရေငုံနှုတ်ပိတ် နေဖို့ပင်။

**Scatter**

Scatter with one hand, gather with two.

လက်နှစ်ဖက်နဲ့စု၊ လက်တစ်ဖက်နဲ့စွန့်ကြ။ ရနိုင်သလောက် ရှာ၊ သင့်တင့်စွာစွန့်ကြ။

**Scorpion**

There is scorpion under every stone.

ကျောက်တုံးတိုင်းအောက်မှာ ကင်းမြီးကောက်ရှိတယ်။

**Scratching**

By scratching and biting, cats and dogs come together.

ကုတ်ရင်းကိုက်ရင်းနဲ့ ခွေးနဲ့ကြောင် အတူနေလာကြ။ (မတဲ့အတူနေ)

**Sea**

The sea refuses no river.

ပင်လယ်ဟာ မြစ်တွေ စီးဝင်ရာ ဖြစ်တယ်။

**Search**

Search not too curiously lest you find trouble.

ထူးထူးထွေထွေ ရှာဖွေမနေနဲ့၊ ဒုက္ခများသွားမယ်။ (စပ်စုရင် လူမုန်းခံရမယ်။)

**Seasons**

Spring is virgin, Summer a mother.

နွေဦးကာလ အပျိုမ၊ အပျိုမမိခင် နွေဥတုပင်။

**Second**

Second thoughts are best.

ဒုတိယစိတ်ကူးဟာ အကောင်းဆုံးပဲ။ (အကောင်းဆုံးဖြစ်ချင်ရင် ထပ်တလဲလဲစဉ်းစား)

**Secrecy**

There is a skeleton in every house.

လူမသေဖူးတဲ့အိမ် မရှိဘူး။

**Secret**

Whatever there is a secret, there must be something wrong.

လျှို့ဝှက်ခြင်းမှာ အမှားမကင်း။

**Secure**

He that is too secure is not safe.

စိတ်ချလွန်းရင် သေဖို့ပြင်။

**See**

See Naples and then die.

မသေခင် "နေပယ်(လ်)" ကိုတော့ ရောက်အောင် သွားသင့်တယ်။

**Seek**

Seek till you find, and you'll not lose your labour.

တွေ့အောင်ရှာရတာ လုပ်အားမဆုံးပါ။

You seek hot water under cold ice.

ရေခဲ တုံးအောက်မှာ ရေပူရှာ။ (ချစ်တီးခေါင်း သန်းရှာ)

**Seeks**

He that seeks trouble, never misses.

ဒုက္ခရှာ လွယ်လွယ်တွေ့။ (အိုချင်ခဏလေး၊ ပျိုချင်တစ်ဘဝဝေး)

**Seest**

When thou seest thine house in flames, approach and warm thyself by it.

မီးလောင်နေတဲ့ အိမ်နားသွားပြီး မီးမလှုံပါနဲ့။ (သူများဒုက္ခ ရောက်နေချိန်မှာ အမြတ်မထုတ်ပါနဲ့။)

**Seldom**

Seldom seen, soon forgotten.

မမြင်ရတော့ မေ့ပြီပေါ့။ (မီးဝေးတော့ ချိတ်မာ)

**Self**

Self do, self have.

ကိုယ်လုပ်မှ ကိုယ်ရ။

**Self-knowledge**

First know thyself.

ကိုယ့်ကိုယ်ကိုသိဖို့ ပထမပဲ။

**Self-Made**

Every man is the architect of his own fortune.

လူတိုင်းဟာ ဘဝဗိသုကာ။

**Self-Reliance**

Where there is a will there is a way.

လိုလျှင်ကြံဆ နည်းလမ်းရ။

Mind moves mountains.

စိတ်ဆောင်ရင် တောင်တွေရွှေ့နိုင်တယ်။ (စိတ်သာရှင်စော ဘုရားဟော)

**Sell**

You cannot sell the cow and sup the milk.

နို့သောက်ချင်ရင် နွားမ မရောင်းနဲ့။

**Send**

Send a fool to market, and a fool he'll return.

အရူးဈေးဝယ်လွှတ်၊ ပြန်လာတော့အရူးပဲ။

**Servant**

A servant is known by his master's absence.

အိမ်ရှင်မရှိမှ အိမ်စေအကြောင်း ကောင်းကောင်းသိ။

Servant should see all say nothing.

အိမ်စေဆိုတာ မျက်စိလျှင်ရမယ်၊ နှုတ်နည်းရမယ်။

**Served**

He that will be served, must be patient.

သူများကျွေးမှ စားရမယ့်လူ စိတ်ရှည်ရမှာပဲ။

**Set**

Set good against evil.

ရန်မူလာသူကို မေတ္တာနဲ့ တုန့်ပြန်ပါ။ (ရန်ကိုရန်ချင်း မတုန့်နှင်းနဲ့။)

**Shallow**

Shallow streams make most din.

တိမ်တဲ့ချောင်း ရေစီးသံကျယ်တယ်။ (မပြည့်အိုး ဘောင်ဘင်ခတ်တယ်။)

**Share**

Share and share alike.

ဝေစုဆိုရင် တူရမယ်။ (ဝေစုဆိုရင် ညီရမယ်။)

**She**

She that is born a beauty is half-married.

အချောအလှကလေးမွေးရင် အိမ်ထောင်ရေး တစ်ဝက်ပြီးစီးပြီ။

**Sheep**

One sheep follows another.

နောက်က လိုက်တဲ့နေရာမှာ သိုးတွေဟာ နမူနာပဲ။

If one sheep leaps o'er the dyke, all the rest will follow.

သိုးတစ်ကောင် လည်စင်းခံရင် ကျန်သိုးအားလုံး လည်စင်းခံတယ်။

**Ship**

A ship and a woman are ever reairing.

"သင်္ဘော" နဲ့ "မိန်းမ" အမြဲပြင်ပေးရ။

**Ships**

Ships fear fire more than water.

သင်္ဘောတွေဟာ မီးကို ရေထက်ကြောက်တယ်။

**Shoe**

The shoe knows whether the stocking has holes.

ခြေအိတ်ပေါက်မပေါက် ရှူးဖိနပ်ကသိတယ်။

**Shoot**

Shoot a second arrow to find the first.

ပထမမြားကို ရှာဖို့ ဒုတိယမြားကို ပစ်လွှတ်ပါ။

He that shoots often atlast shall hit the mark.

ပစ်များရင် ထိလိမ့်မယ်။ (အလေ့အကျင့်များရင် ကျွမ်းလာလိမ့်မယ်။)

**Show**

Show me a liar, and I will show thee a thief.

လူလိမ်ကိုပြရင် သူခိုးကိုပြမယ်။ (တန်ကြေးပေးရင် တန်ရာရမယ်။)

He that shows his purse, bribes the thief.

ငွေအိတ်ထုတ်ပြတော့ သူခိုးလာဘ်ထိုးသလိုဖြစ်။

**Shut**

It is too late to shut the stable-door when the steed is stolen.

မြင်းခိုးခံရပြီးမှ ဇောင်းတံခါးပိတ်။ (မိုးလွန်မှ ထွန်ချ) သူခိုးပြေးမှ ထိုးကွင်းထ။

**Sickness**

Sickness soaks the purse.

ရောဂါစုံ ငွေကုန်။

**Silence**

Silence is eloquence.

အရည်အချင်းပြည့်သူ နှုတ်ဆိတ်တယ်။

Silence gives consent.

နှုတ်ဆိတ်နေတာဟာ သဘောတူတာပဲ။

**Silk**

The fairest silk is soonest stained.

အလှဆုံးပိုးစ မကြာခင်စွန်းထင်း။ လှရင်အန္တရာယ်နဲ့နီးတယ်။

**Sillier**

He is sillier than a crab, that has all his brains in his belly.

ဝမ်းထဲမှာ ဦးနှောက်တည့်ထားတဲ့ ကဏန်းကောင်ထက် ပိုမိုက်တယ်။

**Silly**

He is a silly man that can neither do good nor ill.

ဘာတစ်ခုမှ မလုပ်သူဟာ မိုက်မဲသူပဲ။

**Silver**

A silver key can open an iron lock.

သံသော့ခလောက်ကို ငွေသော့က ဖွင့်နိုင်တယ်။ (ငွေပေါ်ရင် အရာရာ ပြီးမြောက်တယ်။)

**Silvered**

He is like a silver pin, fair without but foul within.

ငွေရောင်စိမ်ထားတဲ့ အပ်လို အပြင်ဘန်းလှတယ်၊ အတွင်းက အကျည်းတန်တယ်။

**Simple**

The simple man is the beggar's brother.

ရိုးတဲ့သူဟာ သူတောင်းစားနဲ့ ညီအစ်ကိုတော်တယ်။

**Sin**

Every sin brings its punishment with it.

ပြစ်မှုတိုင်းမှာ ပြစ်ဒဏ်ပါပြီးသားပါ။

**Sings**

He that sings on Friday, will weep on Sunday.

ရယ်လွန်းရင် ငိုရတတ်တယ်။

**Sink**

Sink or swim.

မနစ်ချင်ရင် ကူး။ (မရှုံးချင်ရင် အောင်မြင်အောင်ကြိုးစား)

**Sits**

He sits not sure that sits too high.

အမြင့်ရောက်သွားရင် သိပ်စိတ်မချရတော့ဘူး။ (မြင့်လွန်းရင် ဒဏ်များများခံရ)

**Sitteth**

He taht sitteth well, thinketh ill.

ဖင်မြဲပြီဆိုတာနဲ့ မကောင်းတာလုပ်ဖို့ စိတ်ကူးပြီ။ (ငွေပေါရင် အပျော်အပါး လိုက်စားချင်)

**Six**

Six feet of earth make all men equal.

သေရင် အားလုံးအတူတူပဲ။ (သေမင်းဟာ ညီစေသူဖြစ်တယ်။)

**Skill**

Skill and confidence are unconquered army.

"ကျွမ်းကျင်မှု" နဲ့ "ယုံကြည်မှု" ဟာ နိုင်အောင် တိုက်မရတဲ့ စစ်တပ်ကြီးပဲ။

**Skirt**

Who hath skirts of straw, needs fear the fire.

ကောက်ရိုးစကတ် ဝတ်ထားရင် မီးတော့သတိထားရမယ်။

**Sky**

If the sky falls we shall catch larks.

မဖြစ်နိုင်တာကို စောင့်မျှော်နေရင် မျှော်ရင်းသေမှာပဲ။

**Sleep**

Sleep is the image of death.

အိပ်စက်ခြင်းဟာ သေမင်းရဲ့ ပုံရိပ်ပဲ။

He sleeps as dogs do when wives sift meal.

မိန်းမက မီးဖိုဝင်၊ လင်ကခွေးလိုအိပ်။ (မိန်းမထမီနားခိုစားတယ်။)

**Slept**

He hath slept well, that remembers not he hath slept ill.

နှစ်နှစ်ခြိုက်ခြိုက် အိပ်စက်နိုင်သူဟာ အိပ်မရတဲ့ညတွေကို သတိမရတော့ဘူး။ (ဘဝမေ့သွားတယ်။)

**Sloth**

Sloth is the key of poverty.

ပျင်းရိခြင်းဟာ မွဲဆေး။

**Slow**

Slow and steady wins the race.

ဖြေးဖြေးမှန်မှန် အောင်ပွဲခံ။ (တစ်နေ့တစ်လံ ပုဂံဘယ်ပြေးမလဲ)

**Small**

Small riches hath most rest.

ဥစ္စာပေါရင် စိတ်ချမ်းသာ။

**Smiles**

The smiles of a pretty woman are the tears of the purse.

မိန်းမလှပြုံးတော့ ပိုက်ဆံအိတ် မျက်ရည်ကျတယ်။

**Smiling**

A smiling boy seldom proves a good servant.

မျက်နှာချိုတဲ့လူ အခိုင်းအစေကောင်းဖြစ်ခဲတယ်။ (မျက်နှာချိုသူ အလုပ်ခိုတတ်)

**Son**

My son is my son, till he hath got him a wife; but my daugther's my daugther all the days of her life.

သားယောကျ်ား အားကိုးမရ၊ သမီးမိန်းကလေး အားကိုးရ။

**Soon**

Soon gotten, soon spent.

လွယ်လွယ်ရ၊ ခဏကလေးနဲ့ကုန်။

Soon up, soon down.

အတက်မြန်၊ အကျမြန်။

**Sorrow**

Sorrow comes unsent for.

ဝမ်းနည်းစရာတွေ မဆင့်ခေါ်ဘဲ လာတတ်တယ်။

**Soul**

The soul is not where it lives, but where it loves.

စိတ်ဘယ်တော့မှ မတည်ငြိမ်။ စိတ်ဟာ သူချစ်ရာမှာ အမြဲတမ်း ရှိနေတတ်တယ်။

**Sound**

Sound love is not soon forgotten.

နှစ်နှစ်ကာကာချစ်ရင်၊ ပစ်ပစ်ခါခါ မမေ့တတ်ပါ။

**Sows**

He that sows in the highway, tries his oxen and loseth his corn.

မြေကောင်းမှ မစိုက်ပျိုးရင် နွားလည်းပန်းတယ်၊ သီးနှံလည်း ကန်းတယ်။

**Sparing**

Sparing is a great revenue.

ခွင့်လွှတ်ခြင်းဟာ အကောင်းဆုံး လက်စားချေခြင်းပဲ။

**Speak**

You may speak with your gold, and make other tongues dumb.

ငွေနဲ့ဆိုရင် ပါးစပ်အားလုံးပိတ်။ ငွေသည် အရာရာတိုင်းကို အောင်မြင်သည်။

You never speak, but your mouth opeans.

မပြောဘူးလည်းဆိုသေး၊ ပါးစပ်ကလည်း ဟလို့။

(မပြေးသော် ကန်ရာရှိ)

Speak for yourself.

ကိုယ့်အတွက်ကိုယ်ပြော၊ ကိုယ့်အလုပ်ကိုယ်လုပ်၊ ကိုယ့်လမ်းကိုယ်လျှောက်။

Speak not of a dead man at the table.

စကားဝိုင်းမှာ သေသူအကြောင်း မပြောနဲ့။

Many speak much who cannot speak well.

စကားပြောမကောင်းသူ စကားများများ ပြောတယ်။ (တဝဲလည်လည်နဲ့ လိုရင်းမရောက်)

**Speech**

Speech is silver, silence is gold.

ပြောရင် ငွေ၊ ဆိတ်ဆိတ်နေ ရွှေ။

**Spender**

To a good spender, God is treasurer.

ငွေကို အကျိုးရှိရှိ သုံးသူအဖို့ ဘုရားသခင်ဟာ ဘဏ္ဍာစိုးပဲ။

**Spending**

In spending lies the advantage.

ငွေသုံးရင် အကျိုးအမြတ် ရှိရမယ်။

**Spent**

Spent breath is soon recovered, spent time never.

လေကို မရှူဘဲ ဖြုန်းလိုက်ရင် လေပြန်ရတယ်။ အချိန်ကို မသုံးဘဲ ဖြုန်းလိုက်ရင်တော့ ဘယ်တော့မှ ပြန်မရဘူး။

**Spice**

Spice is black, but it has sweet smack.

အဆင်းမလှပေမယ့် အချင်းလှပါတယ်။

**Spirit**

The spirit is willing, but the flesh is weak.

ဆန္ဒရှိပေမယ့် ကိုယ်မပါ။

**Staff**

He brings staff to break his own head.

ကိုယ်မွေးတဲ့မြောက် ကိုယ့်ပြန်ချောက်။ ကိုယ့်အတတ်ကိုယ်စူး။ ကိုယ့်ရှူးကိုယ့်ပြန်ပတ်။

**Steal**

He that will steal a pin, will steal better things.

အပ်ကိုတောင် မရှောင်နိုင်တဲ့သူခိုး၊ အကောင်းမှန်သမျှ ခိုးမှာပဲ။

Steal everything, not my reputation.

ခိုးချင်တာခိုးပါ၊ ဂုဏ်သိက္ခာကို မခိုးပါနဲ့။

**Step**

The greatest step is that out of doors.

အိမ်ကထွက်ရရင် ခြေသွက်တယ်။

**Still**

A still tongue makes a wise head.

ပညာရှိရင် နှုတ်နည်းတယ်။

**Stitch**

A stitch in time saves nine.

အချိန်မီချုပ်၊ အစုတ်သက်သာ။

**Storm**

A storm in a teacup.

လက်ဖက်ရည်ပန်းကန်ထဲ မုန်တိုင်းထန်။

**Strange**

It is a strange beast that hath neither head nor tail.

ခေါင်းလည်း မရှိ၊ အမြီးလည်း မရှိဘူးဆိုရင် ထူးဆန်းတာပဲ။

**Straw**

He gives straw to his dog and bones to his ass.

မရောင်ရာ ဆီလူး။

Straws show which way the wind blows.

လေတိုက်ရာဘက်ကို ကောက်ရိုးက ပြတယ်။

**Strength**

One has always strength enough to bear the misfortunes of one's friends.

သူများထိတော့ ကြည့်နေနိုင်တယ်၊ ကိုယ့်ထိမှ မခံချိအောင်နာ။

**Stretching**

Stretching and yawning leadeth to bed.

အညောင်းဆန့်ရင်၊ သမ်းရင် အိပ်ရာဝင်။

**Striving**

It is ill striving against the stream.

ချောင်းကိုဆန်တက်ဖို့ ကြိုးစားရင်း အချည်းနှီးဖြစ်မှာပဲ။

**Success**

Success is sweetest when won.

အောင်မြင်မှုဆိုတာ ရရင် အချိုမြဆုံးပဲ။

Success makes a fool seem wise.

အောင်မြင်ရင် အကောင်းမြင်တတ်ကြမြဲ။

**Sudden**

Sudden friendship, sure repentance.

တွေ့တွေ့ချင်း မခင်လိုက်နဲ့၊ နောင်တရတတ်တယ်။

**Suffer**

Suffer to make the mind strong.

စိတ်ဓာတ်မာကြောလာဖို့ အထုအထောင်းခံရမြဲပဲ။

Suffer and expect.

အဆိုးကို ကြံ့ကြံ့ခံ၊ အကောင်းကို မျှော်လင့်။

**Sufferance**

On sufferance, cometh ease.

ကိုယ်နဲ့ အံကိုက်တဲ့ဝတ်စုံဟာ အကောင်းဆုံးဝတ်စုံပဲ။

**Suit**

That suit is best that best fits me.

ကိုယ်နဲ့ အံကိုက်တဲ့ဝတ်စုံဟာ အကောင်းဆုံးဝတ်စုံပဲ။

**Sun**

The sun has set; no night has followed.

နေဝင်သွားပြီ၊ ညလည်း ရောက်မလာသေးပါလား။

**Surety**

Your surety wants a surety.

စိတ်မချရတဲ့ စိတ်ချမှုမျိုးပဲ။

**Suspicion**

Suspicion in the child of the weak mind.

စိတ်ပျော့တဲ့ကလေး၊ သံသယဝင်တတ်တယ်။

Suspicion has double eyes.

သံသယမှာ မျက်စိနှစ်လုံးရှိတယ်။

**Swear**

He that will swear, will lie.

ကျိန်ပြောပြီဆိုကတည်းက လိမ်ပြီမှတ်။

**Swearing**

Swearing came in at the head, and is going out at the heels.

ပါးစပ်က ကျိန်တာတွေ ဖနှောင့်က ထွက်သွားပြီ။

**Sweep**

If each would sweep before his own door, we should have a clean city.

အိမ်တိုင်းသန့်ရင် တစ်မြို့လုံးသန့်မယ်။

**Sweet**

Sweet things are bad for the teeth.

အချိုစား သွားမခံနိုင်။

**Swell**

He who swells in prosperity will shrink in adversity.

ချမ်းသာသူ အခက်အခဲဒဏ် မခံနိုင်။ လူပေါ့ကြော့ ပျော့တတ်မြဲ။

**Swim**

Who swims in sin shall sink in sorrow.

မကောင်းမှုမှာ ပျော်မွေ့ရင် စိတ်မကောင်းစရာတွေနဲ့ ကြုံတတ်တယ်။

**Swine**

He is like swine, he'll never do good while he lives.

အသက်ရှင်ခိုက် ကောင်းတာမလုပ်ရင် မနှစ်မြို့စရာ ဖြစ်မယ်။

# T

**Table**

The table robs more than a thief.

ဝမ်းရေးက သူခိုးထက် ပိုခိုးတယ်။

(စားရေးသောက်ရေးအတွက် ကုန်ရတာတွေများ)

**Tail**

Let the tail follow the skin.

သားရေနောက် အမြီးပါနေပါစေ။ ချန်မနေခဲ့နဲ့။

**Take**

Take things as you find them.

အမြင်အတိုင်းပဲ လက်ခံပါ။

I was taken by morsel, says the fish.

"အစာကလေး မဖြစ်စလောက်က ဖမ်းလိုက်တာ" တဲ့၊ ငါးက ပြောတယ်။

As a man takes his wife-tor better, for worse.

မိန်းမယူသလိုပေါ့၊ ဆိုးဆိုးကောင်းကောင်း ပေါင်းရမှာပဲ။

**Tale**

Beware of him that telleth tales.

ပုံပြောတဲ့ လူတွေကို သတိထား။

**Talking**

Talking pays no toll.

ပြောတာ ငွေမကုန်ပါဘူး။

**Taste**

Taste differ.

(လူချင်း မတူသလို)၊ အကြိုက်မတူကြဘူး။

**Taught**

I taught you to swim, an now you'd drown me.

ကျေးဇူးရှင်ကို ကျေးစွပ်တယ်။

**Teach**

It is hard to teach an old dog tricks.

ခွေးအို လက်ပေးသင်လို့မရ။

**Temperance**

Temperance is the best physic.

သင့်တင့်မျှတစွာ စားသောက်ခြင်းဟာ အကောင်းဆုံးဆေးဝါးပဲ။

**There**

There is a witness everywhere.

ဆိတ်ကွယ်ရာဟူသည် မရှိ။

**Thief**

A thief knows a thief as a wolf knows a wolf.

ဝံပုလွေက ဝံပုလွေအကြောင်း သိသလို၊ သူခိုး သူခိုးချင်း အထာပေါက်တယ်။

One thief knows another.

သူခိုးအကြောင်း သူခိုးသိ။ (မြွေမြွေချင်း ခြေမြင်)

**Thieves**

All are not thieves that dogs bark at.

ခွေးဟောင်တိုင်း သူခိုးမဟုတ်ဘူး။

**Think**

Think much, speak little, and write less.

များများတွေး၊ နည်းနည်းပြော၊ လျှော့ရေး။

Think well of all men.

အားလုံးကို အကောင်းမြင်ပါ။

**Thinking**

Thinking is very far from knowing.

"အထင်" ဆိုတာ တကယ် "အသိ" နဲ့ ဝေးလွန်းတယ်။

**Thinks**

He thinks not well, that thinks not again.

ကောင်းကောင်းမစဉ်းစားသူဟာ နောက်တစ်ကြိမ်ထပ်မစဉ်းစားဘူး။

**Thorn**

The thorn comes forth with the point forwards.

ဆူးဆိုတာ အချွန်ကလေးက အရင်ထွက်လာတာပဲ။

**Thorns**

The thorns make the greatest crackings.

ဆူးဒဏ်တွေများတော့လည်း အက်ရာကြီးလာတာပဲပေါ့။

**Though**

Though a lie be well-dressed, it is ever overcome.

မုသားကို ဘယ်လိုပဲ ဖုံးထားဖုံးထား၊ နောက်ဆုံး ပေါ်တာပါပဲ။

**Thought**

Thought is free.

အတွေးဆိုတာ လွတ်လပ်ပါတယ်။

**Thread**

The thread breaks where it is weakest.

ကြိုးတစ်ပင်ဟာ မခိုင်ဆုံးနေရာက စ,ပြတ်တယ်။

**Thrown**

He that is thrown would never wrestle.

တစ်ခါခံရဖူးတာနဲ့ တစ်သက်လန့်သွားပြီ။

**Thunders**

When it thunders, the thief becomes honest.

မိုးကြိုးပစ်တော့မှ သူခိုး ရိုးချင်လာတယ်။

**Time**

Time is money.

အချိန်ဟာ ငွေပဲ။ (အချိန်ဟာ တန်ဖိုးရှိတယ်။)

Time flies.

အချိန်ကုန်လွယ်တယ်။

Time lost cannot be recalled.

ကုန်ဆုံးသွားတဲ့အချိန် ပြန်မရနိုင်။

**Tomorrow**

Never keep off anything for tomorrow that you can do today.

ကနေ့ လုပ်နိုင်တဲ့အလုပ် ကနေ့လုပ်ပါ၊ နက်ဖြန် မရွှေ့ပါနဲ့။

To-morrow comes never.

နက်ဖြန် ဘယ်တော့မှ ရောက်လာမှာမဟုတ်။

To-morrow is a new day.

နက်ဖြန်ဆိုတာ နေ့သစ်တစ်နေ့ ဖြစ်တယ်။

**Tongue**

Let not your tongue cut your throat.

နှုတ်ကြောင့် လည်ပင်းမပြတ်ပါစေနဲ့။

**Too**

Too much of everything is bad.

ဘယ်အရာမဆို လွန်လွန်း (အစွန်းရောက်လွန်း) ရင် မကောင်းဘူး။

Too much liberty spoils all.

လွတ်လပ်လွန်းရင်လည်း ပျက်စီးတတ်တယ်။

Too far east is west.

အရှေ့နဲ့ ဝေးလာလေ၊ အနောက်နဲ့ ပိုနီးလာလေ။

**Toothache**

The toothache is more ease than to deal with ill people.

ပါးရိုက်တတ်သူတွေနဲ့စာရင် သွားကိုက်တာကမှ သက်သာသေးတယ်။

**Two**

There are two sides to every question.

ပြဿနာတိုင်းမှာ ဘက်နှစ်ဖက် ရှိမြဲပဲ။

Two negatives make an affirmative.

အနှုတ်လက္ခဏာနှစ်ခုဟာ အပေါင်းလက္ခဏာတစ်ခု ဖြစ်တယ်။

Two eyes can see more than one.

မျက်လုံးနှစ်လုံးဟာ တစ်လုံးတည်းထက် ပိုမြင်တယ်။

Two wolves may worry one sheep.

ဝံပုလွေနှစ်ကောင်ဆိုရင် သိုးဟာ ကြောက်ပြီပေါ့။

**Tyrant**

It's time to fear when tyrants seem to kiss.

အဓမ္မသမားတွေ သဘောကောင်းလာရင် စိုးရိမ်ရပြီမှတ်။

## U

**Unbidden**

An unbidden guest knoweth not where to sit.

မဖိတ်ဘဲလာသူကို ဘယ်သူမှ ခရီးဦးကြိုမပြု။

**Uncertainty**

The glorious uncertainty of the law.

ဥပဒေမှာလည်း မသေချာ မရေရာတာတွေ ရှိတာပဲ။

**Understanding**

Who has not understanding, let him have legs.

နားလည်မှုမရှိသူကို ထောက်လည်း မထောက်ခံနဲ့၊ ကန့်လည်း မကန့်ကွက်နဲ့။

**Understands**

Who understands ill, answers ill.

နားလည်မှုလွဲရင်၊ အဖြေပါ လွဲတတ်တယ်။

**Unforeseen**

It is the unforeseen that always happens.

မထင်မှတ်တာတွေ ဖြစ်လာတတ်တာပဲ။

**Ugliness**

Better an ugly face than an ugly mind.

စိတ်မလှတာနဲ့စာရင် ရုပ်မလှတာက တော်ပါသေးတယ်။

**Union**

Union is strength.

စည်းလုံးခြင်းသည် ခွန်အား။

**Unreasonable**

Things unreasonable are never durable.

ယုတ္တိမတန်ရင် ဘာမှ ရေရှည်မခံ။

**Unsound**

Unsound minds, like unsound bodies, if you feed, you poison.

စိတ်ထားမမှန်သူကို ကျွေးမွေးပေးကမ်းတာဟာ အဆိပ်ပင်ရေလောင်းတာနဲ့တူတယ်။

**Unthankful**

You can call a man no wrose than unthankful.

ကျေးဇူးမသိတတ်သူလို့ သတ်မှတ်ခံရတာလောက် နာစရာကောင်းတာမရှိ။

**Unthrift**

Drift is as bad as unthrift.

အလဟဿဖြစ်ခြင်းဟာ ဖြုန်းတီးခြင်းပဲ။

**Unworthy**

He is unworthy to live who lives only for himself.

တစ်ဖို့တည်းကြည့်တဲ့လူ အသက်ရှင်နေဖို့ပင် မထိုက်။

**Up**

Up the hill favour me, down the hill beware thee.

အတက်ကြိုးစား၊ အဆင်းသတိထား။

**Use**

Use makes perfectness.

လက်တွေ့လုပ်ပါများရင် ကျွမ်းကျင်လာတာပဲ။

Use the means and God will give the blessing.

နည်းလမ်းအမျိုးမျိုးနဲ့ ကြိုးစားလုပ်ဆောင်ပါ၊ ဘုရားမ,ပါလိမ့်မယ်။

**Useth**

He that useth me better than he is wont, will betray me.

သူလုပ်နိုင်တာထက်မက ကျွန်ုပ်ကို ပိုခိုင်းရင် တစ်နေ့ ကျွန်ုပ်ကို စော်ကားမှာပဲ။

## V

**Vacuum**

Nature abhors a vacuum.

သဘာဝတရားကြီးရဲ့ နေရာတိုင်းမှာ "ဘာမျှမရှိခြင်း" ဆိုတာ မရှိ။

**Vain**

Vain glory blossoms but never bears.

တန်ဖိုးမရှိတဲ့ ဂုဏ်ဆိုတာ ပွင့်ရုံပွင့်တယ်၊ အသီး မသီးဘူး။

**Valiant**

A valiant man's look is more than a coward's sword.

ဗီလိန်ရဲ့ အကြည့်တစ်ချက်ဟာ သူရဲဘောကြောင်သူ့ဓားထက် ပိုကြောက်ဖို့ကောင်းတယ်။

**Valour**

Discretion is the better part of valour.

တစ်ခါတစ်ရံမှာ အဆုံးအဖြတ်က သတ္တိထက် ပိုအရေးပါတယ်။

Valour can do little without discretion.

သတိမရှိဘဲ သတ္တိရှိရုံနဲ့ ခရီးမရောက်ဘူး။

**Variety**

Variety is charming.

အမယ်များရင် စွမ်းအားကောင်းတယ်။ (အမျိုးမျိုးသော အခြေအနေတွေဟာ ဘဝအတွက် ပျော်စရာပဲ။)

Variety turns existence into living.

ဘဝဟာ အပြောင်းအလဲရှိမှ ပိုကောင်းတယ်။ (အပြောင်းအလဲရှိမှ ပိုအသက်ဝင်လာတယ်။)

**Varnishing**

Varnishing hides a crack.

အရောင်တင်လိုက်တော့ အက်ရာပျောက်။

**Vengeance**

The noblest vengeance is to forgive.

အကောင်းဆုံးလက်စားချေခြင်းဟာ ခွင့်လွှတ်ခြင်းပဲ။

**Venom**

There is no venom to that of the tongue.

နှုတ်ကြောင့်သေ၊ (လက်ကြောင့်ကြေ)။

**Venture**

Nothing venture, nothing have.

ထိုင်နေလို့ကတော့ ဘာမှဖြစ်မလာဘူး။

Venture a small fish to catch a great one.

ထောင်မြင် ရာစွန့်။

**Verbum**

Verbum sat spienti.

ပညာရှိအဖို့ စကားတစ်ခွန်းဆို လုံလောက်တယ်။

(လက်တင်စကား အတိုကောက်မှာ Verb Sap ဖြစ်တယ်။)

**Vice**

Vice ruleth where gold reignth.

ရွှေမရှား ငွေမရှားသူတွေ ဖောက်ပြားကြတယ်။

Vice is often clothed in virtue's habit.

မကောင်းမှုကို ကျူးလွန်ဖို့ သူတော်ကောင်းယောင် ဆောင်တတ်ကြတယ်။

**Victory**

It is a great victory that comes without blood.

သွေးမြေမကျတဲ့ အောင်ပွဲဟာ အကြီးမြတ်ဆုံးသော အောင်ပွဲပဲ။

**Vine**

Take a vine of good soil, and the daughter of a good mother.

မြေကောင်းမှ စပျစ်ကောင်းတယ်။ အမေကောင်းမှ သားသမီးကောင်းတယ်။

**Virtue**

Virtue has all things in itself.

အရည်အချင်းကောင်းမှာ အရာအားလုံး ပါဝင်နေတယ်။

He cannot be virtuous that is not rigorous.

ရည်ရွယ်ချက် မပြင်းထန်ရင် ဘယ်သူမှ ထူးထူးခြားခြား ဖြစ်မလာနိုင်ဘူး။

**Virtues**

Virtues all agree, but vices fight one another.

ပညာရှိညှိလို့ရ၊ ပညာမဲ့ရင် တိုက်ဖို့ ခိုက်ဖို့ပြင်။ (သုစရိုက်မှာ အချင်းချင်း မတည့်ဟူ၍ မရှိ၊ ဒုစရိုက်မှာသာ အချင်းချင်း သင့်မြတ်မှု မရှိ။)

**Vision**

Where there is no vision, people perish.
အသိဉာဏ်ကန်းရင် ပျက်စီးဖို့ပဲ။

**Voice**

The voice of the people is the voice of God.
ပြည်သူလူထုရဲ့အသံဟာ ဘုရားသခင့်အသံပဲ။
(လက်တင်ဘာသာ Vox populi, Vox Dei)။
The voice is the best music.
လူ့အသံသည် အသာယာဆုံး ဂီတပဲ ဖြစ်တယ်။

**Vow**

Vows made in stroms are forgotten in calms.
မုန်တိုင်းကြားမှာ ထားခဲ့တဲ့သစ္စာ၊ မုန်တိုင်းစဲတော့ ပြယ်တတ်တယ်။

**Vulgar**

The vulgar will keep no account of your hints, but of your misses.
ယုတ်ညံ့သူဟာ အကောင်းကို မမြင်တတ်ဘူး၊ အဆိုးကိုပဲမြင်တတ်တယ်။

## W

**Wading**

No safe wading in an unknoun water.
အတိမ်အနက် မခန့်မှန်းဘဲ ကူးရင် စိတ်မချရဘူး။
(ဆင်ကန်းတောတိုးလုပ်ရင် ဘေးတွေ့ရတတ်တယ်။)

**Wage**

Wage will get page.
အခပေးမှ အစေရ။ (အသွားရှိမှ အပြန်ရှိတယ်။)

Be content with your wages.

ရသမျှနဲ့ ရောင့်ရဲ။

**Wait**

Wait and see.

စောင့်ကြည့်သေးတာပေါ့။

**Waiting**

It is ill-waiting for dead man's shoes.

သေမှရမယ့်အမွေ စောင့်စားမနေနဲ့။

**Wake**

Wake not a sleeping lion.

အိပ်နေတဲ့ခြင်္သေ့ သွားမနှိုးနဲ့။

**Walking**

It is good walking with a horse in one's hand.

ကိုယ်ပိုင်ငွေကြေးနဲ့ ဘဝလမ်းကို လျှောက်လှမ်းတာ အကောင်းဆုံးပဲ။

**Walls**

Walls have ears.

နံရံတွေမှာ နားရှိတယ်။ (တိုးတိုးလေးပြောတဲ့ လျှို့ဝှက်ချက်တောင် နံရံဟိုးဘက် ရောက်သွားနိုင်တယ်။)

**Want**

Want is the mother of industry.

လိုအပ်တာရှိလာရင် အားထုတ်ကြိုးပမ်းမြဲပဲ။

Want is the worse of it.

ရလေ၊ ပိုလိုချင်လေ။ (ရလေလိုလေ၊ အိုတဏှာ)

You want things you have.

စားရတဲ့ကလေး ပိုငတ်တယ်။

No want, no work.
မကြီးပွားလိုသူ အလုပ်မလုပ်ချင်ဘူး။

**War**

Wars make thieves and peace hangs them.
တောမီးလောင် တောကြောင် လက်ခမောင်းခတ်။ (ငြိမ်းချမ်းစဉ်ခါ ရာဇဝတ်ဘေး ပြေး၍မလွတ်သာ။)

The war is not done so long as my enemy lives.
ရန်သူ ရှိနေသေးသရွေ့ စစ်ပွဲမဆုံးသေး။

War is the sport of kings.
စစ်ပွဲဆိုတာ ဘုရင်တွေရဲ့ ကစားပွဲပဲ။ (ဘုရင်မှန်သမျှ စစ်လိုလား တတ်တယ်။)

Wars bring scars.
စစ်သည် အနိဋ္ဌာရုံများကို ဖန်တီးတယ်။

**Wares**

When the wares be gone, shut up the shop windows.
ရောင်းကုန်မရှိတော့ရင် ဆိုင်တံခါးကို ပိတ်ထားပါ။
(ဆန်မရှိ လေလုံးကြီး လုပ်မနေနဲ့။)

**Warm**

He warms too near that burns.
မီးဖိုနားကပ်ပြီး မီးလှုံရင် မီးလောင်မယ်။

**Wash**

You wash out ink with ink.
မင်ပေတာကို မင်နဲ့ ဖျက်သတဲ့။

**Washing**

For washing his hands, none sells his lands.
လက်ဆေးချင်ရုံနဲ့ ဘယ်သူမှ မြေမရောင်းဘူး။

**Waste**

Waste not, want not.

မဖြုန်းပါနဲ့၊ အလိုမကြီးပါနဲ့။

**Water**

Where the water is shallow, no vessel will ride.

ရေတိမ်မှာ သင်္ဘောတင်။

**Way**

The way to be safe is never to be secure.

စိတ်ချရပါတယ်ဆိုတဲ့ လမ်းတောင် စိတ်မချရပါဘူး။

The way to heaven is alike in every place.

ကောင်းကင်ဘုံသွားရာလမ်းကတော့ ဘယ်နေရာမှာဖြစ်ဖြစ် အတူတူပဲ။

**Weak**

Every man hath his weak side.

လူတိုင်းမှာ အားနည်းချက်တစ်ခု ရှိတာပဲ။

**Wealth**

Wealth makes worship.

ငွေရှိမှ လူရိုသေတယ်။

**Wear**

Wear a horn, and blow it not.

(ကျို) ချိုတော့ ထားပါ၊ မမှုတ်ပါနဲ့။

He that wears black must hang a brush at his back.

မကောင်းမှုလုပ်သူဟာ မကောင်းမှုကို ဆေးကြောနိုင်ဖို့ ကြိုးစားရမယ်။

**Weather**

No weather is ill, if the wind be still.

လေငြိမ်နေရင် ရာသီဥတုကောင်းတာပဲပေါ့။

**Wedding**

As your wedding ring wears, your cares will wear away.

လက်ထပ်ပြီးရင် အကြင်အနာ အယုအယ ပေါ့သွားမြဲပါ။

**Weeds**

Weeds want no sowing.

ပေါင်းပင် စိုက်ပျိုးဖို့ မလိုဘူး။

**Weigh**

Weigh right and sell dear.

မှန်မှန်ချိန်တွယ်ပေး၊ ဈေးကိုပိုယူ။

(ဈေးကြီးတာထက် အလေးခိုးတာ ပိုဆိုးတယ်။)

**What**

What will be, shall be.

ဖြစ်ထိုက်တာ ဖြစ်ရမှာပဲ။

What is the use of a sun dial in the shade?

ဘုန်းကြီးနဲ့ ဘီးလို။

**When**

When need is highest, help is highest.

အကူအညီအလိုဆုံးအချိန်မှာ ကူညီတာဟာ အကြီးမားဆုံး ကူညီတာပဲ။

When in doubt, leave out.

သံသယဝင်ရင် သံယောဇဉ် မထားနဲ့တော့။

When all men speak, no one hears.

တစ်ယောက်တစ်ပေါက်ပြောနေရင် နားထဲ ဘာမှမရောက်။

When win sinks, words swim.

အရက်ဝင်ရင် စကားတွေ ရှင်လာတယ်။

**Where**

Where vice is, vengeance follows.

ဆိုးယုတ်ညစ်ပတ်တဲ့နေရာတိုင်းမှာ လက်စားချေမှု ရှိတာပဲ။

God is where there is peace.

အေးငြိမ်းတဲ့ နေရာတိုင်းမှာ ဘုရားသခင်ရှိတယ်။

**While**

While the leg warmeth, the boot harmeth.

ခြေနွေးတာမှန်ရဲ့၊ ဖိနပ်မခံနိုင်ဘူး။

**Who**

Who lives by hope will die by hunger.

မျှော်လင့်နေရင် ငတ်သေမှာပဲ။

**Why**

Every why hath a wherefore.

"ဘာကြောင့် "တိုင်းမှာ "အဘယ်ကြောင့်" ရှိတာပဲ။

(အမေးရှိ အဖြေရှိရမယ်။)

**Wife**

If you make your wife an ass, she will make you an ox.

မိန်းမကို မြည်းလို သဘောထားရင်၊ မိန်းမကလည်း နွားလို သဘောထားမှာပဲ။

**Willows**

Willows are weak, yet they bind other wood.

နွယ်ပင်တွေဟာ အားနည်းပေမယ့် သစ်ပင်ကြီးတွေကို ရစ်ပတ်ထားနိုင်တယ်။

**Win**

Either win the horse or lose the saddle.

နိုင်အောင် စီးမလား၊ မြင်းကုန်းနှီး အဆုံးခံမလား။

**Wind**

As the wind blows, you must set your sail.

လေတိုက်ရာ ရွက်လွှင့်။ (ကံစီမံတဲ့အတိုင်း ဖြစ်ကြရမှာပဲ။)

**Wine**

Wine in, truth out.

အရက်သောက် အမှန်တရားပျောက်။ (အရက်သမားစကား အမှားတစ်ထောင်)

Wine in the bottle does not quench thirst.

ပုလင်းထဲက အရက်မြင်ရုံနဲ့တော့ အာသာမပြေနိုင်ဘူး။

**Winter**

If winter comes can spring be far behind.

ဆောင်းဝင်တော့ နွေကျန်ခဲ့လေပေါ့။

Winter finds out what summer lays up.

နွေ့လက်ရာ ဆောင်းတွေ့မှာပဲ။ (နွေရဲ့လက်ရာ ဆောင်းက တွေ့မှာပဲ။)

**Wise**

Wise men make proverbs and fools repeat them.

ပညာရှိသူတွေက စကားပုံတွေ ဖန်တီးခဲ့တယ်။ လူမိုက်တွေက လိုက်ပြောကြတယ်။

He is not wise, who is not wise for himself.

မိမိကိုယ်တိုင်အတွက် အလိမ္မာ မဖက်တတ်သူဟာ ပညာရှိ မဟုတ်။

Wise men has their mouth in their heart, fools their heart in their.

ပညာရှိများက ပြောချင်တာကို မြိုသိပ်ကြတယ်။ လူမိုက်များက ပြောချင်တာမှန်သမျှ ဖွင့်ချကြတယ်။

**Wishes**

If wishes were horses, beggars would ride.

"ဆန္ဒတွေ" သာ မြင်းဖြစ်ခဲ့ရင် သူတောင်းစားတွေ တက်စီးကြမှာပဲ။

**Wiving**

In wiving and thriving a man should take counsel of the world.

မိန်းမယူရာ၊ စီးပွားရှာရာမှာ ကမ္ဘာ့နည်းနာများကို ယူသင့်တယ်။

**Wolf**

The wolf must die in his own skin.

ဝံပုလွေဟာ ဝံပုလွေအဖြစ်နဲ့ပဲ သေရတယ်။ (လူမိုက်ဟာ လူမိုက်အဖြစ်နဲ့ပဲ ဇာတ်သိမ်းရတယ်။)

**Woman**

A woman and a cherry are painted for their own harm.

အလုပ်မှန်သမျှ အန္တရာယ်များတယ်။

A woman conceals what she knows not.

မိန်းမသားဟာ မသိတာကို မပြောဘူး။

**Women**

Women laugh when they can, and weep when they win.

မိန်းမတွေဟာ စွမ်းဆောင်နိုင်တဲ့အခါ ရယ်ကြတယ်၊ အနိုင်ရတဲ့အခါ ငိုကြတယ်။

Women are always in extremes.

မိန်းမတွေ အမြဲ အစွန်းရောက်တယ်။

Women are necessary evils.

မိန်းမဟာ မရှိမကောင်း၊ ရှိမကောင်းပဲ။

**Wonders**

Three wonders of England, the churches, the women, the wool.

အင်္ဂလန်နိုင်ငံရဲ့ အံ့ဖွယ် (၃) မျိုးက၊ ဘုရားကျောင်းတွေ၊ အမျိုးသမီးတွေနဲ့ သိုးမွေးတွေပဲ။

**Woo**

To woo is a pleasure in a young man, a fault in an old.

ငယ်ရွယ်သူအဖို့ လူပျိုလှည့်ရတာဟာ သာယာသလို ရှိပေမယ့် လူကြီးအဖို့ နာကြည်းစရာပဲ။

**Wood**

Wood half burnt is easily kindled.

ခြောက်နေတဲ့ထင်း မီးမွေးလို့ လွယ်တယ်။

**Wool**

There is no wool so white but a dyer can make it black.

ဘယ်လောက်ဖြူဖြူ ဆေးဆိုးသမားကတော့ နက်သွားအောင် လုပ်နိုင်တယ်။

**Word**

A word is enough to the wise.

ပညာရှိဟာ စကားတစ်ခွန်းနဲ့ လုံလောက်တယ်။

**Words**

Words are wind.

စကား ကားတတ်တယ်။

**Workman**

The better workman, the worse husband.

အလုပ်မှာ အာရုံစိုက်လွန်းသူဟာ ခင်ပွန်းကောင်း မဖြစ်နိုင်ဘူး။

**World**

The world is bound to no man.

ကမ္ဘာကြီးဟာ ဘယ်သူ့အတွက်မှ မဟုတ်ပါဘူး။

**Worse**

The worse luck now, the better another time.

ဒီတစ်ကြိမ် ကံဆိုးပေမယ့် နောက်တစ်ကြိမ် ကံကောင်းမှာပေါ့။

**Worth**

The worth of a thing is best known by the want of it.

လိုအပ်မှ တန်ဖိုးသိတယ်။

**Wound**

The wound that bleedeth inwardly is most dangerous.

မြုံနေတဲ့အနာဟာ အန္တရာယ်ပိုကြီးတယ်။

**Write**

Write down the advice of him who loves you, though you like it not at present.

လောလောဆယ် အသုံးမချနိုင်သည့်တိုင် ခင်မင်သူ့အကြံဉာဏ် ဆိုရင် ရေးမှတ်ထားလိုက်ပါ။

## Y

**You**

You cannot make people sober by Act of Parliament.

လူတွေ သမာသမတ်ရှိအောင် ဥပဒေပြဋ္ဌာန်း၍မရ။

**Young**

Young men's knocks old men feel.

ငယ်ကဒဏ် ကြီးရင် ခံရမြဲ။

If the young man would, and the old man could, there would be nothing undone.

လူငယ်နဲ့ လူကြီး ညှိနှိုင်းလုပ်ရင် မပြီးမြောက်နိုင်တာ မရှိ။

A young trooper should have an old horse.

မြင်းတပ်သား လူငယ်တစ်ယောက်ဟာ စစ်ပွဲအတွေ့အကြုံများတဲ့ မြင်းအိုကို စီးသင့်တယ်။ (လူကြီးတွေဆီက ပညာယူသင့်တယ်။ လူကြီးတွေရဲ့ အတွေ့အကြုံတွေကို တန်ဖိုးထားတတ်ရမယ်။)

They who would be young when they are old, must be old when they are young.

အသက်ကြီးလာရင် နုပျိုလန်းဆန်းဖို့ လိုအပ်ပြီး၊ နုပျိုစဉ်မှာ ရင့်ကျက်သင့်တယ်။

**Youth**

In youth we learn; in age we understand.

ငယ်စဉ်အခါ ပညာရှာမှ ကြီးလာတဲ့အခါ တတ်ကျွမ်းနားလည်သူ ဖြစ်လာမယ်။

Youth is ambition, age is experience.

လူငယ်များမှာ ရည်ရွယ်ချက်ရှိကြတယ်။ လူကြီးများမှာ အတွေ့ အကြုံ ရှိကြတယ်။

What youth is used to, age remembers.
ငယ်ဘဝကို ကြီးရင် အမှတ်ရစမြဲ။

**Z**

**Zeal**

Zeal without knowledge is fire without light.
အသိပညာနဲ့မယှဉ်တဲ့ အားထုတ်မှုဟာ အလင်းရောင်မဲ့တဲ့ မီးနဲ့တူတယ်။
Blind zeal can only do harm.
ဆင်ကန်းတောတိုး မလုပ်နဲ့၊ အန္တရာယ်များတယ်။
Knowledge without zeal is light without warmth.
အားထုတ်မှုနဲ့ မယှဉ်တဲ့ အသိပညာဟာ အနွေးဓာတ် မပေးနိုင်တဲ့ အလင်းရောင်နဲ့တူတယ်။

■

There is who despises pride with a greater pride.
ကိုယ့်ကိုယ်ကို အထင်သသရင် လူတကာ အထင်သေးမိမှာပဲ။

The fox changes his skin but not his habit.
မြေခွေးဟာ အရောင်သာပြောင်းတယ် အကျင့်မပြောင်းဘူး။

He thinks not well, that thinks not again.
ကောင်းကောင်းမစဉ်းစားသူဟာ နောက်တစ်ကြိမ် မစဉ်းစားဘူး။

Zeal without knowledge is fire without light.
အသိပညာနဲ့ မယှဉ်တဲ့ အားထုတ်မှုဟာ
အလင်းရောင်မဲ့တဲ့ မီးနဲ့တူတယ်။

Be a camel in the desert of life
ဘဝကန္တာရခရီးထဲမှာ ကုလားအုတ်တစ်ကောင်ဖြစ်ပါစေ။

He is not fit to command others that cannot command himself.
ကိုယ့်ကိုယ်ကို အမိန့်မပေးနိုင်သူ သူများကို အမိန့်မပေးသင့်။

All men are poets at heart.
နှလုံးသားကိုစူးစိုက်ကြည့်ရင် လူတိုင်း ကဗျာဆရာ ဖြစ်သွားသည်။

Truth seeks no corners.
အမှန်တရားအဖို့ ပုန်းခိုနေရာ ရှာစရာမလို။

cover: kyaw khaing